
mgyobe.com

SAMPLE BOOK




# အဝါရောင်ကောင်းကင်

ညိုလေးငယ်

mgyobe.com

mgyoe.com SAMPLE BOOK

အဝါရောင်ကောင်းကင်
ရှိနေသည့်ဘက်အခြမ်းတွင်
ညီ့အတွက်
ကံကောင်းခြင်းတွေ ရှိသည်။
ညီ့ကို
နွေးထွေးစွာ ကြိုဆိုမည့်
မိသားစု ရှိသည်။




အဝါရောင်ကောင်းကင် ( ညီလေးငယ် )
9 782023 000236

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်ငြိမ်အမှတ်စဉ် (၂၃)

## ပုံနှိပ်မှတ်တမ်း



# ညီလေးငယ်

## အဝါရောင် ကောင်းကင်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ

မျက်နှာဖုံးဒီဇိုင်း ♦ **Ancient**

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၈၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်ငြိမ်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ညီလေးငယ်
အဝါရောင် ကောင်းကင် / ညီလေးငယ်။ ရန်ကုန်
စာရိပ်ငြိမ်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၂၈၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၂၃) အဝါရောင် ကောင်းကင်

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှတ်တရစကား

အစက ဒီစာအုပ်လေးအတွက် အမှတ်တရစကား မရေးတော့ဘူးလို့ စိတ်ကူးရှိပေမယ့် သေချာစဉ်းစားကြည့်တော့ ကျွန်တော့်အတွက် အမှတ်တရတွေ များစွာဖြစ်စေခဲ့တဲ့ ဝတ္ထုလေးမို့ ရေးဖြစ်ခဲ့ပါတယ်။

ပထမဦးဆုံးအနေနဲ့ ဒီဝတ္ထုလေးဟာ အစ်မတစ်ယောက်ရဲ့ဖြစ်ရပ်မှန် ဇာတ်လမ်းကို အခြေခံပြီး ရေးထားတာဖြစ်တဲ့အကြောင်း ပြောပါရစေ။ ဒီဇာတ်လမ်း ထဲကအစ်မဟာ သူ့ရဲ့ဖြစ်ရပ်မှန်ဇာတ်လမ်းကို မျက်ရည်တွေနဲ့ ပြောပြပြီး ဝတ္ထုရေး ပေးဖို့ အကြိမ်ကြိမ် တောင်းဆိုခဲ့ပါတယ်။ အစက အိမ်ထောင်ရေး ဇာတ်လမ်း ဖြစ်တာမို့ ကျွန်တော် ရေးနိုင်မယ်မထင်ဘူးဆိုတဲ့စိတ်နဲ့ ရေးဖို့ရှောင်နေခဲ့ပြီး စိတ် အကြည်ဓာတ်ရတဲ့တစ်နေ့မှာတော့ အနည်းငယ် အစပျိုးရေးရင်းက ရေးဖြစ်သွားခဲ့ တယ်။ တစ်ပတ်နှစ်ပိုင်းနှုန်းနဲ့ ပေါ့ပေါ့ပါးပါး ရေးပြီး ကျွန်တော့်ရဲ့ ဖေ့စ်ဘွတ်ခ်ပေ့ချ် မှာ တင်ပေးဖြစ်ခဲ့တယ်။ ရေးတုန်းက ပေါ့ပေါ့ပါးပါးလို့ ထင်ရပေမယ့် ဝတ္ထုတစ်ပုဒ် လုံးပြီးလို့ ပြန်ဖတ်ကြည့်တဲ့အခါမှာတော့ အတော်လေး လူကို လေးလံစေခဲ့တဲ့ ဝတ္ထုဖြစ်ကြောင်း သိခဲ့ရပါတော့တယ်။ ဒီဝတ္ထုကို ရေးခဲ့မိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း အံ့ဩမိရတဲ့အထိပါပဲ။

ရေးပြီးတဲ့အချိန်အထိ ဒီဝတ္ထုကို စာအုပ်ဖြစ်လာဖို့ မျှော်လင့်မထားပေမဲ့ စာဖတ်သူအတော်များများက ဝတ္ထုကို စာအုပ်အဖြစ် ထုတ်ပေးဖို့ လာတောင်းဆို

mgyoe.com

mgyoe.com

ကြတဲ့အခါ စာအုပ်လေးဖြစ်ချင်စိတ် ရှိလာခဲ့တယ်။ ဒါပေမဲ့ ဝတ္ထုက စာမျက်နှာများတာကြောင့် ထုတ်ဝေသူကိုပေးဖို့ အချိန်အကြာကြီး တွန့်ဆုတ်နေမိခဲ့ပါသေးတယ်။ ကိုယ်တိုင်က နာမည်ရစာရေးသူ မဟုတ်တာမို့၊ စက္ကူဈေးတွေ၊ စာအုပ်ထုတ်ဝေမှု စရိတ်တွေ အဆမတန်ကြီးမြင့်နေတဲ့ ဒီကာလမှာ ကိုယ့်စာအုပ်ကို ထုတ်ပြီး ထုတ်ဝေသူတွေ နစ်နာမှာ စိုးရိမ်မိတာအမှန်ပါ။ ဒါကြောင့် ဒီစာမူကို ဘယ်ထုတ်ဝေသူကိုမှ မပေးတော့ဘူးလို့ စိတ်ကူးထားခဲ့မိတယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ ဆရာမ မယ်စုကတဆင့် စာရိပ်မြိုင်စာပေအတွက် စာမူတောင်းလာတဲ့အခါ၊ ကိုယ်တိုင် စာရိပ်မြိုင်စာပေကို သဘောကျ နှစ်သက်ရတာမို့ ဒီဝတ္ထုလေးကို စာရိပ်မြိုင်စာပေရဲ့ ထုတ်ဝေသူကို အားနာနာနဲ့ပဲ ပေးခဲ့မိပါတော့တယ်။ စာရိပ်မြိုင်စာပေက ထုတ်ဝေဖြစ်တယ်ဆိုတာ သိရတော့ ကျွန်တော့်မှာ အတိုင်းမသိ ဝမ်းသာမိတာပါပဲ။

ဒါကြောင့် ဒီစာမူကို ကြားကနေ သတိတရ လှမ်းတောင်းပေးတဲ့ ဆရာမ မယ်စု၊ စာရိပ်မြိုင်စာပေက ထုတ်ဝေသူ ညီလေး ပြည့်အာကာနဲ့ စာရေးချင်စိတ်ဖြစ်အောင် အမြဲတွန်းအားပေးကြပါသော ကျွန်တော့်ရဲ့ စာဖတ်သူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဒီစာအုပ်လေးမှာ မှတ်တမ်းပြုပြောပါရစေ။

ညီလေးငယ်

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အဝါရောင် ကောင်းကင်

လောက၌ လူကောင်း၊ လူဆိုးကို လိင်အမျိုးစားနှင့် ခွဲခြားသုံးသပ်၍မရပါ။ ယောက်ျားများအားလုံးသည် မကောင်းကြသလို အားလုံးသည်လည်း မဆိုးကြပါ။ ထို့ပြင် မိန်းမများအားလုံးသည် မဆိုးကြသလို၊ အားလုံးသည်လည်း မကောင်းကြပါ။

လူတစ်ယောက် လူကောင်းဖြစ်ခြင်း၊ မဖြစ်ခြင်းဆိုသည်မှာ ထိုလူ၏ဗီဇစိတ်နေသဘောထား၊ ထိုလူအား မွေးထုတ်ပေးလိုက်သည့် မိဘအသိုက်အဝန်း၊ ထိတွေ့ခံခဲ့ရသည့် လူမှုပတ်ဝန်းကျင်၊ ထိုလူတစ်ယောက်၏ ခံယူချက်နှင့် ဖြစ်တည်မှုအပေါ် မှာသာ မူတည်ပြီး ကွဲပြားသွားတတ်ကြသည်သာ ဖြစ်ပါသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

ခြေလှမ်းတို့က မပြေးရုံတမယ် ရှေ့သို့ ခပ်သွက်သွက်လှမ်းနေသော်လည်း စိတ်တို့သည် ကျန်ရစ်ခဲ့သော နေရာဆီသို့ တဝဲဝဲလည် ရောက်ရှိနေသည်။ ယခုထိ စိတ်တို့ မပြတ်သားနိုင်သေးပါ။ ငါ ဘာကို မက်မောတွယ်တာနေတာလဲ. . .။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်သည့်အခါ တွယ်တာစရာဆိုလို့ ဘာမှမရှိ။ မရှိပါ။

အမြဲလိုလို ဆူငေါက်တတ်သော အဖေ့ကိုလည်း ညို မလွမ်း။ မိသားစု အဆင်မပြေတိုင်း၊ အဖေနှင့် ရန်ဖြစ်တိုင်း ညို့ကို ဒေါသဖြေရာသက်မဲ့ပစ္စည်း တစ်ခုလို ဆူငေါက်တတ်သော အမေ့ကိုလည်း ညို မလွမ်းပါ။ မိမိကိုဆို အမြဲလိုလို အနိုင်ယူ ဗိုလ်ကျတတ်သည့် မောင်လေးနှစ်ယောက်ကိုလည်း ပိုလို့ မလွမ်းတာ သေချာပါသည်။ မိသားစုတွေ စုံနေသည့်အိမ်သည် သူများတွေအတွက် နွေးထွေးသည့် အသိုက်အမြုံလေးဖြစ်စေဦးတော့ ညို့အတွက်တော့ ငရဲခန်းတစ်ခုပင် မဟုတ်ပါလား။ မဝတ်နိုင်၊ မစားနိုင်ဖြင့် ဘဝကို ချုံးနှိမ်စွာ နေရပြီး ဆန္ဒမှန်သမျှ ခေါက်သိမ်းထားရသောအိမ်တွင် နေ့တိုင်းလိုလို မျက်ရည်များဖြင့် ဖြတ်သန်းခဲ့ရသောဘဝကို ညို မုန်းလှပါပြီ။ နာကြည်းလှပါပြီ။ စိတ်လည်း ကုန်လှပါပြီ။ ထို့ကြောင့် အားလုံးနှင့် ဝေးရာကို ညို သွားတော့မည်။

သတိရလွမ်းဆွတ်ခြင်းတွေ ညို့အပေါ် မရှိပါနှင့်တော့။ ညိုလည်း မရှိနိုင်အောင်နေပါ့မည်။ ဘုရားဟောတရားများကို နာကြားခဲ့ဖူးပါသည်။ ကြုံဆုံခဲ့ရသော

mgyoe.com

 mgyoe.com SAMPLE BOOK 

အတိတ်က ဘဝပေါင်းများစွာထဲတွင် မိသားစုတွေ ရှိခဲ့ဖူးသည်။ အတိတ်ဘဝများစွာမှာ ငှက်ဘဝ ဖြစ်ခဲ့ဖူးလျှင်လည်း ငှက်အဖေနှင့်အမေ ရှိလိမ့်မည်၊ ညီအစ်ကိုမောင်နှမတွေ ရှိလိမ့်မည်။ လူဖြစ်ခဲ့ဖူးလျှင်လည်း လူအဖေနှင့် အမေ၊ ညီအစ်ကိုမောင်နှမ ရှိခဲ့ဖူးမည်။ ယခုတစ်ဘဝတွင်သာ မိသားစုရှိခဲ့သည် မဟုတ်။ မမှတ်မိနိုင်သောဘဝ၊ ဘဝပေါင်းများစွာထဲတွင် မိသားစုများစွာနှင့် ကြုံဆုံခဲ့ရဖူးပြီ။ နောက်ထပ်ရလာဦးမည့် ဘဝများစွာတွင်လည်း နောက်ထပ် မိသားစုပေါင်းများစွာနှင့် ထပ်မံကြုံဆုံရပေဦးမည်။ ထိုသို့ ပြန်တွေးကြည့်လိုက်သည့်အခါ လက်ရှိဘဝ၏မိသားစုကို မစွန့်ပယ်နိုင်စရာအကြောင်း မရှိတော့။ ထိုစိတ်နှင့်ပင် ညိုသည် မိသားစုနှင့် လွတ်ကင်းရာကို ရုန်းထွက်လာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ညိုသည် လွန်ခဲ့သည့် နှစ်များစွာကတည်းကပင် မိသားစုအသိုက်အမြုံမှ ရုန်းထွက်ပျံသန်းဖို့ ခဏခဏ စိတ်ကူးယဉ်ခဲ့ဖူးပါသည်။ သို့သော် လက်တွေ့အကောင်ထည်ဖော်ရန် ညို့အတွက် ထင်သလောက် မလွယ်ခဲ့ပါ။ ယခုအခါမှ ဆုံးဖြတ်ချက်ကို တုံးတုံးချ၍ ထွက်ခဲ့သော်လည်း စိတ်တွေက နောက်ပြန်လှည့်ချင်သလိုဖြစ်နေသည်။ လွမ်းစရာရှိလျှင် နာစရာနှင့် ဖြေရမည်ဟူသော အသိကိုနှလုံးမူကာ ခြေလှမ်းတွေကို မတွန့်ဆုတ်မိစေဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေး၍အားတင်းရပြန်သည်။ သွားစမ်း. . .။ အိမ်နဲ့ ဝေးရာကို သွားစမ်း။ ခြေလှမ်းတွေကို အရှိန်လုံးဝမလျှော့နဲ့။ မလျှော့လိုက်နဲ့။ အားတင်းနေရင်း ရင်ထဲတွင် လှိုက်ခနဲဝမ်းနည်းလာပြန်သည်။

ယခုအချိန်ဆိုလျှင် ညနေစာ ထမင်းအိုးမချက်ရသေးသည်ကို အမေသိသည့်အခါ ညို့ကို ဒေါင်းတောက်အောင် ရှာနေတော့မည်။ မတွေ့လျှင် ဆဲနည်းပေါင်းစုံ ဆဲရင်း အငယ်နှစ်ယောက်ကို လိုက်ရှာခိုင်းလိမ့်မည်။ အငယ်နှစ်ကောင်က စက်ဘီးတစ်စီးနှင့် ညို သွားတတ်သည့် နေရာများကို ရှာရှိုးကိုးပေါက် လိုက်ရှာကြလိမ့်မည်။ ရှာကြစမ်းပါစေ။ ငါ မရှိမှ ငါ့တန်ဖိုးကို နားလည်ကြလိမ့်မယ်။ အဖေအိမ်ပြန် ရောက်သည့်အခါ ညိုပျောက်နေသည့်အကြောင်းကိုသိလျှင် အမေနှင့် ရန်ဖြစ်ပြီး ပြဿနာက ညဉ့်နက်သည်အထိ ပြီးကြမည်မထင်။ ဖြစ်ပါစေတော့။ ဒါတွေ ညို သိစရာ မလိုတော့။ သိလည်း မသိချင်တော့ပါ။ မသိချင်လို့မှ အိမ်နှင့်ဝေးရာကို ထွက်ပြေးလာခဲ့သည် မဟုတ်ပါလား။

အမေနှင့် အဖေ ညို့အပေါ် မကောင်းလို့ မောင်အငယ်နှစ်ယောက်ကိုကြည့်မည်ဆိုတော့လည်း မောင်ငယ်နှစ်ယောက်ကလည်း ညို့အပေါ် ကောင်းမှ

mgyoe.com

မကောင်းတာ။ ၁၂ နှစ်နှင့် ၁၄ နှစ်ဆိုတာ နားလည်တဲ့အရွယ်တွေ ဖြစ်နေပြီ ဆိုသော်လည်း မျက်နှာချင်းဆိုင်သည်နှင့် ညီအစ်ကိုတွေ မဟုတ်သလို နပမ်းလုံး ရန်ဖြစ်ချင်သည်။ မျက်စိရှေ့မှာ မြင်နေရသည့်မို့ ညိုက ကြည့်မနေနိုင်တော့ဘဲ ဝင်ဖြေရှင်းလျှင်လည်း နှစ်ယောက်လုံး၏ဒေါသသည် ညို့ထံကို စုပြုံရောက်လာ တတ်သည်။ လွန်ခဲ့သည့် လပိုင်းကပင် အငယ်ကောင်လေး ထိုးလို့ ညို နှာခေါင်း သွေး လျှံခဲ့ဖူးသည်။ ထို့ပြင် အငယ်နှစ်ယောက်၏ ရန်ပွဲကို ဝင်ဖြေဖျန်ရင်း အခန့် မသင့်ပါကလည်း အဖေ ရိုက်တာကိုပါ ညို ခံရသေးသည်။ တွေးကြည့်တော့ ဘာမှ လွမ်းစရာ မရှိပါ။ စိတ်နာစရာတွေသာ တစ်ခုပြီးတစ်ခု ပေါ်ပေါ်လာစမြဲဖြစ်သည်။ အငယ် နှစ်ယောက်ကိုလည်း ညို မလွမ်းပါ။ ဒီတော့ ညို့မှာ လွမ်းကျန်ရစ်စရာ ဘာများ ရှိပါသေးသလဲ။

နေရာတကာ တင်စီးလွန်းပြီး အိမ်ထောင်ဦးစီးတာဝန်မကျေပွန်သည့် အဖေကို ညို မုန်းသည်။ အဖေ အနိုင်ကျင့်သမျှ ရေငုံနှုတ်ပိတ်ငြိမ်ခံနေသည့် အမေ့ကို သနားသော်လည်း ကြာလာတော့ အမေ့ကိုပါ ညို မုန်းလာမိသည်။ အဖေ့ကိုဆို မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဘာတစ်ခွန်းမျှ စောဒကတက်ပြီး ပြန်မပြောရဲသော အမေသည် အဖေကို မကျေနပ်သည့် ဒေါသမှန်သမျှ ညို့အပေါ် သာ ပေါက်ကွဲပစ်တတ်သည်။ ထိုဘဝကို ညို နာကြည်းလှပါသည်။ တကယ်ဆိုလျှင် ညိုသည် သက်မဲ့ပစ္စည်းမဟုတ်။ စိတ်နှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် လူသား တစ်ဦးဖြစ်သည်။ ထို့ထက် အရှက်နှင့် လူလုပ်သည့် မိန်းမသား အပျိုလေးတစ်ဦး ဖြစ်သည်။ အားငယ်တတ်သည့် မိန်းကလေးတစ်ဦးပင်။ ဒါတွေကို အမေတို့က နှစ်ကာလများစွာ မေ့ထားနိုင်ရက်သည်။ အမေသည် တစ်ခုခုဆို လူရှေ့မရှောင်၊ သူရှေ့မရှောင် ဆူငေါက်တတ်ပြီး ခေါင်းကို ခွပ်ခနဲမြည်အောင် ခေါက်တတ်သေး သည်။ အဖေလည်း ထိုအတိုင်းပင်။ ညို ဘာလုပ်လုပ် အိန္ဒြေမဲ့သည်၊ အပျင်းကြီး သည်ဟု သတ်မှတ်ပြီး နေရာတကာ ချုပ်ချယ်လွန်းသည်။ အိမ်စီးပွားရေး အဆင် မပြေခြင်း၏ ဒေါသသည် သမီးကြီးဖြစ်သူ ညိုနှင့်သာ စပြီး၊ ညိုနှင့်သာ အဆုံးသတ် လေ့ရှိသည်။

ဘယ်လောက်ပင် အလုပ် လုပ်လုပ်ပေး အဖေနှင့်အမေသည် ညို့အပေါ် အကောင်း မမြင်တတ်ပါ။ အဝတ်အစားကောင်းကောင်းတစ်စုံမရှိ၊ နှာနှစ်ဖက် ဟောင်းလောင်းနဲ့ ညို့ဘဝကို ညို မုန်းလှပြီ။ ကြာလာတော့ တစ်ရွာလုံးက အပျို ထဲတွင် ငါသာ ကံအဆိုးဆုံးမိန်းမပျိုပဲဟု ကိုယ့်ကိုယ်ကိုယ် ခံယူလာခဲ့မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ညို့တို့နေထိုင်ရာ ရွာလေးသည် မြို့နှင့် နှစ်မိုင်ကျော်ကျော်လောက်သာ ဝေးပြီး အေးချမ်းသည့် တောင်ပေါ် ရွာလေး ဖြစ်ပါသည်။ ရှမ်း၊ ဓနုတိုင်းရင်းသား အများစုနေထိုင်ပြီး ညိုကတော့ ဓနု၊ ဗမာ ကပြားဖြစ်သည်။ အမေက ဓနုတိုင်းရင်းသူဖြစ်ပြီး အဖေက ဗမာဖြစ်သည်။ တိုင်းရင်းသူပီပီ အမေက အနေအေးသည်။ အဖေ့ကိုကြောက်သည်။ ထို့ပြင် မပွင့်လင်းမှုနှင့် မပြတ်သားမှုထဲတွင် အမေက ထိပ်ဆုံးက ပါသည်။ အဖေနှင့်ပတ်သက်သည့် အရာရာတိုင်းတွင် အမေမှာ ကိုယ့်စိတ်ကိုယ်ကို ချိုးနှိမ်ပြီး ငြိမ်ဝပ်ပိပြားစွာ နေလေ့သည်။ အများတကာအမြင်တွင် လင်သားကို ဘုရားလို ကိုးကွယ်သည့် အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်သော်လည်း ညိုကတော့ အမေ့ကို ထို့သို့မမြင်။ အိမ်ထောင်ဖက်နှင့် ပတ်သက်လျှင် အရာရာ စိုးရွံ့သိမ်ငယ်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသည့် အမျိုးသမီးတစ်ယောက်လို့ မြင်ပါသည်။

အဖေ့အပေါ် အရာရာသည်းခံလွန်းသောကြောင့် အဖေ၏အနိုင်ကျင့်မှုကို အမြဲလိုလိုခံရသည်။ ဥပမာ ဟင်းမကောင်းလို့ဖြစ်စေ၊ အမေ အိမ်လည်သွားလို့ဖြစ်စေ၊ အဖေ ပြန်အပ်ထားသည့်ပိုက်ဆံ ကုန်သွားသည့်အခါဖြစ်စေ အဖေသည် အမေ့ကို ရန်လုပ်ကာ တစ်ခါတလေ လက်ပါ ပါတတ်သည်။ ဘာမှပြဿနာလုပ်စရာမရှိပါက အတိတ်ကအကြောင်းအရာများကို အစဖော်ကာ အမေ့ကို ရန်လုပ်တတ်သည်။ အဖေသည် အမြဲလိုလို မူးရူးသောက်စား နေတတ်သူတော့ မဟုတ်ပါ။ တစ်ခါတလေ အပေါင်းအသင်းများဖြင့် ကြုံဆုံသည့်အခါများမှသာ သောက်စားလာတတ်သည်။ သို့သော် အရက်မမူးလည်း အဖေက ပြဿနာတစ်ခုကို လွယ်လွယ်ဖန်တီးနိုင်သူ ဖြစ်သည်။ ပြဿနာ သေးသေးကို ကြီးအောင်လုပ်ကာ အမေ့ကို ဘယ်လိုပင် ဆူပူကြိမ်းမောင်းနေပါစေ အမေကတော့ သူ့ပုံစံအတိုင်း သည်းခံပြီး သာနေခဲ့သည်။

ညို အမုန်းဆုံးကလည်း ထိုအချက်ပင်။ ကျောပူတာ ခံလိုက်မည်။ နားပူတာတော့ ညို မခံချင်။ အမြဲလိုလို နေရာတကာ တဗျစ်တောက်တောက် လိုက်ပြောသည်ကို ညို စိတ်ပျက်လှ၏။ တချို့သော အဖေ့စကားလုံးများသည် တုတ်နှင့်ရိုက်သည်ထက်ပင် နာလှသည်။ ဖြစ်နိုင်ပါက ထုထောင်းရိုက်နှက်တာကိုသာ ညို ခံလိုက်ချင်ပါ၏။ အမေကတော့ ညို့လို မဟုတ်။ အဖေ ပြောပါများ၍ ထုံသွားသည်လားပင်မသိအောင် မှားမှားမှန်မှန် ဘာမှပြန်မပြောဘဲ ငြိမ်ခံခြင်းမှာ အသားကျနေခဲ့ပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

"နင့်အမေက နင့်အဖေကို ချစ်တာလည်း ပါသလို၊ နင်တို့ကလေးတွေ မျက်နှာကြည့်ပြီး သည်းခံတာလည်းပါ,ပါတယ် ညီုရယ်။ မိခင်ဖြစ်တဲ့ မိန်းမသားတွေဆိုတာ ဒီလိုပါပဲ။ လင်သားနဲ့ သားသမီး ရှိလာပြီဆိုရင် ကိုယ့်ဆန္ဒက ဘယ်တော့မှ အရေးမပါတော့ဘူး။ ဘဝရဲ့အရာအားလုံးဟာ ကိုယ့်သားသမီးနဲ့ ကိုယ့်လင်သားအတွက်ပဲ ရင်းနှီးမြှုပ်နှံပစ်ကြတာ။ အိမ်တွင်းရေးပြဿနာဆိုတာ နင်တို့မိသားစုမှာမှ မဟုတ်ဘူး။ မိသားစုတိုင်းမှာ ရှိကြတယ် ညီု။ ပြဿနာကြီးတာနဲ့ သေးတာပဲ ကွာတယ်။ ဒါကို အရမ်းကြီး လိုက်ခံစားမနေနဲ့။ အချိန်တန် ပြီးသွားလိမ့်မယ်။ သူစိမ်းတွေမှ မဟုတ်တာ ညီုရယ်။ မိသားစုတွေပဲဟာ။ ပြန်အဆင်ပြေလာမှာပေါ့"

ညီုတို့မိသားစုအကြောင်းကို အကုန်သိသည့် အိမ်ဘေးက မဦးကတော့ ရင်ဖွင့်တိုင်း ညီ့ကို နှစ်သိမ့်ရင်း အမေ့ကို ထိုသို့ အကောင်းဘက်ကနေ မှတ်ချက်ပေးလေ့ရှိသည်။ မဦးစကားများသည် မှန်သင့်သလောက် မှန်သော်လည်း အလုံးစုံတော့ လက်သင့်မခံနိုင်ပါ။ လူတိုင်းမှာ ကိုယ့်တန်ဖိုးနှင့်ကိုယ် ရှိသည်။ မိန်းမသားများတွင်လည်း သူ့တန်ဖိုးနှင့်သူ ရှိသည်။ သားသမီးမျက်နှာကိုကြည့်ပြီး လင်ပြုသမျှငြိမ်ခံနေရတာမျိုးတော့ လုံးဝမဖြစ်သင့်ပါ။ တစ်ခါငြိမ်ခံပြီး နောက်ထပ် အကြိမ်ပေါင်းများစွာ အနိုင်ကျင့်ခံရမှာထက်စာလျှင် နဂါးမှန်းသိအောင်တော့ အမောက်ထောင်ပြသင့်သည်။ ညီုကတော့ အမေ့ကို ယခုလို အချိန်ပြည့် သည်းခံပြီး မနေခိုင်းချင်။ ပြဿနာကြီးသွားလည်း ကြီးပါစေ။ ကောက်ရိုးမီးလို ဟုန်းခနဲတောက်ပြီး အချိန်တန်ရင် ငြိမ်းသွားတာမျိုး ဖြစ်စေချင်သည်။ ဖွဲမီးလို မပြီးနိုင်မစီးနိုင် တငွေ့ငွေ့လောင်မြိုက်နေရတာမျိုးကို မုန်းလှသည်။

တစ်ခါတလေတော့ အမေ့ကို ယခုလိုပဲ ငြိမ်ခံမနေဖို့ ညီု ဖျောင်းဖျကြည့်မိသည်။

"အမေရယ်။ အမေက ဘာဖြစ်လို့ အဖေ့ကို ဒီလောက်ထိ သည်းခံရတာလဲ။ အဖေ မဟုတ်တာတွေပြောနေလဲ ငြိမ်ခံနေတော့တာပဲ။ ပြန်အော်လိုက်စမ်းပါ အမေရဲ့။ ဒါမှ နောက်တစ်ခါ မပြောတော့မှာပေါ့။ အမေ့ကိုကြည့်ရတာ သမီးအားကို မရဘူး။ တကယ်ပဲ"

ထိုအခါ အမေက ညီ့ကို အပြုံးနဲ့သာ အေးအေးလူလူ ပြန်ပြောတတ်သည်။

"လူတစ်ယောက်ကို ဆိုးတဲ့ဘက်ကချည်း ကြည့်လို့မရဘူးလေ သမီးရယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သမီးအဖေမှာလဲ ကောင်းတဲ့အချက်တွေ အများကြီး ရှိပါတယ်။ ဒီလိုပဲ လင်ရယ်၊ မယားရယ် ဖြစ်လာပြီဆိုရင် သူက တင်းရင် ကိုယ်က လျှော့ရတယ်လေ။ နှစ်ဦးလုံး တင်းနေရင် အပြတ်ပြတ်နဲ့ နှာခေါင်းသွေး ထွက်ကုန်မှာပေါ့"

"အို. . . အမေကလည်း။ ဖြစ်ချင်ရာဖြစ်စမ်းပါစေ။ မဟုတ်တာပြော နေတာတော့ ငြိမ်ခံနေစရာ မလိုပါဘူး။ အဲဒါ အမေ သည်းခံနိုင်တာ မဟုတ်ဘူး။ အမေ အ,တာ။ အမေ အ,လို့ အဖေက အနိုင်ကျင့်နေတာ။ အမေ အ,တာ အကြောင်း မဟုတ်ဘူး။ သမီးကတော့ ၁၂ ရာသီ ပူညံပူညံလုပ်နေတာ တော်တော်လေး စိတ်ကုန်နေပြီ"

"တော်စမ်း မြခွာညို။ ကိုယ့်အဖေပြောတာပဲ တခြားသူ ပြောတာမှ မဟုတ်တာ။ ဘာလို့ အဲဒီလောက်ထိ ဖြစ်နေရတာလဲ။ နင်တို့တွေ သူစိမ်းတွေနဲ့ မနေဖူးသေးလို့။ အဲဒီအခါကျ ကိုယ့်မိဘဆဲဆိုတဲ့စကားတွေဟာ ပန်းနဲ့ ပေါက်သလောက် ပဲရှိတယ်ဆိုတာ သိလာလိမ့်မယ်"

အမေကို ပြောမနိုင်သည့်နောက်ဆုံးတွင်တော့ ညိုသည် မျက်နှာကို ဆူပုပ်ထားလိုက်ရုံမျှသာ တတ်နိုင်ပါတော့သည်။

ညိုတို့မှာ မောင်နှမ ၃ ယောက်ရှိသည်။ ညိုက သမီးအကြီးဆုံးဖြစ်ပြီး ညိုအောက်မှာ မောင်လေးနှစ်ယောက် ရှိသည်။ တစ်ယောက်ကို တစ်နှစ်ကျော်သာ ကွာသည်။ ယခုဆို အငယ်ဆုံး ဂျစ်တူးလေးက ၁၂ နှစ်အရွယ် ရှိပြီး၊ အလတ်ကောင် သားပြည့်ကတော့ ၁၄ နှစ်အရွယ်ဖြစ်သည်။ ခိုင်းမလောက်သေးသည့် အရွယ်မို့ အဆင်မပြေသော်လည်း ကျောင်းထားပေးရပြီး ဘယ်နေရာမှ အားကိုးလို့မရပါ။ ညိုက အကြီးဆုံးပီပီ မိသားစု၏ဒဏ်ကို အခံရဆုံးဖြစ်သည်။ မိန်းကလေးပေမို့ အိမ်မှုကိစ္စ အကုန်လုပ်ရသည်။ ပြဿနာ အမြဲဖြစ်တတ်သော အမေနှင့်အဖေကြား တွင် အမြဲလိုလို ကြားညှပ်ရသူတစ်ယောက် ဖြစ်သည်။ အဖေမျက်နှာ အရိပ်အကဲကို ကြည့်ကာ အမြဲလိုလို ကြောက်ရွံ့အားငယ်စွာ နေရသည်။ အဖေသည် မိသားစုကို တစ်ခုမဟုတ်တစ်ခု ပြဿနာလုပ်နေရမှ ကျေနပ်သည်လား မသိပါ။ ညို မှတ်ထားသလောက် တစ်နေ့မှ ကြည်ကြည်သာသာ ပြီးဆုံးသွားသည် မရှိ။ စကားပြောလျှင် တင်းစီးပြီး သားမယားကိုဆို အမြဲလိုလို အထင်သေးတတ်သည်။ အိမ်ထောင်ဦးစီးကိုယ်တိုင် ထိုသို့ဖြစ်နေသောကြောင့် ညိုတို့မိသားစုသည် ပျော်မွေ့စရာ နည်းနည်းမှ မရှိသည့် မိသားစုဖြစ်၏။

မိသားစုကို အရိပ်ပေးသောသူသည် အိမ်ထောင်ဦးစီးဖြစ်ပြီး၊ ပေးသော

mgyoe.com

mgyoe.com SAMPLE BOOK

အရိပ်အေးမြခြင်း၊ မအေးမြခြင်းဆိုသည်မှာလည်း အိမ်ထောင်ဦးစီးအပေါ် မှာသာ မူတည်သည်။ အမေနှင့် ညီတို့မောင်နှမတို့၏ ပျော်ရွှင်မှု၊ အေးချမ်းမှုသည် အဖေ့ မျက်နှာ အရိပ်အကဲပေါ် မှာသာ မူတည်နေသည်ကို အဖေတစ်ယောက် သိစေချင် လှသည်။

ညီတို့မိသားစုသည် ဟိုးအရင်ကတည်းက ယခုလိုပြဿနာတွေ မျိုးစုံတက် နေသည့် မိသားစုတော့ မဟုတ်ပါ။ ညီတို့မိသားစုမှာလည်း သာယာသည့်နေ့ရက် များစွာ ရှိခဲ့ဖူးပါသည်။ ညီမှတ်မိသလောက် ညီ့အသက် ၁၇ နှစ်အရွယ်လောက် ထိ ညီတို့မိသားစု အဆင်ပြေ ပျော်ရွှင်ခဲ့ပါသည်။ မိသားစုပျော်ရွှင်မှုသည် အိမ် ၏ ဝင်ငွေပေါ် မှာ ဗဟိုပြု၍လည်ပတ်နေသောကြောင့် ပျော်ရွှင်ခဲ့ရသော ထိုအချိန် များသည်ကား အဖေအလုပ်၌ ဝင်ငွေကောင်းနေသော အချိန်ဖြစ်ခဲ့သည်။ သာမန် မိသားစုများ၏ထုံးစံအတိုင်း ညီတို့မိသားစု၏ဝင်ငွေသည် အိမ်ထောင်ဦးစီးဖြစ်သည့် အဖေ့ထံမှသာ စီးဆင်းရသောကြောင့် အဆင်ပြေခြင်း မပြေခြင်းမှာလည်း အဖေ့ ဝင်ငွေအပေါ် မှာသာ မူတည်ခဲ့သည်။

အဖေ့အလုပ်သည် မြို့စွန်တွင်ရှိသော ပုဂ္ဂလိကသစ်ခွဲစက်တွင် မန်နေဂျာ တစ်ဦးဖြစ်သည်။ ထိုအချိန်က ညီတို့မြို့တွင် အသေးစား သစ်ခွဲစက်များ တော်တော် များများ ရှိကြပါသည်။ သစ်စက်များသည် တရားဝင်ခြင်း၊ မဝင်ခြင်းတော့ ညီ မသိ။ မဖွံ့ဖြိုးသည့် နယ်မြို့လေးမို့ တောထဲမှ သစ်များကို ခုတ်ပြီး မိမိတို့သဘောဆန္ဒ အလျောက် သစ်ခွဲရောင်းချကြသည်မှာတော့ ထူးဆန်းသည့် အလုပ်မဟုတ်တော့ ပါ။ ပိုက်ဆံနည်းနည်းရှိသူများသည် မြို့အာဏာပိုင်တချို့နှင့်ပေါင်းကာ သစ်စက် ထောင်ပြီး ချမ်းသာသထက် ချမ်းသာလာလေ့ ရှိသည်။ သစ်စက်တွင် သစ်ခွဲသည့် အဖွဲ့ကသပ်သပ်၊ တောထဲတွင် သစ်ခုတ်သည့်အဖွဲ့က သပ်သပ်ဖြစ်၏။ အဖေသည် ထိုအဖွဲ့များ အားလုံးကို စီမံခန့်ခွဲရသည့် မန်နေဂျာဖြစ်သောကြောင့် သစ်စက်ရှိ ရာမြို့နှင့် သစ်ခုတ်ရာတောထဲသို့ ကူးချည်သန်းချည် လုပ်ရသည်။ ထို့ပြင် အလုပ် သမားများ၏အလုပ်ခများ၊ ကားကြေး၊ လမ်းကြေးများပါမက သစ်ရောင်းချသည့် ငွေများပါ အဖေ ကိုင်တွယ်စီမံခန့်ခွဲရသည်။ စက်ရုံပိုင်ရှင်သည် အဖေနှင့်သာ အကုန်လွှတ်ထားတတ်သောကြောင့် သစ်စက်၏ပိုင်ရှင်သည် အဖေလိုဖြစ်နေသည်။ ကိစ္စကြီးငယ်မှန်သမျှ အဖေပင် ဖြေရှင်းရသလို၊ အကျိုးအမြတ် ခံစားခွင့်လည်း များပါသည်။

ထိုအချိန်က အမေနှင့် အဖေသည် ငွေကို လက်ဖျားသီးအောင် သုံးနိုင်

mgyoe.com

mgyoe.com

သည်။ ငွေရှိသူတို့၏ထုံးစံအတိုင်း အခြေအရံ အသိုက်အဝန်းတွေ များလှသည်။ အဖေ က ကြွားကြွားဝါဝါ နေတတ်သည်။ အမေက အမြောက်ကြိုက်သည်။ ထို့ပြင် နှစ်ဦးစလုံး စေတနာအရင်းခံများလည်း ကောင်းကြသည်။ ထိုသူနှစ်ဦး ပေါင်းမိကြသောကြောင့် မြှောက်စားသူများကိုလည်း ပေးကမ်းသလို၊ ကပ်စားသူများကိုလည်း စွန့်ကြဲကြသည်။ ထိုသူများကပင် အဖေတို့၏ငွေအား တဖြည်းဖြည်းဖဲ့ယူ နေကြသည်ကို အဖေနှင့်အမေ မသိခဲ့။ ဤသို့လျှင် လင်ဗန်းဖင်မဆုပ်မိသလို၊ အိတ်ပေါက်နဲ့ ဖားကောက်ကြသလို ရေရေရာရာ စုမိ၊ ဆောင်းမိ မရှိပါဘဲ အိမ်တွင် ငွေသည် ဝင်လိုက်၊ ထွက်လိုက်ဖြင့် ရေရှင်တွေလိုသာ တသွင်သွင်သာ စီးဆင်းခဲ့ပါသည်။

လူ့ဘဝတွင် ကံကောင်းခြင်းသည် မိမိထံသို့ တစ်ကြိမ်တစ်ခါသာ ရောက်လာတတ်ပြီး ရောက်လာသည့် ကံကောင်းခြင်းကိုလည်း အကျိုးရှိအောင် အသုံးချတတ်ဖို့ လိုပါသည်။ အဖေနှင့် အမေသည် ထိုသို့ကံကောင်း၍ ချမ်းသာကြွယ်ဝခြင်းကို အသုံးမချတတ်ခဲ့ပါ။ ပိုက်ဆံကို လွယ်လွယ်ရသူများပီပီ အရာရာပေါ့ပျက်ပျက်တွေးပြီး သုံးပစ်တတ်သည်။ ပိုက်ဆံကို အမြဲတမ်း ရနေလိမ့်မည်ဟု အမေတို့ထင်မှတ်ထားခဲ့သည်။ ရေရှည်အတွက် စုဆောင်းထားခြင်းမရှိဘဲ ရရစားစားဖြင့်သာ အချိန်တွေ ကုန်လွန်လာခဲ့သည်။

တစ်ခုသော နေ့တစ်နေ့မှာတော့ ညီတို့မိသားစုကို ပြောင်းပြန်လှန်ပစ်မည့် သတင်းတစ်ခုကို အဖေက ယူဆောင်လာခဲ့ပါသည်။

မှတ်မိသေးသည်။ ထိုနေ့က မိုးသည် တစ်မနက်လုံး မှိုင်းညို့ရီမှောင်ကာ သည်းကြီးမည်းကြီး ရွာသွန်းနေလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း စိုစွတ်ကာ အေးစက်လျက်ရှိ၏။

အိမ်တွင်တော့ ထုံးစံအတိုင်း အမေသည် အိမ်အလည်လာကြသည့် ရွာထဲက အပေါင်းအသင်း သူငယ်ချင်းများကို စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံနေသည်။ ယခုကဲ့သို့ပင် ရွာထဲက အမေ့အပေါင်းအသင်းတစ်စုတို့သည် အမြဲလိုလို အိမ်သို့ အလည်လာပြီး စားသောက်တတ်ကြသည်။ အမေကလည်း လာပြီဆိုသည်နှင့် အိုးကြီးအိုးငယ် အသွယ်သွယ်ဖြင့် ချက်ပြုတ်ကျွေးမွေးတတ်၏။

"ဆရာကတော်က ချောလာတယ်၊ လှလာတယ်၊ စေတနာ ကောင်းတယ်။ ဆရာကတော် ရှိနေလို့သာ ကျွန်မတို့တွေ အနေအစားချောင်တာ။ တစ်ခုခု အကူအညီလိုရင် ဆရာကတော်မျက်နှာပဲ ပြေးမြင်မိတာပဲ။ ဆရာကတော်က ကျွန်မတို့ရဲ့ ကျေးဇူးရှင်ပါ" စသဖြင့် မြှောက်ပြောသမျှကို အဟုတ်ထင်ပြီး အမေက ပေးကျွေးလေ့

mgyoe.com

ရှိသည်။

ထိုနေ့က ညနေစောင်းချိန်ထိ အမေတို့အဖွဲ့သည် အိမ်တွင် လူစုမကွဲကြသေးပါ။ မိုးအေးအေးနဲ့ စကားပြော၊ ရေဒီယိုနားထောင်ရင်း ပွဲကျနေကြသည်။

ထိုအချိန်က ညီသည် အိမ်အောက်ထပ်က ခုံလေးပေါ်တွင်ထိုင်ပြီး ဝတ္ထုစာအုပ်ဖတ်နေသည်။ ဂျစ်တူးနှင့် သားပြည့်က ဘောလုံး တစ်ယောက်တစ်လုံးနဲ့ အိမ်တိုင်တွေကို တဘုန်းဘုန်းမြည်အောင် ပစ်ကန်နေကြသည်။ အဖေသည် တဖွဲဖွဲကျနေသော မိုးရေထဲ စက်ဘီးကို နင်းပြီး အရေးတကြီး အိမ်သို့ရောက်ရှိလာ၏။ အဖေ့ကိုတွေ့သည်နှင့် ညီသည် ဖတ်နေသည့် ဝတ္ထုစာအုပ်ကို ကမန်းကတန်း ဖွက်လိုက်သော်လည်း အဖေကတော့ မြင်သွားသည်ထင်သည်။ အဖေသည် ညီ ဝတ္ထုစာအုပ် ဖတ်သည်ကို မကြိုက်ပါ။ ညီ့ကို ဆူတော့မည်ဟု ထင်သော်လည်း အဖေသည် ဘာကိုမှ သတိမမူနိုင်သလို ညီ့ အနီးသို့ ရောက်လာသည်။ အဖေ့ တကိုယ်လုံး မိုးရေများစိုရွှဲနေသည်။ ဝတ်ထားသောစွပ်ကြယ်အင်္ကျီ အဖြူရောင်သည် ရွှဲစိုကာ အသားတွင် ကပ်နေသောကြောင့် အဖေ့ဗိုက်ပူပူက အရှေ့သို့ ငေါ်ထွက်နေသည်ကို အတိုင်းသားမြင်နေရသည်။ ရေစိုနေသော ဆံပင်များကို ထိုးသပ်တင်ကာ လှမ်းပြောသည်။

"သမီး. . . နင့်အမေကော. . ."

"အပေါ်မှာ ရှိတယ်လေ အဖေ. . . ရွာထဲက အမေ့အပေါင်းသင်းတွေလည်း ရောက်နေတယ်"

ပြောနေစဉ် အမေတို့အုပ်စု၏ရယ်သံက အောက်ထပ်သလို့ လွင့်ပျံ့လာသည်။ အဖေက မျက်မှောင်ကုတ်ကာ အပေါ်သို့ လှမ်းကြည့်ပြီး ပြော၏။

"ဟူး. . . ဒီကောင်မနဲ့တော့ ခက်ပြီ။ အရေးထဲ ဟီလာရိုက်နေသေးတယ်။ သမီး သွား. . . နင့်အမေကို တိုးတိုးတိတ်တိတ် သွားခေါ်ချည်။ တခြားသူတွေ မသိစေနဲ့နော်"

"ဟုတ်. . . ဟုတ်. . ."

ညီက အိမ်ပေါ်သို့ ခပ်သော့သော့တက်ကာ အမေ့ကို ခေါ်လိုက်သည်။ အမေ အိမ်အောက်သို့ရောက်သည့်အခါ အဖေက အမေ့လက်ကို ဆောင့်ဆွဲကာ ခပ်တိုးတိုးပြောသည်။

"မိန်းမ ငါတို့တော့သွားပြီ။ တရားမဝင် သစ်ခိုးထုတ်မှုနဲ့ ငါတို့သူဌေးကို ဖမ်းသွားပြီ။ မန်နေဂျာဖြစ်တဲ့ ငါ့ကိုပါ ဖမ်းကြမယ်ထင်တယ်။ ငါတို့ ပြင်ဆင်ထား

mgyoe.com

mgyde.com SAMPLE BOOK

ရမယ်"

"ဟင်. . . ဟုတ်လား။ ဘုရားဘုရား ဒုက္ခပါပဲ။ ဒါဆို ဘယ်လိုလုပ်မလဲ ကျွန်မတို့။ ရှင် အဖမ်းခံရလို့ မဖြစ်နော် ကိုကျော်နိုင်။ ရှင် အဖမ်းခံရရင် ကျွန်မတို့ သားအမိကို ဘယ်သူ လုပ်ကျွေးမှာလဲ"

"မင်းကလည်း အရေးထဲ ငတ်မှာ ကြောက်နေသေးတယ်။ ခုလောလော ဆယ်တော့ ငါ ကြည့်ရှောင်နေရမှာပဲ။ တကယ်လို့ ရဲတွေ ဘာတွေရောက်လာခဲ့ရင် ငါ အိမ်ပြန်မလာတာ ၃ ရက်လောက်ရှိပြီလို့ ပြောလိုက်သိလား။ မင်းတို့ သားအမိ တွေကိုတော့ ဘာမှလုပ်မှာ မဟုတ်ပါဘူး။ ငါ ရှောင်နေပြီး အခြေအနေ ငြိမ်မှပြန် ခဲ့မယ်။ အခု မင်းဆီမှာ ပိုက်ဆံ ဘယ်လောက်ရှိလဲ။ ရှိသလောက် ငါ့ကို ပေးလိုက် ဦး"

"ကျွန်မမှာ ပိုက်ဆံကအများကြီး ဘယ်ရှိတော့မလဲ။ သုံးသောင်းတောင် ပြည့်ပါတော့မလား မသိဘူး"

"ဘာကွ. . .။ မင်းကို ဟိုတစ်ပတ်ကမှ ရှစ်သောင်း ပေးထားတာလေ။ ဘယ်ရောက်ကုန်တာလဲ"

"ပိုက်ဆံက အသုံးမခံတာ ကုန်ပြီပေါ့။ ကျွန်မလည်း ဘာမှမလုပ်ရဘူး"

"အေး. . .။ မင်းပြောလိုက်ရင် ဒီလိုပဲ ဘာမှမသိသလို ဘာလိုနဲ့။ ငါ နားရင်းရိုက်ရင် သေတော့မယ် ဒီကောင်မ။ နောက်မှ ဒီကိစ္စ အေးဆေးရှင်းမယ်။ ရှိသလောက် ငါ့ကို အခု ပေးလိုက်"

ထိုနေ့က အဖေသည် အမေ ထုတ်ပေးလိုက်သည့် ပိုက်ဆံထောင်တန် ထုပ်လေးကို ရေစိုနေသည့် ပုဆိုးခါးပုံစထဲ လုံးထွေးထည့်ကာ စက်ဘီးကို ခပ် သွက်သွက်နင်း၍ မိုးရေထဲ ပြန်ထွက်သွားခဲ့သည်။ ညီသည် ကိစ္စအားလုံးကို သိလိုက်ရပြီး အတွေးပေါင်းများစွာဖြင့် ကျန်ရစ်ခဲ့ရ၏။

ထိုပြဿနာသည် ထိုမျှနှင့်ပင် မပြီးသွားဘဲနောက်နေ့တွင် အဖေ အဖမ်းခံ လိုက်ရသည်။ အမေ့တွင်ရှိသော လက်ဝတ်လက်စားများအပြင်၊ အိမ်မှာရှိသည့် ကက်ဆက်တွေ၊ တီဗွီတွေ၊ စက်ဘီးတွေပါ ရောင်းချပြီး အဖေ့အတွက် အမှုလိုက် ပေးရ၏။ ၆ လလောက် အချုပ်အနှောင်ကျပြီး အဖေ ပြန်ရောက်လာသည့်အခါ အိမ်မှာ အခွံသာရှိတော့။ အဖေ အလုပ်ကောင်းစဉ်က သစ်စက်က သစ်များဖြင့် နှစ်ထောင်ပျဉ်ထောင်အိမ်လေး ဆောက်ထားလို့သာ အိမ်ကောင်းကောင်းနေဖို့ ကျန်ခဲ့သေး၏။ ပိုက်ဆံမရှိတော့သည့်အခါ အရင်က အမေ့ထံတွင် ဝိုင်းဝိုင်းလည်

mgyoe.com SAMPLE BOOK

ခဲ့သော အပေါင်းအသင်းများသည် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်တော့သည်။ ထိုအခါမှ အမေနှင့် အဖေသည် နောင်တ ကောင်းကောင်းရ၏။ သို့သော်လည်း အချိန်နှောင်းသွားခဲ့သည်။ ကိုယ့်မှာ မရှိသည့်အခါ ပိုက်ဆံတစ်ထောင်လောက်ပင် တခြားသူထံက အကူအညီမရခဲ့ပါ။ ထို့ပြင် အရင်က အမေတို့အား ကျေးဇူးရှင်ဟု သတ်မှတ်ခဲ့သောသူများသည် အမေတို့ကို ရှိသည်ဟုပင် မသတ်မှတ်ကြတော့ပါ။ ကြောက်စရာ လူ့လောကကြီးပါတကား။

ထိုအချိန်မှစပြီး မောင်လေးနှစ်ယောက်ကို ကျောင်းဆက်ထားသော်လည်း ဆယ်တန်းတစ်နှစ်ကျပြီး ညီကတော့ ကျောင်းထွက်လိုက်ရသည်။ အထည်ကြီးပျက်တို့၏ ထုံးစံအတိုင်း အမေတို့သည် ဆင်းရဲချို့တဲ့သောဘဝတွင် မနေနိုင်ကြတော့ဘဲ ပြဿနာက တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ဖြစ်လာသည်။ အဖေသည် အမေအရင်က အဖေပြန်အပ်သမျှ ငွေတွေကို မစုမဆောင်းဘဲ အသုံး ဖြုန်းကြီးခဲ့မှုကို နင်းပြောပြီး အမေ့ကို နေ့ရှိသရွေ့ ပြဿနာလုပ်သည်။ အမေကလည်း ကိုယ့်အပြစ်နှင့်ကိုယ်မို့ ခေါင်းငုံ့ခံရင်း အဖေ့ကို တစ်ခုမှ စောဒကတက် ပြန်မပြောနိုင်ပါ။ အဖေဆူလည်း ခံသည်။ နာအောင်ပြောလည်း ခံသည်။ ရိုက်လည်း ခံသည့် ခန္တီပါရမီနှင့် ပြည့်စုံသူဖြစ်လာခဲ့သည်။

နောက်ဆုံး မိသားစုမီးဖိုဆောင်စရိတ်ပင် မရှိတော့သည့်အခါ အမေနှင့် ညီသည် ဈေးရောင်းသည့်အလုပ်ကို လုပ်ကြည့်သည်။ ရွာထဲတွင် ကုန်စိမ်းများကို ညနေဘက်၌ သားအမိနှစ်ယောက် စက်ဘီးတစ်စီးနှင့် လိုက်ဝယ်ပြီး နောက်တစ်နေ့မနက် ဝေလီဝေလင်းအချိန်တွင် မြို့သို့စက်ဘီးလေး တွန်းကာ သွားရောင်းကြသည်။ အရမ်းကြီး အဆင်မပြေသော်လည်း စားလောက်ရုံတော့ရ၏။

အဖေသည် ငွေများများ သုံးခဲ့သူပီပီ လက်ရှိဘဝ၏ ဆင်းရဲနုံချာမှုကို မခံနိုင်ပါ။ အရင်က ရွှေထီးဆောင်းခဲ့သည့်အချိန်များကို တမ်းတလွမ်းမောရင်း တစ်ခါတလေ အရက်သောက်ရင်း ငိုသည်။ တစ်ခါတလေ ဒေါသတကြီး အမေ့ကို ရိုက်သည်။ အခန့်မသင့်လျှင် ညီ့ပါ အရိုက်ခံရတတ်သည်။ အဖေ့မျက်စိရှေ့မှာ မြင်နေရသည့် မိသားစုဝင်တိုင်းသည် မည်သူမှ အပြစ်မလွတ်ကြ။ တခြားအလုပ်လုပ်ဖို့ကိုလည်း အဖေ မစဉ်းစားတော့။ တော်ရုံအလုပ်များကို အဖေက မလုပ်နိုင်ဟု ကိုယ့်ကိုယ်ကိုယ် ညာသည်။ အရင်လို သစ်စက်တွင် မန်နေဂျာ ပြန်လုပ်ခွင့်ရဖို့အတွက် အဖေ မျှော်လင့်နေသော်လည်း သစ်စက်အလုပ်သည် ယနေ့ထိ ပြန်လည်ဦးမော့လာခြင်း မရှိတော့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

နေ့ရှိသရွေ့ ပြဿနာ တစ်ခုမဟုတ်တစ်ခု ဖြစ်နေသော အိမ်တွင် ကြာတော့လည်း ညို မနေချင်တော့. . .။ အမြဲပြဿနာဖြစ်နေတတ်သော ညိုတို့မိသားစု အကြောင်းကို တစ်ရွာလုံး သိနေကြပြီဖြစ်သောကြောင့် အပျိုတစ်ဦးဖြစ်သည့် ညို သည် ရှက်လာမိသည်။ ပြဿနာဖြစ်တိုင်း အမေက ကြိတ်ခံသော်လည်း အဖေက တစ်ရွာလုံးကြားအောင် အော်ဆဲကာ သောင်းကျန်းသည်။ မြင်မြင်ရာပစ္စည်း အကုန် ရိုက်ခွဲတတ်သည်။ ထိုသို့ ပြဿနာဖြစ်သည့်အခါ အငယ်နှစ်ယောက်က ဘာမှမဖြစ် သလိုနေနိုင်ကြသော်လည်း ညိုကတော့ ချောင်တစ်ခုမှာ ကြိတ်ငိုရင်း အိမ်နှင့်အဝေး ဆုံးသို့သာ ထွက်ပြေးလိုက်ချင်မိ၏။ သို့သော်လည်း ဘယ်သို့ထွက်ပြေး၍ ထွက်ပြေး ရမှန်း ညို မသိပါ။ ညိုတို့မိသားစု ဘယ်တော့များမှ အေးချမ်းမှုရနိုင်ပါ့မလဲ။

မိသားစု၏အနာဂတ်ကိုတွေးရင် ညို ရင်မောလှပါသည်။

❑

လူတို့သည် မိမိဝမ်းနည်းနေသည့်အချိန်တွင်ဖြစ်စေ၊ အထီးကျန်နေသည့် အချိန်တွင်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အား မိမိခံစားနေရမှုအကြောင်းများကို အလွန်အမင်း ရင်ဖွင့်ပြချင်နေသည့်အချိန်မျိုးတွင်ဖြစ်စေ မိမိခံစားချက်အား နား လည်ပေးပြီး ရင်ဖွင့်ပြလို့ရသည့် လူတစ်ဦးတစ်ယောက်နှင့် ဆုံတွေ့ရပါက ထိုလူအား စွဲလမ်းမိသွားတတ်ကြပါသည်။ ညို့ဘဝတွင်လည်း ထိုသို့လူတစ်ဦးနှင့် ဆုံတွေ့ ခဲ့ဖူးပါသည်။

ထိုအမျိုးသားနှင့် ဆုံတွေ့ခဲသည့်နေ့က ညိုသည် ကိုယ့်ဘဝကိုယ် အား မလို အားမရဖြစ်ပြီး အလွန်တရာ ဝမ်းနည်းနေသည့် အချိန်ဖြစ်နေခဲ့သည်။

ထိုနေ့က မြူတွေရစ်ဆိုင်းနေသည့် ဆောင်းမနက်ခင်းတစ်ခု၏ ဝေသီ ဝေလင်းအချိန်တွင် ညိုနှင့် အမေသည် စက်ဘီးကလေးတွန်းကာ နေအိမ်မှ ဈေးသို့ ထွက်ခဲ့ပါသည်။ ဆောင်းမနက်ခင်းဝယ် ပတ်ဝန်းကျင်တစ်ခုလုံး အေးစက်နေပြီး လရောင်အကြွင်းအကျန်တချို့ကြောင့် မှိုင်ပျပျ လင်းလျက်ရှိသည်။ အမေသည် မုန်ညှင်းရွက်၊ ကန်စွန်းရွက်စသည်ဖြင့် ဝန်ပေါ့သည့် အရွက်များထည့်ထားသော ဇရာမ ခြင်းတောင်းကြီးကို ရွက်ကာ ညို့ဘေးကနေ လျှောက်ရင်း ထက်ကြပ်မကွာ လိုက်လာခဲ့သည်။ ညိုကတော့ ဝန်စည်စလယ်များတင်ထားသည့် စက်ဘီးကို သတိ ထား တွန်းရင်း ခပ်မှန်မှန်လျှောက်နေ၏။ သားအမိနှစ်ယောက်လုံး စကားမပြော ဖြစ်ကြပါ။

လူတို့သည် ရင်ထဲမှာ ပြောစရာစကားတွေနှင့် ပြည့်နှက်လွန်းနေသည့်

mgyoe.com

mgyoe.com SAMPLE BOOK

အခါ ဘာမှ ထုတ်မပြောပြချင်တော့လောက်အောင် တိတ်ဆိတ်သွားတတ်ကြသည် ထင်သည်။ ထိုနေ့က အမေရော ညီပါ ကိုယ့်အတွေးနဲ့ကိုယ် စိတ်ညစ်နေကြသည်။ တစ်မနက်လုံး အမေ့ထံမှ စကားတစ်ခွန်းမှ ထွက်မလာသလို ညီလည်း အမေ့ကို ပြောစရာစကားတွေ ရှိမနေခဲ့ပါ။ ဆောင်းမနက်ခင်းအလယ်တွင် စက်ဘီး ဘီးလည်သံနှင့် သားအမိ နှစ်ယောက်၏ ခြေသံ တဖြောက်ဖြောက်သာ ပျံ့လွင့်လျက် ရှိနေသည်။

ကြာတော့ ညီသည် စက်ဘီးတွန်းနေရင်း ငိုက်ချင်သလို ဖြစ်လာသည်။ မျက်လုံးကို တင်းကျပ်စွာမှိတ်လိုက်၊ ပြန်ဖွင့်လိုက်လုပ်ရင်း ဝါးခနဲ သမ်းလိုက်မိ၏။ မနေ့ညတစ်ညလုံး အဖေ သောင်းကျန်းထားသောကြောင့် ညီတို့သားအမိတွေ ကောင်းကောင်း အိပ်မရခဲ့ပါ။ ထုံးစံအတိုင်း သန်းခေါင်ကျော်မှ ပြန်လာသော အဖေသည် ဟင်းမကောင်းရာက အမေ့ကိုရန်လုပ်ပြီး ဟိုဟာရိုက်ခွဲ၊ ဒီဟာရိုက်ခွဲနှင့် သောင်းကျန်းနေသည်။ စကားလုံးတွေနှင့် မခံချိမခံသာအောင် ဆဲဆိုပြီး ညတစ်နာရီကျော်လောက်မှ အိပ်သွား၏။

မနက် လေးနာရီထိုးခါနီးတော့ အမေနှင့် ညီက ထပြီး ဈေးရောင်းထွက်ဖို့ပြင်ရသည်။ အရုံသင့် လှာထားသော အသီးအရွက်တို့ကို မပွန်းပဲ့စေရန် ဈေးခြင်းတောင်းကြီးထဲ ပုဆိုးရေစိုများဖြင့် အထပ်ထပ်ထုပ်ကာ သေချာထည့်ရသည်။ ဝန်ပေါ့သည့် ခြင်းတောင်းတစ်တောင်းကို အမေကရွက်ပြီး၊ တစ်တောင်းကို စက်ဘီး ကယ်ရီယာခုံနောက်မှာ ကြိုးနဲ့ သေချာတုပ်ချည်သည်။ ထို့နောက် တခြား ဟင်းသီးဟင်းရွက် ... ဟာဟီရ ဖြစ်သည့် အလေးတို့၊ ဈေးချရောင်းရန်အခင်းတို့ ထည့်ထားသည့်ဆွဲခြင်းနှင့် မကျိုးမကျေတတ်သော အသီးအနှံများထည့်ထားသည့် ဆွဲခြင်းကို စက်ဘီးလက်ကိုင်တွင် တစ်ဖက်တစ်ချက်ချိတ်ကာ ဘီးကိုတွန်းပြီး ဈေးထွက်ရသည်။ စက်ဘီးသည် ညီတို့သားအမိအတွက်တော့ စီးဖို့မဟုတ်ဘဲ တွန်းရန်သက်သက်သာ ဖြစ်၏။

နှစ်မိုင်ကျော်ကျော်ဝေးသော ဈေးသို့ မနက်နေထွက်ပြူစအချိန် ရောက်သည်။ ထုံးစံအတိုင်း စက်ဘီးထားနေကြ ဈေးထိပ်က ကွမ်းယာဆိုင်လေးတွင် စက်ဘီးကို ကပ်ရပ်ထားခဲ့ပြီး ဈေးပလက်ဖောင်းပေါ်တွင် ပါလာသည့် တာလဘတ်များအား ခင်းကာ ဈေးရောင်းရန်ပြင်ရသည်။ ဈေးသည် မနက် ၇ နာရီမှ ၉ နာရီလောက်ထိသာ လူစည်တတ်သည်။ ကိုးနာရီကျော်လျှင်တော့ ကွဲစပြုနေပြီ။ နောက်နေ့တွင် အထားမခံသော ကုန်စိမ်းများကြောင့် ညီတို့သားအမိသည် ထိုအချိန်တို့ အတွင်းကို ကုန်အောင် ကြိုးစားရောင်းရသည်။ ဘေးတွင် အပြိုင်ရောင်းကြသည့်

mgyoe.com

mgyde.com SAMPLE BOOK

ကုန်စိမ်းသည်များလည်း ရှိသောကြောင့် ငုတ်တုတ်ထိုင်မနေနိုင်ဘဲ ဝယ်သူကို တစာစာ အော်ခေါ် ရသေးသည်။

ထို့နေက ညို ဈေးရောင်းရန် စိတ်မပါလှပါ။ အိပ်ရေးမဝ၍ အိပ်ငိုက်နေသလို၊ အိမ်အကြောင်းစဉ်းစားပြီး စိတ်ညစ်နေသည်တို့က တစ်ကြောင်းကြောင့် စိတ်နှင့်လူနှင့်မကပ် ဖြစ်နေ၏။ ဘေးက ဈေးခြင်းတောင်းကြီးကို မှီရင်း ခဏပင် ငိုက်သွားသည်လား၊ စိတ်နှင့်လူနှင့် လွတ်သွားသည်လားပင် မပြောတတ်။ အမေ ခေါင်းကို ခွပ်ခနဲမြည်အောင် ခေါက်မှ သတိပြန်ဝင်လာသည်။

"ဒီကောင်မ ဈေးရောင်းနေတာကို စိတ်မဝင်စားဘဲ ဘယ်ကိုငေးနေတာလဲ။ ငါ လုပ်လိုက်ရ မကောင်းရှိတော့မယ်။ စိတ်နဲ့လူနဲ့ ကပ်ဦး။ ရည်းစားပူမိနေတာလား နင်"

လူကြားထဲ အဆူအငေါက်ခံလိုက်ရသောကြောင့် ညိုသည် တကိုယ်လုံး ထူပူသွား၏။ ဘေးကဈေးသည်ရော၊ ဈေးဝယ်တွေပါ ညို့ကို ပြုံးစိစိနဲ့ ကြည့်နေသည်ကိုမြင်ရသောကြောင့် အလွန်တရာ ရှက်သွားမိသည်။ အမေ့ကိုလည်း လူကြားထဲ ဆူငေါက်သောကြောင့် စိတ်တိုကာ ဒေါသမျက်လုံးနှင့် ပြန်ကြည့်လိုက်မိသည်။ ထိုအခါ အမေသည် အနီးမှာရှိသည့် ခေါင်းခုပုဆိုးနှင့် ညို့ကို လှမ်းရိုက်ပြီး ဆက်ဆူငေါက်ပြန်သည်။ ညို ရှက်လည်းရှက်၊ စိတ်လည်းတိုကာ ဈေးဆက်မရောင်းတော့ဘဲ ခြေဆောင့်၍ နေရာမှထွက်ခဲ့၏။ အမေကတော့ နောက်တွင်ဆဲနည်းပေါင်းစုံနဲ့ တစ်ဈေးလုံးကြားအောင် ညို့ကို အော်ဆဲရင်း ကျန်ရစ်ခဲ့သည်။

ညို ထွက်လာရင်း ဈေးပြင်သို့ရောက်သည့်အခါ ရှက်စိတ်ကြောင့် မျက်နှာတစ်ခုလုံး ထူပူနေ၏။ ဘာမဟုတ်တာလေးနှင့် လူကြားထဲ ဆူငေါက်ရလေခြင်းလို့ တွေးမိကာ ဝမ်းနည်းလွန်းသောကြောင့် မျက်ဝန်းအိမ်တွင် မျက်ရည်တို့ အလိုလိုတွဲခိုလာတော့သည်။ စက်ဘီးထားသည့် ကွမ်းယာဆိုင်ဘေးသို့ ရောက်သည့်အခါမှာ ညိုမျက်ရည်များကို တင်းခံမထားနိုင်တော့ဘဲ စက်ဘီးဘေးတွင် ငုတ်တုတ်ထိုင်ချကာ ခေါင်းကလေးငုံ့ပြီး တရွှတ်ရွှတ် ငိုကြွေးလိုက်မိတော့သည်။ အဖေနှင့် အမေရယ် ညို့ခံစားချက်ကို နားမလည်ရလေခြင်း။ တွေးကြည့်တိုင်း ဝမ်းနည်းလွန်းသောကြောင့် တအိအိရှိုက်နေမိသည်မှာ ပတ်ဝန်းကျင်ကိုပင် သတိမထားမိနိုင်တော့လောက်အောင်ပင်။ နဂိုကတည်းက ကိုယ့်ဘဝကိုတွေးရင်း သိမ်ငယ်နေရသည့်အထဲ အမေက အရှက်ခွဲလိုက်သေးသောကြောင့် ငိုချင်ရက်လက်တို့ဖြစ်ကာ ရင်တစ်ခုလုံး ဆို့နင့်အောင် ဝမ်းနည်းနေမိ၏။

mgyde.com

mgyoe.com SAMPLE BOOK

ရုတ်တရက် ညို့ဘေးမလှမ်းမကမ်းတွင် လူတစ်ယောက် လာရပ်နေသည်ကို သတိထားမိလိုက်သည်။ သို့သော်လည်း ညိုသည် ငိုနေသည်ကို ရပ်တန့်လိုက်၍မရ ဖြစ်နေသည်။ ထို့နောက် ထိုသူသည် ရုတ်တရက် ညို့လက်မောင်းကို အသာတို့ထိပြီး ခေါ်သံကိုပါ ကြားလိုက်ရသောကြောင့် ညိုသည် မျက်ရည်များ သုပ်ကာ နီရဲနေသောမျက်လုံးများဖြင့် ခေါ်သူအား မော့ကြည့်လိုက်မိသည်။

အသားဖြူဖြူ အရပ်ရှည်ရှည်ဖြင့် အမျိုးသားတစ်ဦး ဖြစ်၏။ ညို့ကို ငုံ့ကြည့်နေသော သူ့မျက်ဝန်းတို့သည် ညို့အပေါ် နွေးထွေးလွန်းသလို ခံစားရသည်။ ထို့နောက်မှာ ထိုအမျိုးသားသည် ညို့ကို သူ့လက်ထဲက တစ်သျှူးခေါက် ဖြူဖြူအား လှမ်းပေး၏။ ညိုသည် ရှက်ရှက်ဖြင့် တစ်သျှူးအား လှမ်းယူလိုက်မိသည်။

"မျက်ရည်တွေ သုတ်လိုက်ပါဦး။ ဘာတွေစိတ်ညစ်စရာရှိလို့ ဒီလောက်တောင် ဝမ်းပန်းတနည်း ငိုနေရတာလဲကွာ။ အစကတော့ မင်းကို မနှောင့်ယှက်သင့်ဘူးထင်လို့ ကိုယ် ဒီအတိုင်းကြည့်နေတာ။ ကြာတော့ ကိုယ့်ရှေ့မှာ အဲဒီလို အမျိုးသမီးတစ်ယောက် ငိုနေတာကို ရပ်ကြည့်နေနိုင်လောက်တဲ့အထိ အသည်းမမာနိုင်တော့ဘူး"

အမျိုးသား၏အသံသည် ကြည်လင်ပြီး ချိုသာလှသည်။ ညိုသည် ဘာမှ ပြန်မပြောနိုင်ဘဲ ငုတ်တုတ်ထိုင်လျက်သားပင် ခေါင်းကို ငုံ့ထားလိုက်မိ၏။

"လာပါ. . .။ ကိုယ့်ဆိုင်ထဲမှာ ဝင်ထိုင်ပါလား။ မင်း ငိုနေတာကို လူတွေကြည့်နေတာ မရှက်ဘူးလား"

"ရပါတယ်။ ကျွန်မ အဆင်ပြေပါတယ်"

ထိုအမျိုးသားက ပြောပြောဆိုဆို ညို့လက်မောင်းကို အသာဆွဲယူကာ ထူပေးသောကြောင့် ညိုသည် ရှက်ရှက်နှင့် ပတ်ဝန်းကျင်ကို တချက်ဝှေ့ကြည့်လိုက်မိသည်။ ဘယ်သူမှ ညိုတို့ကိုတော့ သတိမထားမိကြ၍ တော်ပါသေး၏။ ချက်ချင်းဆိုသလိုပင် မိမိလက်မောင်းအား ဆုပ်ကိုင်ထားသော ထိုသူလက်မှ အသာ ရုန်းထွက်ရင်း ထရပ်လိုက်မိသည်။ နေရာက လှည့်ထွက်လိုက်ရင် ကောင်းမလားဟု စဉ်းစားမိသော်လည်း ညို ထိုသို့ မလုပ်မိခဲ့ပါ။

ထိုနောက် ထိုသူသည် သူ့ဆိုင်ထဲသို့ဝင်ထိုင်ရန် ညို့ကို ထပ်ဖိတ်၏။ ညိုတို့စက်ဘီးကို ကပ်ရပ်ထားခဲ့သော ကွမ်းယာဆိုင်သည် ထိုသူ၏ ဆိုင်ဖြစ်ပြီး ညိုသည် ကွမ်းယာဆိုင်ဘေးတွင် ထိုင်ငိုနေခြင်းဖြစ်ကြောင်း ယခုမှ သတိထားမိသွားသည်။ ထိုသူမှ ကွမ်းယာဆိုင်ထဲတွင် ချထားသော ပလတ်စတစ် ခုံအလွတ်

mgyoe.com

mgyoe.com SAMPLE BOOK

နေရာတွင် ဝင်ထိုင်ရန် ညို့ကိုညွှန်ပြ၏။ ကွမ်းယာဆိုင်ဟုဆိုသော်လည်း ဆိုင်မှာ တကိုယ်စာထိုင်ရုံမျှ ခပ်ကျဉ်းကျဉ်း ဆိုင်လေး မဟုတ်ပါ။ အထဲတွင် လူတစ်ယောက် အသာလေး လဲလျောင်းလို့ရလောက်သည့် အနေအထားလောက်ကျယ်ပြီး သပ်သပ် ရပ်ရပ်ရှိလှသည်။ ထို့ကြောင့် ညိုတစ်ယောက် ဝင်ထိုင်နေဦးတော့ အမြင်မတော် စရာတော့ မရှိပါ။ သို့သော်လည်း ညိုသည် ယခုမှ သိကျွမ်းခွင့်ရသည့်အတွက် ထိုအမျိုးသားခေါ်ရာ ဆိုင်ထဲထိ ဝင်ထိုင်ရလောက်အောင်အထိတော့ မရဲပါ။ ထို့ ကြောင့် ကွမ်းယာဆိုင်ဘေးက သစ်သားခုံလေးတွင်သာ ထိုင်တော့မည်ဟု ပြော လိုက်သည်။ ထိုသူက ညို အပြင်တွင် ထိုင်ရန် ခွင့်ပြုလိုက်ပြီး ရေတစ်ခွက်ပင် ခပ်တိုက်သေး၏။

ညိုသည် ထိုသူ ကမ်းပေးသည့် ရေခွက်ကို လှမ်းယူရင်း ထိုသူအား ပြုံးပြ လိုက်မိသည်။ အကြည့်ချင်းဆုံသွားသည့်အခါ ဘာရယ်မသိ ညိုရင်တွေ တဒိန်းဒိန်း ခုန်သွားသည်။ ထိုသူသည် အတော်လေး တည်ကြည်ခန့်ညားပြီး ကြည့်ကောင်း သူဖြစ်သည်။ အသားဖြူပြီး မျက်ခုံးမျက်လုံးကောင်းသည်။ မျက်နှာက တစ်ခါတွေ့ဖူး ရုံနှင့် မှတ်မိလွယ်သည့် မျက်နှာပေါက်မျိုးဖြစ်၏။ ပိန်လှီသည်ဟု ထင်ရသော်လည်း ခန္ဓာကိုယ်ကျစ်လျစ်သည်။ ထူထဲသော နှုတ်ခမ်းတို့သည် အတ္တကြီးသည့်ပုံစံ ဖြစ် သော်လည်း ပြုံးရွှင်နေသည့် သူ့မျက်နှာထားနှင့် ယှဉ်လိုက်သည့်အခါ ဘာမှအပြစ် ရယ်လို့ ပြောစရာမရှိအောင် တည်ကြည်လှပါသည်။

ထိုနေ့မှစကာ ညိုနှင့် ကိုစိုင်းဇော်ဆိုသော ထိုအမျိုးသားတို့သည် သိကျွမ်း ရင်းနှီးခဲ့ကြသည်။ ညိုသည် ဈေးရောက်တိုင်း ကိုဇော့်ဆီ ဝင်ဖြစ်၏။ ခါတိုင်းလိုပင် စက်ဘီးကို ကိုဇော့်ကွမ်းယာဆိုင်ဘေးတွင်ကပ်ရပ်ကာ ထားနေကြမို့ ကိုဇော်နဲ့တွေ့ရန် အထူးတလည် ဖန်တီးစရာတော့ မလိုပါ။ နေ့စဉ်ရက်ဆက် တွေ့ပါများလာသည့် အခါ ရင်းနှီးရာမှ သံယောဇဉ်တွယ်လာမိခဲ့သည်။ ကိုဇော်သည်လည်း ညို ဈေးလာ မည့်အချိန်ကို မျှော်နေတတ်ခဲ့ပြီ။ တစ်ခါတလေ ကိုဇော်က ညို့ကို ထိကပါးရိ ကပါး ပြောလာသည့်အခါမျိုးဆို ညိုရင်တွေ တဒိန်းဒိန်း ခုန်ရသည်။ အရင်က ဈေးရောင်းထွက်ရတိုင်း အိပ်ရေးမဝလို့ ညည်းညူတတ်သော ညိုသည် ယခုများဆို ဈေးထွက်ရမည်ဆိုပါက အလိုလို ပျော်နေမိသည်။

ယခုဆို ညို စိတ်ညစ်သည့်အခါတိုင်း ရင်ဖွင့်ပြရမည့်သူရှိခဲ့ပြီ။ ကိုဇော် သည် ညို့ကို အားပေးသည့်အပြင် အမျိုးမျိုးကြင်နာမှုတွေ ပြတတ်သောကြောင့် ညိုသည် ကိုဇော့်ရှေ့မှာ အရည်ပျော်ကာ မဆွတ်ခင်၌ပင် ညွတ်ပြီး ကိုဇော့်ကို

mgyoe.com SAMPLE BOOK

ချစ်မိသွားခဲ့ပါသည်။ ကိုဇော့်ထံမှ ချစ်ခွင့်ပန်လာသည့်အခါ နည်းနည်းလေးမှ တွေဝေ မနေဘဲ အဖြေပေးခဲ့မိ၏။ ကိုဇော်၏ ယုယကြင်နာမှုအောက်တွင် စိတ်ညစ်စရာများ ကို မေ့သွားလောက်သည်အထိ ညို ပျော်ပါသည်။ ဈေးရောင်းရင်း ညိုသည် အမေ့ဆီကနေ အကြောင်းအမျိုးမျိုးပြ၍ လှည့်ထွက်ကာ ကိုဇော်ဆီ လာတတ်သည်။ တစ်ခါတလေ အမေ ဈေးရောင်းမလိုက်နိုင်သည့်နေ့များဆို ဈေးရောင်းပြီးပါက ဈေးရောင်းပစ္စည်းများအား ကိုဇော့်ဆိုင်တွင်ထားကာ ကိုဇော့်ကွမ်းယာဆိုင်လေးကို ပိတ်ပြီး စက်ဘီးတစ်စီးနှင့် နှစ်ယောက်သား လျှောက်လည်ကြသည်။ ချစ်သူတို့ သဘာဝ တိတ်ဆိတ်သည့်နေရာများသို့ သွားရောက်ချိန်းတွေ့တတ်သည်။ ညို အိမ်မှာ မနေချင်ပါက ကိုဇော့်ဆီ အချိန်မရွေး ထွက်ပြေးလာဖို့ ကိုဇော် ပြောသည့်အခါ ညိုသည် ကိုဇော့်ရင်ခွင်ထဲတိုးဝင်ကာ ကိုဇော့်ကို အားကိုးတကြီး ဖက်တွယ်ထားမိ၏။ သံယောဇဉ်တို့သည် တစ်စတစ်စတိုးလာပြီး ချစ်သူသက်တမ်း ၃ လပြည့်ခဲ့သည့်အခါ ကိုဇော့်ရင်ခွင်တွင် ညိုသည် တစ်ဘဝလုံး ခိုလှုံခွင့်ရချင်ခဲ့ပါသည်။

❑

ညိုသည် မိသားစုကို အလွန်တရာ စိတ်ကုန်နေပြီး၊ အိမ်နှင့်ဝေးရာသို့ ထွက်ပြေးချင်စိတ် ပေါက်နေသည်မှာ မှန်သော်လည်း အမှန်တကယ် ထွက်ပြေးမည်ဆိုတော့လည်း မစွမ်းသာခဲ့ပါ။ ခြေလှမ်းတို့က ဆန္ဒရှိသလောက် ခရီးမရောက်ခဲ့။ ချီတုံချတုံဖြင့် အကြိမ်ကြိမ်အခါခါ နောက်ပြန်လှည့်ဖြစ်ခဲ့ပြီး အိမ်လေးမှာပင် တဝဲဝဲလည် ရောက်ရှိနေခဲ့သည်။ ငါ မရှိတော့ရင် အမေတစ်ယောက်တည်း ဘယ်လို ရုန်းကန်လေမလဲ။ အမြဲရန်ဖြစ်တတ်သော အငယ်နှစ်ကောင်ကို ဘယ်သူ ဝင်ဖျန်ဖြေပေးမလဲ။ နဂိုကတည်းက ခါးနာတတ်လွန်းသော အမေသည် ဈေးတောင်း အလေးအပင်တွေကို မ,၍ မဖြစ်ပါ။ တကယ်လို့ ညို အိမ်မှာ မရှိတော့လျှင်လည်း အမေသည် ဈေးကို ဆက်ရောင်းနေဦးမည်ဆိုသည်ကို ညို သိသည်။ အမေတစ်ယောက်တည်း ဝေသီဝေလင်းအချိန် စက်ဘီးလေးတွန်းကာ ဈေးရောင်းသွားနေသည့် မြင်ကွင်းကို မြင်ယောင်ကြည့်မိသည့်အခါ ညို ဘယ်လိုမှ တင်းခံနိုင်စွမ်းမရှိခဲ့။ အိမ်မှာ ငါမရှိလို့ မဖြစ်ဘူးဟုသာ တွေးမိရင်း အိမ်ကနေ တစ်ဖဝါးမှ မခွဲခဲ့မိပါ။

ယနေ့ညနေအတွက်ကတော့ ညို အဖေ့ဒဏ်ကို လုံးဝ မခံနိုင်တော့ပါ။ နေ့ခင်းကတည်းက အမေနှင့် နှစ်ယောက်သား ရွာရိုးကိုးပေါက် ဈေးရောင်းထွက်ဖို့ ကုန်စိမ်းတွေ လိုက်ရှာဝယ်ရင်း ညနေ ၄ နာရီလောက်မှ အိမ်ပြန်ရောက်ခဲ့ကြသည်။ အိမ်ပြန်ရောက်ရောက်ချင်း အိမ်ရှေ့ လှေကားခြေရင်းတွင် မကျေမချမ်း

mgyoe.com

mgyoe.com
SAMPLE BOOK

မျက်နှာပေးနှင့် ထိုင်နေသော အဖေ့ကို တွေ့ရ၏။ ထုံးစံအတိုင်း ညို့တို့သားအမိကိုကြည့်သည့်မျက်လုံးများက အစိမ်းလိုက်ဝါးစားတော့မည့်ပုံပင်။ ညိုသည် အဖေ့ကိုမုန်းသလို၊ ကြောက်လည်းကြောက်ရ၏။ ထို့ကြောင့် ကတုန်ကယင်ဖြင့် စက်ဘီးပေါ်က ဝယ်လာသည့် ကုန်စိမ်းဈေးတောင်းကို နေရာချနေမိသည်။ အမေသည်လည်း ဒေါသဖြစ်နေသည့် အဖေ့ကို တွေ့သည့်အခါ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်ကာ ညို့ကို လာကူပေးနေသည်။

"ငါ့အတွက် ဘာမှစားဖို့ မလုပ်ထားဘဲ တစ်နေကုန် လျှောက်သွားနေတဲ့ မင်းတို့သားအမိက ဘာအချိုး ချိုးတာလဲ။ မင်းတို့လုပ်စာ စားနေတယ်ဆိုပြီး ငါ့ကို မထီမဲ့မြင် လုပ်တာလား။ ဟင်. . . ပြောစမ်း။ မင်းတို့ကိုယ် မင်းတို့ ဟုတ်လှပြီထင်နေတာလား။ ငါ ရှာကျွေးနေတုန်းက ဒီအချိုးမဟုတ်ဘူး။ မင်းတို့ရှာတဲ့ ပိုက်ဆံလောက်နဲ့ ကြီးကျယ်မနေကြနဲ့။ ထမင်းဟင်းတောင် မချက်နိုင်ရလောက်လောက်အောင် မင်းတို့အလုပ်က တော်တော်များ ဝင်ငွေကောင်းနေလို့လား။ ဘာလဲ မင်းတို့ မချက်တော့ ငါက ထချက်ပေးရမှာလား။ မင်းတို့သောက်ချိုးတွေ ပြင်မှာလား၊ ငါ ရိုက်ချိုးပေးရမှာလား ပြောစမ်း"

ညိုသည် အဖေ ပြောနေသည့်စကားများကို ကြာတော့ နားမထောင်နိုင်တော့ပါ။ တစ်နေကုန် နေပူထဲမှာ ကျောပူခံရပြီး အိမ်ရောက်တော့လည်း နားပူတာခံရပြန်လေပြီ။ အမေက ဘာတစ်ခွန်းမှပြန်မပြောဘဲ သည်းခံနေနိုင်သော်လည်း ညိုကတော့ မနေနိုင်တော့။ စက်ဘီးကယ်ရီယာခုံနောက်က ဖြုတ်ချနေသည့် ဈေးခြင်းတောင်းကြီးကို စိတ်တိုစွာ ဆောင့်ချပြီး အဖေ့ကို ပြန်အော်လိုက်မိတော့သည်။

"နားငြီးတယ် အဖေ။ တော်တော့။ တစ်နေ့မှ စိတ်အေးနားအေးကို မနေရဘူး။ အမြဲတမ်း ပူညံပူညံနဲ့။ အမေနဲ့ သမီးက အလကား အလေလိုက်သွားနေတာ မဟုတ်ဘူးလေ။ မနက်ဖြန်ဈေးထွက်ဖို့ လိုက်ရှာဝယ်နေတာ အဖေမမြင်ဘူးလား။ ထမင်းတစ်နပ် မစားရတော့ အဖေက သေသွားမှာမို့လို့လား။ ပိုက်ဆာရင်လည်း အဖေ့မှာ လက်ပါတာပဲ။ ချက်စားလေ"

အဖေသည် ညို တစ်ခါမှ ပြန်မပြောဖူးဘဲ ပြန်ပြောလိုက်သောကြောင့် ခဏတာ ကြောင်အ,စွာ ညို့ကို ကြည့်နေသည်။ ထို့နောက်မှ ဝုန်းခနဲ ထရပ်ကာ ညို့အနီးသို့ ဒေါသတကြီး ရောက်လာ၏။ ရုတ်တရက်ကြောင့် ညိုသည် အဖေ့ကို ကြောက်သွားပြီး နောက်သို့ အနည်းငယ် ဆုတ်လိုက်မိသည်။

mgyoe.com

"နင် ဘာစကားပြောတာလဲ။ ငါ့ကို ဘယ်လိုလေသံနဲ့ ပြောလိုက်တာလဲ ပြန်ပြောစမ်း။ ပြန်ပြောစမ်း အဲဒီပါးစပ်"

ညှိုသည် ဘာမှထပ်မပြောသော်လည်း ဒေါသမျက်လုံးများဖြင့် အဖေ့ကို ပြန်ကြည့်လိုက်မိသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ကျဆင်းလာ၏။ အဖေ၏ ဒေါသမျက်လုံးများကို မြင်ရလေတိုင်း ညှို့ရင်ထဲတွင် နှစ်ရှည်လများ စုထားသောဒဏ်ရာတို့က အုံကြွ ဆူပွက်လာသည်။

"အဲဒီမျက်လုံးနဲ့ ငါ့ကို ပြန်မကြည့်နဲ့။ ဒီကောင်မ ငါ ရိုက်ချလိုက်ရင် သေတော့မယ်"

အဖေက ပြောပြောဆိုဆို လက်ရွယ်ကာ ရိုက်ရန်ပြင်၏။ သို့သော်လည်း ရိုက်ချက်သည် ညှို့ပါးပြင်ပေါ်သို့ မကျရောက်လာပါ။ ညှိုသည် ဒေါသကြောင့် ဘာမှမမြင်နိုင်တော့ဘဲ အားပါးတရ ငိုရင်း အော်ပြောလိုက်မိသည်။

"ရိုက်. . . ရိုက်ချင်တယ်ဆို ရိုက်လိုက်. . . ။ သတ်ချင်တယ်ဆိုလည်း သတ်လိုက်လို့ရတယ် အဖေ။ နေ့ရှိသရွေ့ ပူညံပူညံနဲ့တော့ လာမလုပ်နဲ့။ တစ်ခါတလေလည်း စိတ်ချမ်းသာသာ နေပါရစေဦး။ သမီးတို့က အဖေ့ဆီမှာ ကျွန်ခံနေရတာ မဟုတ်ဘူး။ မဟုတ်တာတွေရော ဟုတ်တာတွေရော တဖက်စောင်းနင်း ပြောနေတဲ့ အဖေစကားတွေကို အမေ ခံနိုင်ပေမဲ့ သမီး မခံနိုင်ဘူး"

"ဟာ. . . ဒီကောင်မ။ ခွေးမ ပြောလေ ဆိုးလေပါလား. . . ကဲကွာကဲ. . . ငါ့ကို ပြန်ပြောချင်ဦး"

"ဖြန်း. . . "

အဖေ၏ အားကုန်လွှဲရိုက်လိုက်သော ရိုက်ချက်ကြောင့် ညှိုသည် မြေပြင်ပေါ်တွင် လဲ့ကျသွား၏။ အမေသည် ညှို့ဆီကို ရုတ်တရက် ပြေးလာပြီး ညှို့ကို လာထူရန် ပြင်သည့်အခါ ညှိုသည် အမေ့လက်အား ပုတ်ထုတ်လိုက်မိသည်။

"မထူနဲ့ ထူစရာ မလိုဘူး။ သာယာနာပျော်ဖွယ်မရှိတဲ့ အဖေတို့အိမ်မှာ ပျော်လို့နေနေတယ် မထင်နဲ့။ မနေချင်ဘဲ နေနေရတယ်ဆိုတာ အမေရော အဖေပါ သိထား"

အဖေက ညှို့ကို ထပ်ရိုက်ရန် အနီးသို့ တိုးကပ်လာသည့်အခါ အမေက အဖေ့ခါးကို သိုင်းဖက်၍ တွန်းထုတ်လိုက်၏။ ထို့နောက် ညှို့ကို ငိုသံဖြင့် အော်ပြောသည်။

"မြခွာညှို. . . နင် တော်တော့။ ကိုယ့်အဖေကို နင် ဘယ်လို ပြန်ပြောနေ

mgyoe.com

mgyoe.com SAMPLE BOOK

တာလဲ။ သွား ငါ့ရှေ့မှာမနေနဲ့။ နင့်မျက်နှာကို ငါ မမြင်ချင်ဘူး။ ကိုကျော်နိုင်ရှင်လည်း တော်တော့"

အမေသည် အဖေ ထပ်ရိုက်မည်စိုးသောကြောင့် ညို့ကို စိတ်တိုသလိုပြောကာ နှင်လွှတ်သည်ကို ညို သိသော်လည်း အမေ့ကို အဖေ့ဘက်သာပါသည်ဟု ညို မှတ်ယူလိုက်သည်။ ထို့ကြောင့် စိတ်တိုစွာဖြင့် အိမ်ပေါ်သို့ ပြေးတက်ခဲ့ပြီး အခန်းတံခါးကို ပိတ်ကာ ခုတင်ဘေးတွင် ငုတ်တုတ်ထိုင်ချ၍ အားပါးတရ ငိုကြွေးလိုက်မိသည်။ ထိုမျှ ဆင်းရဲဒုက္ခခံရသော အိမ်ကြီးတွင် ညို ဘယ်လိုမှ ဆက်မနေနိုင်တော့ပါ။

သွားမယ်. . . ဒီအိမ်နဲ့ အဝေးဆုံးကို ညို ထွက်သွားတော့မယ်။ ညို့ကိုဆို အချိန်မရွေး ကြိုဆိုပြီး အမြဲပျော်အောင်ထားမယ့် ချစ်ရသူ ကိုဇော့်ဆီကို ညိုသွားတော့မယ်။ ကိုဇော်နဲ့ နှစ်ယောက်သား ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းတော့မယ်။ ကိုဇော်ရယ်. . . ဒီတစ်ခါတော့ ကိုဇော့်ရင်ခွင်ဆီ ညို အပြီးပိုင် ထွက်လာတော့မယ်။ ညို့ကို စောင့်နေလှည့်ပါ ကိုဇော်. . . ။ စောင့်နေလှည့်ပါနော်။

တွေးရင်း ညိုသည် အိမ်အောက်မှာ အဖေနှင့် အမေ့အသံပါ တိတ်ဆိတ်သွားသည့်အခါ ခြေကိုဖွဖွလှမ်းပြီး ဘယ်သူမှ မသိခင် အိမ်က ထွက်ခဲ့လိုက်၏။

❑

အတွေးပေါင်းများစွာဖြင့် ညိုသည် မြေလမ်းမအတိုင်း ခပ်သွက်သွက်လျှောက်ခဲ့သည်။ ကျနေရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင် ဖျော့လာခဲ့ပြီ။ ကောင်းကင်ထက်တွင် အိပ်တန်းပြန်ငှက်တချို့ ပျံသန်းနေကြသည်ကိုတွေ့ရသည်။ ညနေရောင်ကို ကျောခိုင်းထားသောကြောင့် ညို၏ အရိပ်သည်မြေနီလမ်းထက်တွင် ရှည်မျောမျောကြီး ဖြစ်နေသည်။ မြေလမ်းမထက်တွင် ယာတောမှပြန်လာကြသော လှည်းများ တအိအိ ပြေးဆွဲနေကြသည်။ လေငြိမ်နေသောညနေခင်းဝယ် လှည်းများ၏နောက်၌ အနီရောင် ဖုန်လုံးကြီးမှာ အလိပ်လိုက်ကျန်ခဲ့၏။ အနီရောင် ဖုန်လုံးကြီး၏ ဟိုတစ်ဖက်ကမ်းမှာတော့ တမျှော်တခေါ် အဝါရောင်ပန်းခင်းကြီး ရှိသည်။ နှမ်းပန်း (ဒေသခေါ် ပန်းနန်းပင်)များဖြစ်၏။ အဝါရောင်ပန်းခင်းတို့မှာ တောင်ကုန်း၏ အောက်ခြေစပ်အထိ ဝါထိန် ယိမ်းနွဲ့နေသည်။ ညိုနင်းလျှောက်ခဲ့သော မြေနီလမ်းလေးသည် တောင်ကုန်းတစ်ခုကို ဖြတ်ဖောက်ထားသည့် လူသွားလမ်း ကျဉ်းကျဉ်းကလေး ဖြစ်၏။ လမ်း၏ ညာဘက်ခြမ်းတွင်တော့လှည်းလမ်းကျယ်ကြီး ရှိသည်။ လှည်းလမ်းသည် လှည်းဘီးချရာ ဟိုဘက်ဒီဘက်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

အတွင်းသို့ ချိုင့်ဝင်နေပြီး လှည်းဘီး မထိသည့် အလယ်နေရာတွင်တော့ မြေသား နီနီကြီးက မို့မောက်ကာ ကျန်ခဲ့သည်။ မို့မောက်နေသော မြေသားနီနီကြီးမှာ လှည်း၏ဝမ်းဗိုက်နှင့်ပင် ထိလုလုဖြစ်၏။

မြေနီတောင်ကုန်းတစ်ခုလုံးသည် ညိုတို့တစ်ရွာလုံး လုပ်ကိုင်စားသောက်ကြသည့် ယာတောကြီးများ ဖြစ်သည်။ ကျယ်ပြန့်သော ယာတောကြီးထဲတွင် ညို့တို့ မိသားစုကတော့ ဖျာတစ်ချပ်စာအကွက်လေးမျှပင် မပိုင်ဆိုင်ကြပါ။ တောင်ယာအလုပ် စိတ်မဝင်စားသော အဖေနှင့် အလုပ်ကြမ်း မလုပ်နိုင်သော အမေကြောင့် ပိုက်ဆံအဆင်ပြေခဲ့စဉ်အချိန်တုန်းကလည်း မြေကွက်ဝယ်စုရမှန်း မသိခဲ့။ ယခုချိန်တွင် အားကိုးစရာဆိုလို့ ခြေနဲ့လက်သာ ရှိသောကြောင့် မိသားစု အဆင်မပြေကြခြင်းမှာ မဆန်းပါ။

နွေဦးရာသီပေမို့ လမ်းဘေးဝဲယာတွင် တောင်ယာကွက်များတွင် အဝါရောင်နေကြာခင်းနှင့် ပန်းနန်းခင်းများ မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်ကြပြီ။ အဝါရောင်ပန်းခင်းကို ဖြတ်ဖောက်ထားသော မြေနီလမ်း ကုန်းမို့မို့လေးပေါ်တွင် အိမ်ပြေးမလေး ညိုသည် ခြေလှမ်းများကို ခပ်သွက်သွက်လှမ်းရင်း အတွေးတို့သည် အတိတ်ကို ပြန်ရောက်သွားလိုက်၊ ပစ္စုပ္ပန်သို့ ပြန်ရောက်လာလိုက် ဖြစ်နေသည်။

အချိန်တို့က အတော်လေး လင့်နေခဲ့ပြီ။ ဒီအတိုင်းဆိုပါက မကြာခင် မှောင်ရိပျိုးတော့မည်။ ခြေလှမ်းတို့ကို ခပ်သွက်သွက် လျှောက်၏။ ယခုခြေလှမ်းအတိုင်း အားမလျှော့ဘဲ သွားမည်ဆိုလျှင်တော့ ရွာနှင့် သိပ်မဝေးလှသော မြို့အဝင်သို့ မှောင်ရိမပျိုးခင် ရောက်တန်ကောင်းပါ၏။ မရောက်၍လည်း မဖြစ်။ နည်းနည်းမှောင်စပျိုးပြီဆိုပါက ကိုဇော် ဆိုင်သိမ်းတော့မည်။ ဆိုင်မှာ ကိုဇော် ရှိမနေလျှင် ကိုဇော့်ကို ညို လိုက်မရှာတတ်။ ကိုဇော့်အိမ်ကိုလည်း ညို မသိပါ။ တကယ်လို့ ကိုဇော်သာ ဆိုင်သိမ်းသွားရင် အချိန်မတော် မိန်းမသားတစ်ယောက်တည်း ဒုက္ခရောက်တော့မှာပဲ။ အို. . . ။ တွေးကြည့်မိလိုက်သည့်အခါ တကိုယ်လုံးတုန်လှုပ်ချောက်ချားသွားသည်။ စောစောက ဒေါသစိတ်နှင့် ထွက်လာခဲ့သောကြောင့် သတိမထားမိသော်လည်း ယခုမှ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိသည်။ အိမ်နေရင်းတပတ်နွမ်းထဘီနှင့် စပို့ရှပ် အင်္ကျီအနက်ရောင်ပေါ်မှာ ထပ်ဝတ်ထားသည့် ဖလံထည်အကွက် လက်ရှည်အင်္ကျီ နီညိုရောင်က အရောင်မထွက်တော့။ အရေးထဲ လှည်းတွေ ဖြတ်သွားစဉ်က တထောင်းထောင်း ထသွားသည့် ဖုန်မှုန့်တွေက အင်္ကျီပေါ်တွင် ဖွေးခနဲ လာတင်နေသည်။ ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်ကာ အင်္ကျီပေါ်

mgyoe.com

mgyee.com

တင်နေသော ဖုန်များကို အသာခါချလိုက်သည်။ ထို့နောက် ဖရိုဖရဲ ဖြစ်နေသည့် ဆံပင်များကို သပ်တင်ရင်း မျက်နှာကို ပွတ်သပ်လိုက်၏။ ဖုန်များ ကပ်ညိနေသောကြောင့် မျက်နှာမှာ ကြမ်းရှရှ ဖြစ်နေသည်။

စိတ်တွေက လောနေသလို၊ ကိုဇော်ကို မတွေ့မှာလည်း စိုးနေသောကြောင့် ဆောက်တည်ရာမရ ဖြစ်နေ၏။ စိတ်သက်သာရာရစေရန် အလို့ငှာ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းပြီး သက်ပြင်းတစ်ချက်ကို ဟင်းခနဲ ချလိုက်သည်။

ရုတ်တရက် ယာတောကအပြန် လှည်းပေါ်ကလူများ ညို့အကြောင်း တီးတိုးပြောသွားကြသည်ကို ကြားလိုက်ရသည့်အခါ ညိုသည် ဘေးမှ ညိုနှင့် ဆန့်ကျင်ဘက်အရပ်သို့ ဖြတ်ကျော်သွားသော လှည်းအား နောက်ပြန် လှည့်ကြည့်လိုက်မိသည်။ ဖုန်လုံးနီများ အလိပ်လိပ်ကာဆီးနေသောကြောင့် လှည်းပေါ်ကလူများကို သဲကွဲစွာ မမြင်ရသော်လည်း မျက်လုံးထဲရောက်လာသည့် မြင်ကွင်းကြောင့် ညိုသည် နေရာမှာ ခြေစုံရပ်လျက် အကြည့်တို့ ငေးကြောင်သွားရသည်။

ဘုရားရေ့ . . . ကောင်းကင်တစ်ခုလုံး ဝါထိန်နေပါလား။ ကျလုလု နေလုံးကြီး၏အောက်တွင် ရှိသော တောင်တန်းကြီး၏ အနားစွန်းမှသည် အနောက်ဘက်ကောင်းကင်၏ သုံးပုံနှစ်ပုံလောက်သည် အဝါရောင် တောက်ကြွားလို့နေသည်။ ရွှေ့လျားနေသော တိမ်လွှာများတို့သည် ကျနေရောင်ဟပ်မှုကြောင့် ရွှေဝါရောင်တောက်နေ၏။ အဝါရောင်ကောင်းကင်ထက်တွင် အနက်ရောင် ငှက်တစ်အုပ်သည် အရှေ့မှအနောက်သို့ ပျံသန်းသွားကြသည်။ မိမိအား နောက်ပြန်လှည့်ဖို့ နိမိတ်ပြလေသလား တွေးမိပြီး ခြေလှမ်းတို့ တွန့်ဆုတ်သွားရပြန်သည်။

နေရာမှာ ခြေစုံရပ်လျက် ကျန်ရစ်ခဲ့သော အနောက်ဘက်ဆီသို့ အချိန်အကြာကြီး ငေးကြည့်လိုက်မိသည်။ ညို ရောက်ရှိနေသော မြေနီတောင်ကုန်းလေးပေါ်မှကြည့်ပါက ကျနေရောင်အောက်တွင် မှိုင်းပျနေသော ရှမ်းရိုးမတောင်တန်းပြာကြီးကို လှမ်းမြင်ရသည်။ တောင်တန်း၏အောက်ခြေ မြေပြန့်နေရာလေးတွင် ညိုတို့ရွာလေးသည် မှုန်ရီမှိုင်းပျကာ ငြိမ်သက်လို့နေသည်။ အဝါရောင်ကောင်းကင်၏ အရောင်ဟပ်မှုသည် တောင်ခြေတွင်ရှိသော ညိုတို့ရွာလေးဆီ မရောက်။ တောင်ကုန်းထိပ်တွင် ရောက်ရှိနေသော ညို့ဆီသို့သာ ဖြာကျနေသလား ထင်မှတ်ရသည်။ မှိုင်းပျပျရွာလေးဆီမှ အရောင်လက်နေသော အိမ်သွပ်အမိုးများကို ငေးကြည့်ရင်း ညိုသည် ညို့အိမ်နေရာလေးကို စိတ်မှန်းနှင့် ရှာကြည့်လိုက်မိသေးသည်။ ယခု အရွယ် ရောက်သည်အထိ အိမ်နှင့်တစ်ခါမှ မခွဲဖူးသောကြောင့် ယခုလို နေအိမ်အား

mgyee.com

mgyoe.com SAMPLE BOOK

စွန့်ခွာရခြင်းအတွက် ညို့ရင်ထဲ တကယ်မကောင်းပါ။

အများတကာ အိမ်ကိုပြန်နေကြတဲ့အချိန် ငါက အိမ်နဲ့ဝေးရာကို ထွက်ပြေးနေပါလား။ မိမိအဖြစ်ကို ပြန်စဉ်းစားမိလိုက်ပြီး ရင်ထဲတွင် ဆို့နင့်ကာ ဝမ်းနည်းသွားရ၏။ အို. . . ငါ ဘာလို့ဝမ်းနည်းနေမှာလဲ။ အခုဆို ငါ့အသက် ၂၃ နှစ်ရှိပြီ။ ငါက ကလေးမှ မဟုတ်တော့တာ။ လွတ်လပ်မှုကို လိုချင်ရင် ဒီလောက်တော့ စွန့်စားသင့်တယ် မဟုတ်လား။ ခရီးအဆုံးမှာ ညို့ကို အပြုံးနဲ့ကြိုနေတဲ့ ကိုဇော်ရှိတယ်။ ကိုဇော့်ရင်ခွင်ထဲ တိုးဝင်လိုက်ရင် အရာအားလုံး အေးချမ်းသွားမှာပါ။

ညိုသည် ကိုယ့်ကိုယ်ကိုယ် အားတင်းရင်း နောက်ဆုံးတွင် ခိုင်မာသော ဆုံးဖြတ်ချက်ကို ချလိုက်လေသည်။ ထို့နောက် တလိမ့်လိမ့် ဆင်းကျလာသော မျက်ရည်များကို လက်ဖြင့် ခပ်ကြမ်းကြမ်းသုတ်ကာ အဝါရောင်ကောင်းကင်ကြီးအား ကျောခိုင်းပစ်လိုက်၏။

အဝါရောင်ကောင်းကင်ကြီးရေ. . . ။ အိမ်ပြေးမလေး ညို့အတွက် ကံကောင်းခြင်း နိမိတ်သာ ဖြစ်ပါစေတော့. . . ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

ခပ်ဝေးဝေးမှ တစ်လုံးသာလင်းနေသော နီကျင်ကျင် လမ်းမီးတိုင်များကြောင့် မြို့အဝင်လမ်းလေးမှာ မှောင်လို့နေလေသည်။ ညိုသည် စိုးရွံ့သိမ်ငယ်နေသော စိတ်တို့ကို အားတင်းရင်း ပလက်ဖောင်းပေါ်တွင် ခပ်သွက်သွက် လျှောက်နေ၏။ နယ်မြို့လေးပေမို့ မြို့အဝင်လမ်းလေးသည်ကား လူစည်ကားခြင်း အလျှင်းမရှိ။ တိတ်ဆိတ်ငြိမ်သက်လျက်သာ ရှိနေသည်။ လမ်းဘေးဝဲယာတွင်ရှိသော ပွဲရုံများ၊ ကားဝပ်ရှော့ဆိုင်များနှင့် ကုန်စုံဆိုင်များသည် စောသေးသော်လည်း လူမရှိ၍ထင်၏။ အသီးသီး ပိတ်ကုန်ကြလေပြီ။ ညိုသည် ပိတ်ထားသော တံခါးများကိုကြည့်ပြီး ရင်ထဲတွင် ဝမ်းနည်းလာ၏။ ခြေဖျားလက်ဖျားတို့ အေးစက်ကာ တကိုယ်လုံး တုန်ရီမောဟိုက်လို့နေပြီ။ ခြေလှမ်းများက မပြေးရုံတမယ် လှမ်းနေသော်လည်း ဒူးများမှာ ပျော့ခွေ ညွတ်ကျချင်နေပြီ။ ရင်တစ်ခုလုံး အတိုင်းအဆမဲ့ တုန်ယင်နေပြီ။

ဖုန်တင်နေသော ကတ္တရာလမ်းမကြီးသည် လမ်းမီးရောင်အောက်တွင် ဝါကျင်ကျင်အရောင် ဖြစ်နေ၏။ ဝေးဝေးမှ တစ်စီးဖြတ်သွားသော စက်ဘီးများမှလွဲ၍ လမ်းမကြီးမှာ အထီးကျန် တိတ်ဆိတ်လွန်းလှသည်။ မီးရောင်မရောက်သော လမ်းမီးတိုင် တစ်တိုင်နှင့်တစ်တိုင်ကြားတွင် မှောင်မည်းလို့ နေလေသည်။ ယခုလိုလူသူကင်းမဲ့နေသော လမ်းမဘေးအမှောင်ထဲတွင် မိန်းကလေးတစ်ယောက်တည်း လမ်းလျှောက်နေရသောအဖြစ်က မြို့ကြီးများတွင် ဘာမှ မဖြစ်သော်လည်း နယ်မြို့

mgyoe.com

mgyoe.com SAMPLE BOOK

လေးအဖို့ မကောင်းဘက်က ထင်မြင်နိုင်စရာရှိ၏။ ထို့ကြောင့် ညီသည် ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်လာပြီး ခြေလှမ်းများက ယုံကြည်မှု မရှိချင်တော့။ ညီ ပြိုလဲချင်လှပါပြီ။ နောက်ပြန်လှည့်ဖို့ရာ လုံးဝ မဖြစ်နိုင်တော့သည့် အနေအထားမို့သာ အားတင်းရင်း ဆက်လျှောက်ရပြန်၏။

ဈေးရှိသည့် မြို့လယ်ခေါင်သို့ ရောက်ခါနီးသည့်အခါမှာတော့ လမ်းသွားလမ်းလာ လူများနှင့် နေအိမ်များမှ ပျံ့လွင့်လာသော သီချင်းဖွင့်သံများ၊ စကားပြောသံများကို တစွန်းတစကြားရပြီ။ မီးလင်းနေသော လက်ဖက်ရည်ဆိုင်ထဲတွင် လူတွေ အမြင်ရပြီ။ အခုမှ ကိုယ့်ကိုယ်ကိုယ် အနည်းငယ် လုံခြုံသွားသလို ခံစားရပြီး ဟင်းချနိုင်တော့သည်။

ကိုဇော့်ကွမ်းယာဆိုင်လေးကို လှမ်းမြင်ရသည့်အခါ ကွမ်းယာဆိုင်လေးမှာ မီးလင်းနေသေးသည်။ တော်ပါသေး၏။ ကိုဇော် ဆိုင်မပိတ်သေးပါ။ ယခုမှ ရင်ထဲတွင် ချုပ်တည်း အားတင်းလာခဲ့သော ကြောက်လန့်စိတ်၊ ဝမ်းနည်းစိတ်တို့က တင်းမခံနိုင်တော့ဘဲ ကိုဇော့်ရင်ခွင်ထဲ ခေါင်းတိုးဝင်၍ ငိုချပစ်ချင်စိတ်သာ ဖြစ်ပေါ်လာခဲ့သည်။

ဆိုင်၏ မလှမ်းမကမ်းနေရာသို့ ရောက်သည့်အခါမှာတော့ ကိုဇော့်ကွမ်းယာဆိုင်လေးကို လှမ်းမြင်ရပြီး ခြေလှမ်းတို့ တုံ့ဆိုင်းသွားရသည်။ ကွမ်းယာဆိုင်ရှေ့တွင် လူသုံးလေးယောက် ရပ်နေ၏။ ကွမ်းလာဝယ်သည့်သူများ ဖြစ်ဟန်တူသည်။ ဝယ်ပြီး မပြန်ကြသေးဘဲ ဆိုင်ရှေ့က ခုံလေးတွင် စုထိုင်ကာ စကားပြောနေကြခြင်း ဖြစ်သည်။ တစ်ချက်တစ်ချက် စကားပြောရင်း ထရယ်ကြသံများကိုပါ ညီ ကြားနေရသည်။ ကိုဇော်ကတော့ ဆိုင်ထဲတွင် ကွမ်းယာကို ဆက်တိုက်ယာနေ၏။ ညီသည် လူများရှိနေသောကြောင့် သွားဖို့မရဲသည်နှင့် မလှမ်းမကမ်းမှ ပလက်ဖောင်းပေါ်တွင်သာ မတ်တတ်ရပ်လျက် ကိုဇော့်ဆိုင်ဘက်သို့သာ လှမ်းကြည့်နေမိသည်။ မြင်နေရသည့် ပုံစံအတိုင်းဆိုပါက ထိုလူများသည် တော်တော်နှင့် ပြန်ကြဦးမည် မထင်ပါ။

ရင်ထဲတွင် ပူလောင်ပြင်းပြပြီး ယခုမှ ကိုယ့်ကိုယ်ကိုယ် ရှက်သလိုဖြစ်လာ၏။ ထိုလူတွေရှိနေခိုက် မိန်းကလေးတန်မဲ့ ဆိုင်ရှေ့သွားရပ်ပြီး ကိုဇော့်ကို အော်ခေါ်ရင် ဒီလူတွေ ဘယ်လိုမျက်လုံးနဲ့ ညီ့ကို ကြည့်ကြမလဲ။ အိမ်နေရင်း အဝတ်အစား နွမ်းစုတ်စုတ်နဲ့ ညီ့ပုံစံက လူတွေအမြင်မှာ ဘယ်လိုပင် ထင်စရာဖြစ်နေလိမ့်မလဲ။ အိုး. . .။ ငါဟာ မိန်းကလေးတန်မဲ့ ကိုယ့်ကို လက်ထပ်ပါလို့

mgyoe.com

mgyoe.com SAMPLE BOOK

တောင်းဆိုဖို့ ယောကျ်ားရှိရာလာခဲ့တဲ့ အာဂမိန်းမပဲ။ ငါ့မှာအရှက်တွေ၊ သိက္ခာတွေ ဘယ်ရောက်ကုန်ပြီလဲ။

ဒီအကြောင်းကိုသာ အဖေသိရင် ညို့ကို ဘယ်လောက်တောင် စိတ်ဆိုးပြီး ရိုက်လိမ့်မလဲ။ ညိုတွေးကြည့်ရင်း ဝမ်းနည်းလာမိသည်။ ညိုအိမ်က ထွက်လာခဲ့တာ မှားခဲ့ပြီလား။ သို့ပေမဲ့ ဒီအချိန်မှာ တစ်ယောက်တည်း လှည့်ပြန်ဖို့ မဖြစ်နိုင်တော့သလို၊ အဖေနှင့် အမေ့ကိုလည်း ညို ရင်မဆိုင်ရဲတော့။ ဖြစ်သမျှအကြောင်း အကောင်းလို့သာ သတ်မှတ်ပြီး မူလရည်ရွယ်ချက်အတိုင်း ဆက်သွားရုံသာ ရှိတော့သည်။

ကွမ်းယာဆိုင်နှင့် မလှမ်းမကမ်းတွင်ရှိသည့် ပလက်ဖောင်းဘေးက အုတ်ခုံလေးတွင် ညို ထိုင်လိုက်သည်။ ဖြတ်သွား ဖြတ်လာများ ညို့ကို စူးစမ်းသလို ကြည့်သွားကြသော်လည်း ညိုသည် မျက်နှာပူပူဖြင့်သာ ဘာမှမဖြစ်သလို ဟန်ဆောင်ကာ ဆက်ထိုင်နေလိုက်၏။ သိပ်ပင်မစောင့်လိုက်ရ၊ ကိုဇော့်ဆိုင်လေးမှာ လူရှင်းသွားပြီ။ ဆိုင်ထဲမှာ ကိုဇော်တစ်ယောက်တည်း ရှိတော့သည်။ ညိုသည် သွက်လက်သော ခြေလှမ်းများဖြင့် ကိုဇော့်ဆီ အပြေးသွားလိုက်မိ၏။ ဆိုင်ရှေ့ရောက်သည့်အခါ ပိုနေသည့် ကွမ်းရွက်များနှင့် ထုံးဘူးများကို ဆွဲခြင်းထဲထည့်ရင်း ဆိုင်သိမ်းဖို့ ပြင်နေသော ကိုဇော့်ကို တွေ့ရသည်။ ညို ကိုဇော့်အနီးသို့ တိုးကပ်သွားပြီး ငိုသံစွက်ကာ ခေါ်လိုက်သည်။

"ကိုဇော်. . ."

ညို့အသံကြားသည့်အခါ ကိုဇော်က ဆတ်ခနဲ မော့ကြည့်လာ၏။

"အာ. . . ညို့. . .။ ဘယ်လိုဖြစ်လို့. . . ဒီအချိန်ကြီး"

ကိုဇော့်စကားမဆုံးခင်မှာပင် ညိုသည် ဆိုင်ထဲပြေးဝင်လိုက်ပြီး ကိုဇော်ကို ပြေးဖက်၍ ငိုကြွေးလိုက်မိသည်။

"ကိုဇော့်ဆီ ညိုလာခဲ့ပြီ ကိုဇော်. . .။ ကိုဇော် ညို့ကိုခေါ်သွားပါတော့။ ညို အိမ်ကို မပြန်တော့ဘူး"

ကိုဇော်က ဖက်တွယ်ထားသော ညို့ကိုခွာကာ ခုံတွင် ထိုင်စေ၏။ ထို့နောက် ညို့လက်ကလေးဆုပ်ကိုင်ပြီး မျက်ရည်စများကို အသာသုတ်ပေးရင်း ပြောသည်။

"ဘယ်လိုဖြစ်လို့ ဒီအချိန်ကြီးကို တစ်ယောက်တည်း လာခဲ့ရတာလဲ ညိုရယ်. . .။ ဆိုင်းမဆင့်ဗုံမဆင့် ချက်ချင်းကြီး"

mgyoe.com

mgyoe.com SAMPLE BOOK

"အိမ်မှာ မနေချင်တော့လို့ပေါ့ ကိုဇော်ရယ်။ အဖေ ညီ့ကို ရိုက်တယ်။ အမေလည်း ညီ့ဘက်မပါဘူး။ ညီ့ကိုဆို အရမ်းနှိမ်ကြတာပဲ။ ညီ အရမ်းဝမ်းနည်းတယ်။ တော်ပြီ မပြောပြချင်တော့ဘူး။ ကိုဇော် ညီ့ကို ခေါ်သွားပါတော့ ညီ ကိုဇော်နဲ့ပဲ အတူနေတော့မယ်"

ကိုဇော်က ဆုပ်ကိုင်ထားသော ညီ့လက်ကိုလွှတ်ချကာ မျက်နှာလွှဲ၍ တွေဝေသွားသည်။ ညီသည် ကိုဇော်ညီ့ကို မခေါ်ချင်သလိုဖြစ်နေမလား ဆိုသည့် အတွေးကြောင့် တုန်လှုပ်သွား၏။

"ဘာလဲ ကိုဇော်က မခေါ်သွားချင်လို့လား။ ညီ မိန်းကလေးတန်မဲ့ အားကိုးတကြီး ကိုဇော့်ဆီ အရောက်လာခဲ့တာ ကိုဇော်က ညီ့ကို နှင်လွှတ်မလို့လား ကိုဇော်. . . "

"မဟုတ်သေးဘူးလေ ညီရာ. . . ။ ကိုယ့်မှာ ဘာမှ မပြင်ဆင်ရသေးတာ။ ညီ့ကို ခေါ်သွားဖို့ ကိုယ့်မှာ အဆင်သင့် မဖြစ်သေးဘူးလေ။ အိမ်ထောင်ပြုတဲ့ကိစ္စက အခုလို ရုတ်တရက်ကြီး ဆုံးဖြတ်လို့မရဘူးလေ ညီရယ်။ ကိုယ်တို့ အေးအေးလူလူနဲ့ အချိန်တစ်ခုယူဖို့ လိုတယ်။ ကိုယ် ပြောတာ ဟုတ်တယ်မလား။ ညီ စိတ်အေးအေးထားပါ"

"ညီက ဘာကို စိတ်အေးအေးနေနိုင်ရမှာလဲ ကိုဇော်ရဲ့။ အိမ်မှာ မနေချင်တော့တဲ့အခါ အချိန်မရွေး ကိုဇော့်ဆီ အပြေးလာခဲ့လို့ ကိုဇော် ပြောထားတာ မေ့သွားပြီလား။ ဒါကြောင့် ညီ လာခဲ့တာလေ။ ဘာကြောင့် အခုမှ ကိုဇော်က တွေဝေချင်နေရတာလဲ။ ညီတောင် မိန်းကလေးတန်မဲ့ စွန့်စားခဲ့သေးတာ။ ကိုဇော် ယောကျ်ားလေးပဲ ညီ့ထက်ပိုပြီး စွန့်စားရဲရမှာပေါ့။ အခုချိန်မျိုးဖြစ်ပြီးမှ ကိုဇော်က ညီ့ကို အိမ်ပြန်လွှတ်ချင်လို့လား။ ကိုဇော် ညီ့ကို မချစ်ဘူးလား။ ညီနဲ့ လက်မထပ်ချင်ဘူးလား။ ညီ မေးနေတယ်လေ"

ညီသည် ပိုကာပြောရင်း ဘေးတွင် တွေဝေငေးမောစွာ ထိုင်နေသည့် ကိုဇော့်ကို ထုရိုက်နေမိသည်။ ရင်ထဲတွင်လည်း ဗလောင်ဆူကာ ကိုဇော် ငြင်းလိုက်မှာကို ကြောက်နေမိ၏။ ကိုဇော်က သက်ပြင်းရှည်ကြီးကိုချရင်း-

"အခုက ရုတ်တရက်ကြီး ဆိုတော့. . . ။ ကိုယ်ဘာမှ မလုပ်တတ်တော့ဘူး။ ကိုယ့်မှာ ဘာမှပြင်ဆင်ထားတာလည်း မရှိဘူး ညီ။ ကိုယ် ညီ့ကိုလက်ထပ်ဖို့ အခု မဖြစ်နိုင်သေးဘူး ထင်တယ်။ တစ်ခုခု ပြန်စဉ်းစားကြရအောင်လားကွာနော်"

ကြားလိုက်ရသည့်စကားကြောင့် ညီ အံ့သြစွာ ကိုဇော့်ကို ကြည့်လိုက်

mgyoe.com

mgyde.com SAMPLE BOOK

မိသည်။ ရင်ထဲတွင် ဝမ်းနည်းလွန်းသောကြောင့် ပြောစရာစကားများပင် ထွက်မလာတော့ပါ။ ထို့နောက်မှ စိတ်ကို တင်းရင်း ပြောလိုက်ရသည်။

"ညို့ကိုချစ်ရင် ကိုဇော် စွန့်စားရဲရမှာပေါ့။ ကိုယ့်ဆီ အရဲစွန့်ပြီး လာခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ကိုဇော် ဘယ်လိုစိတ်မျိုးနဲ့ ငြင်းရက်နိုင်တာလဲ။ ဒါဆို အခု ညို ဘာလုပ်ရတော့မှာလဲ။ ကိုဇော် မခေါ်သွားချင်လဲနေပါ။ ဒီလိုပုံစံမျိုးနဲ့တော့ ညို အိမ်မပြန်တော့ဘူး။ အိမ်ပြန်မှာထက် ညို ကိုယ့်ဘာသာကိုယ်ပဲ သတ်သေလိုက်တော့မယ်။ ညို မလုပ်ရဲဘူးမထင်နဲ့ ကိုဇော်။ အခုချိန်မှာ ညို့အတွက် အားကိုးစရာဆို့လို့ ကိုဇော်ပဲ ရှိတော့တာ။ ကိုယ် မျှော်လင့်ထားတဲ့ ကိုဇော်တောင် ညို့ဘက်မပါရင် ညို အသက်ရှင်နေလဲ အလကားပဲ။ ညို သေသွားမှ ကိုဇော် နောင်တမရနဲ့။ ဒီမှာ ကိုဇော်. . .။ ကိုဇော့်ကို ညို တစ်ခုပဲ မေးမယ်။ ကိုဇော် ညို့ကို လက်ထပ်မှာလား၊ လက်မထပ်ဘူးလား ဒါပဲပြော။ ကိုဇော် ပြတ်ပြတ်သားသားပဲ ပြောလိုက်. . ."

"ဒီလို မဟုတ်သေးဘူးလေ ညို။ ညို့ကို လက်မထပ်နိုင်ဘူးလို့ ငြင်းတာမဟုတ်ဘူး။ အခု လက်မထပ်နိုင်သေးဘူး ပြောတာ။ ဒီထက်ပိုကောင်းတာကို ကိုယ်တို့ စဉ်းစားရမှာပေါ့"

"အခုချိန်မှာ ကိုဇော် ညို့ကို ကြည်ကြည်ဖြူဖြူ ခေါ်သွားတာထက် ပိုကောင်းတာများ ရှိသေးလို့လား ကိုဇော်ရယ်"

ကိုဇော်က သက်ပြင်းတစ်ချက်ကို လေးကန်စွာချရင်း ပြောသည်။

"ကဲပါလေ. . . ထားလိုက်ပါတော့။ ညို လိုက်ခဲ့ချင်ရင် ကိုယ်ခေါ်သွားပါ့မယ်။ ကိုယ့်အိမ်ကိုပဲ လိုက်ခဲ့နော်"

ကိုဇော်က လေပြည်သွေးကာ ပြောသောကြောင့် ညို ပျော်သွားသော်လည်း ချက်ချင်း လိုလိုချင်ချင် မခေါ်ခဲ့သည့်အတွက် ရင်ထဲမကောင်းပါ။ သို့သော် ညို့အတွက် တုံ့ဆိုင်းနေဖို့ အချိန်မရှိတော့။ ဆုပ်လည်းစူး၊ စားလည်း ရူးဘဝမို့ ညို့မှာ ရေရေရာရာ ရွေးချယ်ခွင့် မရှိတော့ပါ။ လိုက်ခဲ့ဖို့ခေါ်သည့် ကိုဇော့်ကိုပင် ကျေးဇူးတင်ရဦးမည် မဟုတ်ပါလား။

❑

ကိုဇော်အိမ်က ဈေး၏အနောက်ဘက်တောင်ကုန်းပေါ်က ရပ်ကွက်လေးတွင် ရှိသည်။ နှစ်ယောက်သားသည် ဖုန်တင်နေသော ကတ္တရာလမ်းနီနီကြီးပေါ်တွင် နှုတ်ဆိတ်စွာ လျှောက်နေရင်း ညိုက ကိုဇော့်လက်မောင်းကို တင်းကျပ်စွာ

mgyde.com

mgyoe.com SAMPLE BOOK

ဆုပ်ဖက် မှီတွယ်ထားလိုက်သည်။ သိပ်ပင် မလျှောက်လိုက်ရ၊ လမ်းသွယ်လေးသို့ အနည်းငယ် ချိုးကွေ့ဝင်ပြီးသည့်အခါ ကိုဇော့်အိမ်သို့ ရောက်ခဲ့သည်။

အိမ်လေးမှာ ခပ်သေးသေး သွပ်မိုးထရံကာ မြေစိုက်အိမ်လေးဖြစ်၏။ မျက်နှာဝကျဉ်းပြီး နောက်သို့ ရှည်သွားဟန်ရှိသည်။ အိမ်ရှေ့တွင် ဝါကျင်ကျင် မီးသီးတစ်လုံး ချိတ်ဆွဲထားသော်လည်း လင်းတယ်ဆိုရုံမျှသာ။ အိမ်ကလေးမှာ မှိန်ကုပ်ကုပ်။ ရေနံမဝသော အိမ်ထရံမည်းမည်းကြီးမှာ ဖြူရော်ခြောက်ကပ်လို့နေပြီ။ သံချေးတက်နေသော အိမ်သံဆန်ခါတံခါးမှ အိမ်ထဲတွင် လူရိပ်တချို့ကို လှမ်းမြင်နေရသည်။ လမ်းမနှင့် အိမ်ခြံသည်ကပ်လျက်ဖြစ်ပြီး ခြံတံခါးနှင့် အိမ်၏ကြားတွင် သုံးပေလောက်သာ မြေနေရာလွတ်ရှိသည်။ ခြံအဝင်တွင် ခနော်ခနဲ့ သစ်သားရင်ခွဲတံခါးလေး ရှိ၏။ ကိုဇော်က ညီ့ကို ကိုင်ထားသော လက်ကိုလွှတ်ကာ သစ်သားရင်ခွဲတံခါးထိပ်တွင် စုချိတ်ထားသော သံကွင်းလေးကိုဖြုတ်ပြီး ခြံတံခါးကို ဖွင့်လိုက်သည်။

"လာလေ ညီ အထဲကို. . ."

ညီ အနီးသို့တိုးကပ်ပြီး ကိုဇော့်လက်ကလေးကို ဆုပ်ညစ်ထားလိုက်၏။ ညီ ကြောက်လည်းကြောက်နေသလို ရင်တွေလည်း တုန်နေပါသည်။ မဝံ့မရဲဖြင့် အနည်းငယ်မှောင်နေသော အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

အိမ်ထဲတွင် လူအတော်များပြီး အားလုံးမှာ အဖြူအမည်းတီဗွီကို စိတ်ဝင်တစား ကြည့်နေကြသည်။ အိမ်ရှေ့ခန်းက သိပ်မကျယ်လှပါ။ အထဲတွင် တမံတလင်း မခင်းထားသော်လည်း နင်းပါများသောကြောင့် တင်းမာ ချောမွတ်နေသည်။ တီဗွီရှေ့တွင် ခုတင်တစ်လုံးရှိပြီး ခုတင်ပေါ်တွင် ကလေး သုံးယောက် ထိုင်နေသည်။ ခုတင်၏ ဘေးပက်လက်ကုလားထိုင်ပေါ်တွင် ဝဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ်ဦး၊ အမျိုးသမီးကြီးထိုင်နေသော ထိုင်ခုံကိုမှီကာ အောက်တွင် ထိုင်နေသည့် မိန်းကလေး တစ်ဦး ရှိသည်။ ထို့နောက် အိမ်နောက်ဘက်ခန်းမှာလည်း လူရိပ်များ တွေ့နေရသေး၏။ အိမ်ရှေ့ခန်းလူများ အားလုံးသည် အိမ်တံခါးပေါက်ကို ကျောခိုင်းထားသောကြောင့် ညီတို့ဝင်လာသည်ကို မမြင်ကြပါ။ ကိုဇော်က ဆွဲခြင်းကိုချရင်း လှမ်းခေါ်လိုက်၏။

"အမေ. . ."

အသံကြားသည့်အခါ ထိုင်နေသော ဝဖိုင့်ဖိုင့်အမျိုးသမီးကြီးနှင့်အတူ အားလုံးသည် ညီတို့ဘက်ကို လှည့်ကြည့်လာကြသည်။ အားလုံး၏ အကြည့်သည်

mgyoe.com

mgyoe.com SAMPLE BOOK

သူစိမ်းဖြစ်သော ညို့ဆီသို့ စုပြုံရောက်လာကြ၏။ စူးစမ်းသလို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေကြသော ထိုအကြည့်များကို ညိုသည် ရင်ဆိုင်နိုင်စွမ်းမရှိသည်နှင့် မျက်လွှာချထားလိုက်ရသည်။

"ဟဲ့. . . ဖိုးဇော်။ ဒီအချိန်ကြီး ဘယ်ကမိန်းကလေးကို အိမ်ခေါ်လာတာတုန်း"

"သား မိန်းမ ခိုးလာတာ အမေ"

"ဘုရားရေ. . .။ မိန်းမ ခိုးလာတယ် ဟုတ်လား။ ဖိုးဇော်ရယ် နင်ကတော့ လုပ်ချလိုက်ပြန်ပြီဟယ်။ အိမ်အခြေအနေကို နင် သိလျက်သားနဲ့ ဒီအချိန်ကြီး မိန်းမယူစရာလားဟဲ့။ ငါ စိတ်ညစ်တော့တာပဲ။ ကလေးမက ဘယ်ကလဲ။ ဘယ်သူ့သမီးလဲ"

ညို မဝံ့မရဲ မော့ကြည့်လိုက်မိ၏။ ကိုဇော့်အမေမျက်နှာသည် ညို့ကို လိုလိုချင်ချင်ရှိသည့်ပုံ မပေါ်ပါ။

"လက်ပံရွာကပါ အမေ"

"ယူစရာရှားလို့ တောသူမကို ယူလာရတယ်လို့ကွယ်။ ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်ပြန်ပြီ။ ဒီအမေကို ဒုက္ခပေးလို့ကို မပြီးနိုင်တော့ဘူး။ သမီးကြီးရေ. . . သမီးကြီး။ လာပါဦး အရေးကြီးလို့"

မိခင်သည် ကိုဇော့်ကို စိတ်ပျက်သလိုပြောပြီး အိမ်နောက်ထဲကို ကျယ်လောင်စွာ လှမ်းအော်လိုက်၏။ ထူးသံနှင့်အတူ အသက် ၄၀ ဝန်းကျင် အသားဖြူဖြူနှင့် အမျိုးသမီးတစ်ဦး အူယားဖားယား အပြေးရောက်ရှိလာသည်။ ညို့ကိုတွေ့သည့်အခါ စူးစမ်းသလိုကြည့်ရင်း ညိုတို့နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်သည်။

"နင့်မောင်တော့ မိန်းမ ခိုးလာတယ်တဲ့။ ကြည့်ပြောဦး နင့်မောင်ကို ငါတော့ ပြောကို မပြောချင်တော့ဘူး"

"ဖိုးဇော်ရယ်. . .။ နင်ကလည်း မပြောမဆို လုပ်ပြန်ပြီဟယ်. . .။ အိမ်မှာက လူများပါတယ်ဆို ထပ်တိုးလာပြန်ပြီ။ အခု ဘယ်မှာနေကြမလဲ နင်တို့"

"အိမ်မှာပဲနေမှာပေါ့ဗျာ။ အိမ်မှာမနေလို့ ငါက ဘယ်ကိုသွားနေရမှာလဲ။ ငါ့ခုတင်လည်း ကျယ်သားပဲ။ နှစ်ယောက်အိပ်လို့ ရတယ်"

"ဟဲ့. . .။ အိပ်ရုံပြီးမလား။ စားတာသောက်တာပါ တိုးလာပြီလေ။ နင်က ဘယ်နှပြား ရှာကျွေးနိုင်လို့ ယူလာတာလဲ။ အိမ်မှာလည်း လူက များကများနဲ့။ ဘာမှ မပြင်ဆင်ဘဲ မိန်းမယူစရာလား။ ဒီမှာ ညီမလေးကိုလည်း မေးပါဦးမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖိုးဇော်အကြောင်း ဘာသိလို့ ညီမက လိုက်ခဲ့တာလဲ။ အရင်ကလည်း. . . ”

ကိုဇော်က အစ်မ ပြော၍မပြီးခင် အတင်းဝင်ဖြတ်ကာ ပြောလိုက်၏။

“မမ နင်တော်တော့။ မပြောနဲ့တော့။ ငါ ပြဿနာ မဖြစ်ချင်ဘူး။ ငါ့ဘာသာ မိန်းမယူတာ နင်နဲ့ ဘာဆိုင်လဲ။ လာ ညို အခန်းထဲသွားရအောင်”

ကိုဇော်က ပြောပြောဆိုဆို ညို့လက်ကိုဆွဲကာ ခေါ်သောကြောင့် ညိုသည် ခပ်ရှိုးရှိုးကလေးပင် ခေါင်းကလေးငုံ့ကာ ကိုဇော်ခေါ်ရာသို့ လိုက်ခဲ့ရသည်။ အစ်မက ဘာကိုဆက်ပြောမည် မသိသော်လည်း ကိုဇော့်အကြောင်း ညို မသိတာများ ရှိနေသေးလား ဆိုပြီး သံသယဝင်လာသည်။ သို့သော်လည်း ရင်ထဲတွင် ညို့ကို ဘယ်သူမှ လိုလိုချင်ချင်မရှိ၍ ဝမ်းနည်းစိတ်က ပိုနေသောကြောင့် ဘာကိုမှ ထူးပြီး စိတ်မဝင်စားနိုင်ခဲ့။

လေးလံနေသောစိတ်ကနေ တွေးခဲ့မိသည်။ ညို့ဆုံးဖြတ်ချက်တွေ မှားခဲ့ပြီထင်သည်။ သို့သော်လည်း ဆုံးဖြတ်ချက်က ပန်းတိုင်ရောက်သွားခဲ့ပြီမို့ နောက်ပြန်လှည့်ဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။

❑

ကိုဇော့်အခန်းသည် အိမ်၏နောက်ဆုံးအခန်းဖြစ်ပြီး အတော်လေး ကျဉ်းလှသည်။ ခုတင်တစ်လုံးနှင့်ပင် ပြည့်နေပြီး ခုတင်ပေါ်တက်လိုပါက နံရံဘေးကို ကပ်ကာ ကိုယ်ကိုစောင်း၍တက်ရ၏။ အခန်းမှာ တံခါးမရှိ။ အနီရောင်ခန်းဆီးစ ပါးပါးကလေးသာ ကာထားသည်။ အခန်း၏ အနောက်ဘက်က ရေချိုးခန်းနဲ့ အိမ်သာ ဖြစ်ဟန်တူသည်။ အိမ်နောက်ဖေးပေါက်သည် တစ်ဖက်ခြံ၏ အုတ်တံတိုင်းနံရံနှင့် ထိကပ်နေပြီး တံခါးပေါက်မရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေ၏။ ထိုအပေါက်မှာ တိုက်လာသောလေများကြောင့် ပါးလွှာသောခန်းဆီးစသည် တလွင့်လွင့်ဖြစ်ကာ အခန်းမှာ လုံခြုံမှု မရှိပါ။

ဘေးအခန်းနှင့် ထရံတစ်ချပ်သာခြားပြီး ထရံပေါ်တွင် အရောင်အသွေးစုံသော သတင်းစာရွက်များ စုပြုံ၍ ကပ်ထားသည်။ ကိုဇော့်အခန်းနှင့် ကပ်လျက်အခန်းမှာ ကိုဇော့်အစ်မအခန်းဖြစ်သည်။ အခန်းထဲတွင် မလျှော်ဖွပ်ရသေးသည့် အဝတ်အစားနံ့တို့က လှိုင်လှိုင်ထနေသောကြောင့် ညိုသည် နှာခေါင်း မရှုံ့မိအောင် အတော်လေး ဟန်ဆောင်ထိန်းထားရသည်။ ခုတင်ခြေရင်းတွင် ဝတ်ပြီးသား အဝတ်များက အပုံလိုက်၊ အတွင်းခံနှင့် ခြေအိတ်များပင် ပါသေးသည်။ နံရံဘေး ကပ်လျက် အဝတ်တန်းပေါ်တွင်လည်း အဝတ်များက ဖြစ်သလို စုပြုံတွဲကျလျက်

mgyoe.com

mgyoe.com

ရှိ၏။ ခုတင်မှာ နှစ်ယောက်အိပ်ခုတင် ဖြစ်သော်လည်း အလယ်တွင် ရိရော်နေသော တစ်ယောက်အိပ် သင်ဖြူးဖျာတစ်ချပ်နှင့် ခေါင်းအုံးတစ်လုံး၊ စောင်ကြမ်းတစ်ထည်သာ ရှိသည်။ ခေါင်းအုံးမှာ အုံးပါများသောကြောင့် ပြားကပ်နေ၏။ ညိုသည် စိတ်ပျက်စွာဖြင့် တကိုယ်ကြားရုံမျှ သက်ပြင်းချရင်း ခုတင်ပေါ် ခပ်ကျုံ့ကျုံ့ကလေး ဝင်ထိုင်လိုက်မိသည်။

အိမ်မှာ ညိုတို့အိမ်နှင့်တော့ အကွာကြီးကွာ၏။ ညိုတို့အိမ်သည် သပ်သပ်ရပ်ရပ်နှင့် လုံလုံခြုံခြုံရှိလှသည့်အပြင် အိမ်ကျယ်ခြံကျယ်နှင့် အသက်ရှုချောင်လှသည်။ အိပ်ခန်းအသုံးဆောင်ပစ္စည်းများမှာ အဖေ အလုပ်အဆင်ပြေစဉ်အချိန်က ဝယ်ထားသောကြောင့် အကုန်လုံး ကောင်းကောင်းမွန်မွန် ရှိသည်။ အသန့်ကြိုက်ပြီး အိမ်ညစ်ပတ်နေပါက အမြဲလိုလို ပြဿနာလုပ်တတ်သော အဖေကြောင့် အမေနှင့် ညိုသည် အားအားရှိ အိမ်သိမ်းဆည်း၊ ကြမ်းတိုက် လုပ်ကြရသည်။ ထို့ကြောင့် အိမ်မှာ ဘယ်နေရာကြည့်ကြည့် ဖုန်တစ်မှုန်မရှိ၊ အနံ့အသက်တစ်ခုမှ မရှိ၊ လေကောင်းလေသန့်လည်း ရသည်။ ယခုလို ပင်ပန်းနွမ်းနယ်ပြီး ပစ်လှဲချင်စိတ်ပေါက်နေသည့်အချိန်မျိုးမှာ ညိုသည် အမေတို့အိမ်တွင် ကျန်ခဲ့သည့် ညို့ခုတင်မွေ့ရာလေးကို လွမ်းလာသည်။

"ညို. . . စိတ်ညစ်နေပြီလား။ နောက်တော့ နေသားကျသွားမှာပါ။ ဒီလိုပဲ ကိုယ်တို့အိမ်က လူများတယ်။ အမေကလည်း နည်းနည်းတော့ ပစိပစပ်များတယ်။ ညို အဆင်ပြေပြေနေမှ ရမယ်နော်"

ညို ခေါင်းကိုသာ သွင်သွင်ညိတ်၍ ပြန်ဖြေလိုက်သည်။ ကိုဇော်က ညို့ဘေးတွင်ဝင်ထိုင်ရင်း အိမ်မှာ ကိုဇော်အပါအဝင် မိသားစု ၇ ယောက်ရှိကြောင်း၊ စောစောက တီဗွီကြည့်နေသော ကလေးသုံးယောက်သည် ကိုဇော်အစ်မ၏ကလေးများဖြစ်ပြီး၊ ကိုဇော့်အမေ၏ ဘေးတွင်ထိုင်နေသော ကလေးမကတော့ ကိုဇော်တို့ ညီမအငယ်ဆုံးဖြစ်ကြောင်း၊ ကိုဇော့်အစ်မသည် အမျိုးသားနဲ့ကွဲပြီး ကလေးသုံးယောက်နဲ့ အိမ်တွင် ပြန်နေကြောင်း စသဖြင့် ပြောပြနေသည်။ ဆန္ဒရှိအတိုင်းဆိုပါက ညိုသည် ယခုအိမ်ကနေ ပြေးထွက်ချင်နေမိသည်။ သို့သော်လည်း ယခုတိုင်းတစ်သက်လုံးနေသွားရမှာ မဟုတ်။ တစ်ချိန်ကျလျှင်တော့ ကိုဇော်ကို အိမ်ကခွဲထွက်ခိုင်းဖို့ တိုက်တွန်းရမည်ဟု တွေးရင်း နေတတ်အောင်နေဖို့ ဆုံးဖြတ်လိုက်သည်။

"ညို. . . ဗိုက်ဆာလား။ အစ်မ ဘာဟင်းချက်လဲ မသိဘူး။ ကိုယ် ညို့

mgyoe.com

mgyoe.com SAMPLE BOOK

အတွက် ထမင်းသွားခူးပေးမယ်နော်"

"နေနေ ကိုဇော်. . . ။ ညို မဆာဘူး။ စားလို့လည်းဝင်မှာ မဟုတ်ဘူး။ ညို ဆာရင်တော့ ပြောပါ့မယ်"

"အင်းပါ. . . ။ ဒါဆို ကိုယ်ရေချိုးလိုက်ဦးမယ်"

ကိုဇော်က ပြောပြောဆိုဆို အဝတ်တန်းပေါ် လုံးတင်ထားသည့် ရေချိုးတဘက်ကို ဆွဲယူကာ အပြင်ထွက်သွား၏။ ညိုသည် အခန်းထဲတွင် ငုတ်တုတ်ထိုင်ရင်း အတွေးများဖြင့် ကျန်ရစ်ခဲ့ရသည်။ အပြင်တွင် ကိုဇော်တို့မိသားစု ညို့အကြောင်းကို တိုးတိုးတိတ်တိတ် ပြောနေကြသည်။ သို့သော်လည်း ဘာကိုမှ သဲသဲကွဲကွဲ မကြားရပါ။ ကိုဇော် ရေချိုးပြီး အခန်းထဲပြန်ရောက်လာသည့်အခါ ညိုသည် ခုတင်ပေါ်တွင် လဲလျောင်းရင်း အတွေးနယ်ချဲ့နေရာမှ ထထိုင်လိုက်၏။ ထို့နောက် ဘေးအခန်းမှ စောင်များခါနေသည့် တဘုန်းဘုန်းအသံ ကြားရသည်။

"ဖိုးဇော် ငါ့အခန်းထဲကို စောင်တစ်ထည် လာယူလှည့်။ နင့်မှာစောင်တစ်ထည်ပဲရှိတာ မဟုတ်လား"

"အေး လာယူမယ် မမ။ ခေါင်းအုံးတစ်လုံးပါ ပေးဦးနော်"

"ဟဲ့ ငါ့မှာ ခေါင်းအုံး အပိုမရှိဘူး။ အဆင်ပြေတာနဲ့သာ အုံးအိပ်ကြတော့"

အစ်မစကားကြောင့် ကိုဇော်က မျက်နှာပျက်သွားကာ ညို့ကို အားနာသလို လှမ်းကြည့်၏။ ညိုကတော့ ဘာမှမဖြစ်သလို ဟန်ဆောင်၍ နေလိုက်ရသည်။ ထို့နောက် ကိုဇော်က ညို့ဘေးတွင်ဝင်ထိုင်ပြီး နားသို့ကပ်ကာ တိုးတိုးလေးပြောသည်။

"ညို့အတွက် ခေါင်းအုံး မလိုပါဘူး။ ကိုယ့်လက်မောင်းက ညို့အတွက် ခေါင်းအုံးပဲလေနော်"

ညိုက ကိုဇော့်ကို အားယူပြုံးပြလိုက်၏။ စိတ်ထဲတွင်တော့ သက်ပြင်းကို အကြိမ်ကြိမ် ချရင်း ပြောနေမိသည်။

"ညိုတို့ မင်္ဂလာဦးညက ဒီလောက်ထိ ကဗျာဆန်မနေပါဘူး ကိုဇော်ရယ်"

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

ညိုအိပ်ရာက နိုးသည့်အခါ အနားမှာ ကိုဇော် ရှိမနေတော့ပါ။ ညိုသည် ကြောက်လန့်တကြားဖြင့် အိပ်ရာမှ လူးလဲထလိုက်၏။ အိပ်ရေးမဝသောကြောင့် ခေါင်းထဲမှာ မူးဝေနောက်ကျိနေလေသည်။ မနေ့ညက တစ်ညလုံး ဟိုသည် တွေးတောရင်း ညို အိပ်၍မပျော်။ လင်းအားကြီးချိန်မှ မှေးခနဲ အိပ်ပျော်သွား၏။ ညို အိပ်ပျော်သွားစဉ်အတွင်း ကိုဇော် ထသွားခဲ့ခြင်း ဖြစ်မည်။ ကိုဇော်မပါဘဲ အခန်းပြင်သို့ မထွက်ချင်သောကြောင့် ကိုဇော်လာနိုး၊ လာနိုး ထိုင်ကာစောင့်နေခဲ့မိသည်။

အပြင်ပတ်ဝန်းကျင်မှာတော့ အသံများ အတော်လေး ဆူညံပွက်လောရိုက်နေ၏။ ကလေးများ၏ဆော့ကစားသံများ၊ ဘေးအိမ်က ရေစက်မောင်းသံများ၊ ချက်ပြုတ် ကြော်လှော်သံများနှင့် တရားခွေဖွင့်သံများ ဆူညံနေသည်။ တစ်ချက် တစ်ချက် အိမ်ရှေ့ခန်းက ကိုဇော့်အမေအသံ ဩဩကြီးကို ကြားနေသည်။ ဆော့နေသော ကလေးများကို လှမ်းအော် ဆူငေါက်နေသံဖြစ်၏။ ကိုဇော့်အသံကိုတော့ မကြားရပါ။

ညိုသည် ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်ကာ ကိုဇော်ကိုစောင့်နေရင်း အချိန်အတော်လေး ကြာသွားသည်။ နောက်ဆုံး လုံးဝပေါ်မလာတော့သည့်အခါ အခန်းပြင်သို့ ထွက်ဖို့ ပြင်ရပါတော့သည်။ ကိုဇော်သည် ပထမဆုံး မိသားစုနှင့် မျက်နှာချင်းဆိုင်ရမည့် မနက်မှာပင် ညို့ကိုစောင့်မနေဘဲ ဘယ်သို့သွားနေမှန်း

mgyoe.com

မသိသောကြောင့် ညို စိတ်တိုသွား၏။ အမှန်ဆိုလျှင် ပထမဆုံး မနက်လေးမှာတော့ ညို့အနားမှာပဲ ရှိနေသင့်သည် မဟုတ်လား။ အခုမှ သိရမယ့် သူစိမ်းတွေကြားမှာ ညို့ကို ဘယ်လိုစိတ်နှင့် ထားခဲ့နိုင်ပါသနည်း။ ကိုဇော့်အတွက် မိသားစုဆိုသော်လည်း ညို့အတွက်တော့ ယခုမှ တွေ့ဖူးသည့် သူစိမ်းအိမ်ပင်။ ပြီးတော့ ညို့ကို လိုလိုချင်ချင်ရှိသည့် မိသားစုဆိုလျှင်တောင် ညို မျက်နှာပြရဲသေးသည်။ ခုတော့ ညိုဘယ်လိုမျက်နှာမျိုးနှင့် အပြင်ထွက်ရမှာပါလိမ့်။ သိပ်ကို ဝမ်းနည်းစရာကောင်းတာပဲ ကိုဇော်ရယ်. . .။

ယခုထက်ပို၍ အခန်းထဲမှာ နေလို့ မကောင်းတော့ပါ။ တော်ကြာ နေဖင်ထိုးမှ အိပ်ရာထတတ်သည့် အပျင်းကြီးသောမိန်းမလို့ ယောက္ခမ သတ်မှတ်သွားမှာ ညို မခံချင်။ ခုတင်ပေါ်မှဆင်းကာ ထဘီကို သေချာပြင်ဝတ်သည်။ တွန့်ကြေနေသော အဝတ်အစားများကြောင့် ညို စိတ်ပျက်သွား၏။ ဝတ်ထားသော အဝတ်အစားသည် မနေ့တစ်နေ့ညကတည်းက ဝတ်အိပ်ထားသော အဝတ်အစားများဖြစ်သည်။ မနေ့မနက်ပိုင်းကလည်း ယခုဝတ်စုံနှင့်ပင် အမေနှင့် ရွာစဉ်လှည့် ကုန်စိမ်းလိုက်ဝယ်ထားသောကြောင့် အဝတ်အစားမှာ အတော်လေး တွန့်ကြေကာ မြင်လို့ မကောင်း ဖြစ်နေသည်။ အဝတ်စားလဲဖို့လည်း ညို့မှာ တစ်စုံမျှပင်ပါမလာ။ ဒုက္ခပါပဲ။ အမှန်ဆို အခု ညို ရင်ဆိုင်နေရသည့် အခက်အခဲအားလုံးကို ကိုဇော် ဖြေရှင်းပေးသင့်ပေသည်။ စဉ်းစားမိတိုင်း ကိုဇော့်ကိုသာ စိတ်တိုမိ၏။ အခန်းက မထွက်၍လည်း မရတော့သည့်အနေထားမို့ ပွယောင်းနေသော ဆံပင်များကို အနည်းငယ် သပ်တင်ကာ ထွက်ခဲ့လိုက်သည်။

အိမ်နောက်ဖေးခန်းကို ခပ်သုတ်သုတ်သွားပြီး အပေါ့အပါးသွားလိုက်၏။ အိမ်သာက အတော်လေး ညစ်ပတ်နေသောကြောင့် အသက်အောင့်၍ ကိစ္စရှင်းရသည်။ ထို့နောက် ရေချိုးခန်းသို့ဝင်ကာ မျက်နှာကို သစ်လိုက်သည်။ အိမ်ရှေ့ခန်းတွင် ကိုဇော်ရှိလိုရှိငြား လှမ်းကြည့်သော်လည်း ဘာမှမမြင်ရ။ အိမ်ထဲတွင် အတော်လေး မှောင်နေသည်။ လူသံများ ကြားရသောကြောင့် အိမ်ရှေ့ခန်းတွင် ယောက္ခမဖြစ်သူတော့ ရှိနေသည်မှာ သေချာ၏။

မျက်နှာကို ရေစင်အောင်သပ်ချရင်း အိမ်ရှေ့ခန်းသို့ မဝံ့မရဲ ထွက်ခဲ့လိုက်သည်။ အိမ်ရှေ့ခန်း ပက်လက်ကုလားထိုင်ပေါ်တွင် မနက်စာ စားနေသော ယောက္ခမကို တွေ့ရသည်။ ညို့ကိုတွေ့သည့်အခါ တစ်ချက်ကလေးလှမ်းကြည့်ပြီး ဘာစကားမှမပြောဘဲ မနက်စာကို ငုံ့စားနေ၏။ အိမ်ရှေ့ဖိနပ်ချွတ်သည့်နေရာမှာ

mgyoe.com

mgyde.com SAMPLE BOOK

တော့ ကြောင်တစ်ကောင်ကို ပွေ့ချီနမ်းရှုပ်ပြီး ကစားနေသော အစ်မ၏ သမီးအငယ်ဆုံးမလေးကို တွေ့ရသည်။ ညိုသည် မနေတတ်တော့သည်နှင့် ယောက္ခမရှေ့သို့ မဝံ့မရဲ တိုးကပ်ကာသွားပြီး ကိုဇော်ကို မေးရ၏။

"ဟိုလေ အမေ။ ကိုဇော်ကော. . . "

ယောက္ခမက တစ်ချက်ကလေး မော့ကြည့်ပြီး ပြောသည်။

"ဆိုင်သွားပြီပေါ့။ ဒီအိမ်မှာ ဇိမ်နဲ့ အိပ်နိုင်တဲ့သူတစ်ယောက်မှ မရှိဘူး"

အို. . .။ ဒါ ညို့ကို စောင်းပြောလိုက်တာပဲ။ ညို့မျက်နှာ နွေးခနဲ ဖြစ်သွားသည်။ အပျင်းကြီးသည့်မိန်းမလို ညို့ကိုထင်မှာ စိုးရိမ်လို့ပင်မဆုံးသေး ယောက္ခမ ပြောကွက်ထဲ ချက်ချင်းရောက်သွားခဲ့ပြီ။ ပထမဆုံးနေ့မှာပင် နားလည်မပေးသည့် အပြင် အလိုက်အထိုက်ပင် မရှိလား။ ဒီအတိုင်းဆိုပါက ရေရှည်ဖြစ်ပါ့မလား။ တွေးရင်း ညို စိတ်ပျက်သွားသည်။ တကယ်ဆိုလျှင် ကိုယ့်သားယူလာသည့်မိန်းမကိုတော့ ယခုလို မဆက်ဆံသင့်ပါ။ ညို့အကြောင်း ဘာသိသေးလို့ ညို့ကိုမြင်မြင်ချင်း မုန်းနေရပါသလဲ တွေးမိပြီး ညို အံ့ဩမိသည်။ သို့သော်လည်း ဘာတတ်နိုင်မည်နည်း။ ယခုလက်ရှိဘဝက ယောက္ခမအရိပ်မှာ ခိုနေရသည် မဟုတ်ပါလား။ ထို့ကြောင့် ဘာမှမဖြစ်သလို အသံကို ထိန်းထားရင်း ပြောလိုက်ရသည်။

"သမီး ခဏလိုက်သွားလိုက်ဦးမယ် အမေ"

ခွန်းတုံ့ပြန်မလာတော့ပါ။ အစ်မဖြစ်သူကိုလည်း မတွေ့သောကြောင့် မသွားခင် အဝတ်အစားတစ်စုံလောက် တောင်းဝတ်ဖို့ စိတ်ကူးလည်း မဖြစ်နိုင်တော့။ ငါ့နှယ် အရာရာခက်ခဲလိုက်တာနော်။ ထို့နောက် ယောက္ခမရှေ့မှ ခပ်ယို့ယို့ကလေး ထွက်ကာ အပြင်သို့ထွက်ခဲ့၏။ အိမ်ရှေ့တွင် ကြောင်နှင့် ကစားနေသည့် အငယ်မလေးက ညို့ကို မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်ရင်း ပြုံးပြသည်။ ညိုသည် တစ်အိမ်လုံးတွင် ညို့ကို ပထမဆုံးပြုံးပြသည့် ကလေးမလေး၏ခေါင်းကို အသာလေး ပွတ်သပ်ပေးရင်း အိမ်က ဂျစ်တူးလေးကို သတိရသွားသည်။ ဘယ်လိုပြောပြော ဂျစ်တူးလေးက ဆိုးသော်လည်း ညို့ကိုတော့ ခင်သည်။ သားပြည့်နဲ့စာလျှင် လိမ္မာသည်။ ညို ချော့ခိုင်းသည့် အရာမှန်သမျှ ကြည်ကြည်ဖြူဖြူ လုပ်ပေးနေကြပင်။ အခုဆို ဂျစ်တူးလေးတို့ကို ဘယ်သူများ ထမင်းချက်ကျွေးမလဲ။ အမေတစ်ယောက်တည်း ဈေးရောင်းတစ်ဖက်၊ ချက်ပြုတ်တာတစ်ဖက်နဲ့ နိုင်ပါ့မလား။ ပြီးတော့ အခုဆိုလျှင် အမေတို့ တစ်ညလုံးပျောက်သွားသည့် ညို့ကို ဘယ်လိုပင် ရှာပုံတော်ဖွင့်နေကြမလဲ။ ညိုတွေးရင်း မျက်ရည်တွေ ဝိုင်းတက်လာသည်။ တကယ်ဆိုလျှင်

mgyde.com

mgyoe.com
SAMPLE BOOK

ညိုသည် ထွက်မလာခင် စာတစ်စောင်လောက်တော့ ရေးထားခဲ့ဖို့ကောင်းပါသည်။ သို့သော်လည်း ထွက်လာစဉ်တုန်းက ထူပူနေသောကြောင့် ညို ဘာကိုမှ သတိမရခဲ့ပါ။ ငါဟာ တော်တော်စဉ်းစားဉာဏ်မဲ့တဲ့ မိန်းမပါလားနော်။

အိမ်မှ ခပ်သွက်သွက် ထွက်လာခဲ့၏။ ဖုန်တင်နေသော ကတ္တရာလမ်းနီနီကြီးပေါ် နင်းလျှောက်ရင်း ကိုဇော့်ဆိုင်ရှိရာ ဈေးသို့ဆင်းခဲ့သည်။ အိပ်ရေးမဝသောကြောင့် ခေါင်းထဲတွင် မကြည်ပါ။ ညို မျှော်လင့်ထားသလို ယခုထိ ဘာမှဖြစ်မလာသေး။ ညိုတို့အိမ်ထောင်ရေးသည် သာယာသော အိမ်ထောင်ရေးရောဖြစ်လာပါ့မလားဆိုသည့် အတွေးကို မတွေးကောင်းပေမဲ့ ညို တွေးနေမိသည်။

ကိုဇော့်ဆိုင်သို့ ရောက်တော့ ဆိုင်ဘေးတွင်ကပ်ကာ ရပ်ထားသည့် စက်ဘီးကိုတွေ့ပြီး ညို စိတ်လှုပ်ရှားသွားသည်။ ဒါ ညိုတို့စက်ဘီးပဲ။ ဒါဆိုအမေဈေးထွက်တယ်ပေါ့။ ဝယ်ထားတဲ့ကုန်စိမ်းတွေ ပစ်ထုတ်ရမှာစိုးလို့ နှမြောပြီး အမေဈေးထွက်တာထင်ရဲ့။ အို. . . အမေရယ်။ အမေက စက်ဘီးကို သိပ်တွန်းတတ်တာမှ မဟုတ်ဘဲ။ ဘယ်လောက်တောင် ခက်ခက်ခဲခဲတွန်းလာရမှာလဲ မသိ။ သားပြည့် လိုက်ပို့တာတော့ မဖြစ်နိုင်ပါ။ သားပြည့်က ဘယ်တော့မှ မိဘကို လုပ်ကူရကောင်းမှန်းသိတဲ့ကောင် မဟုတ်။ ဈေးတောင်း ပင့်ခိုင်းဖို့ သွားနှိုးရင်တောင်ခြေဆောင့်ချင်တဲ့ကောင် မဟုတ်လား။ ရင်ထဲတွင် အမေ ဈေးရောက်နေသည်ကိုသိရသောကြောင့် အလွန်တရာ ဝမ်းနည်းဆို့နင့်သွားသည်။ ထို့ကြောင့် စက်ဘီးလေးကို ရပ်ကြည့်နေရင်း ညို မျက်ရည်တွေ ဝိုင်းတက်လာခဲ့သည်။

"ညို. . .။ လာလေ ဆိုင်ထဲကို"

ကိုဇော် လှမ်းခေါ်သံကြားသည့်အခါမှ ညိုသည် ရစ်သိုင်းနေသည့်မျက်ရည်များကို ပုတ်ထုတ်ရင်း ဆိုင်ထဲဝင်ခဲ့သည်။ ကိုဇော့်ကို တွေ့တွေ့ချင်းညို့ကို အိပ်ရာထဲ တစ်ယောက်တည်းထားခဲ့သည်ကို တွေးမိလာပြီး စိတ်တိုသွားသည်။ မျက်နှာကို ဆူပုတ်ထားပြီး ပြောလိုက်၏။

"ကိုဇော်. . . ဘာလို့ ညို့ကိုထားခဲ့ပြီး တစ်ယောက်တည်း ထသွားတာလဲ။ ညို့တစ်ယောက်တည်း အနေခက်မှာ ကိုဇော် နည်းနည်းလေးမှ မတွေးမိဘူးလား။ ကိုဇော်ဆိုင်က ဘယ်လောက်တောင် အရေးကြီးနေလို့လဲ ပြောပါဦး။ နောက်ကျမှဖွင့်တော့ ဆိုင်ဘယ်လောက်တောင် နစ်နာသွားမှာမို့လို့လဲ။ ညို့ကို တစ်ယောက်တည်းထားခဲ့တာ ကိုဇော် မကောင်းတာဘဲ"

"ကိုယ်နိုးတော့ ညိုက အိပ်ပျော်နေတုန်း ရှိသေးတာလေ။ အိပ်ရေးမျက်

mgyoe.com

mgyoe.com

မှာစိုးလို့ မန္တီးခဲ့တာ။ တစ်ယောက်တည်းထလည်း ဘာဖြစ်လဲ ညှိုရဲ့ ဒီလိုပဲ နောက်လည်း အမေတို့နဲ့အတူနေမှာပဲကို. . .။ ကိုယ့်အိမ်လိုပဲ သဘောထားပြီး နေပေါ့"

အမြဲတမ်းတော့ ကိုဇော့်အမေတွေနှင့်အတူ မနေနိုင်ပါဘူးဟု အစချီကာ စောစောက ယောက္ခမကြီးပြောသည့်စကားများကို ပြန်လည်ပြောပြလိုက်ချင်သော်လည်း ညှို ပြောမထွက်ခဲ့။ တော်ကြာ ပထမဆုံးနေ့မှာပင် အဆင်ပြေအောင် မနေနိုင်ဟု သတ်မှတ်သွားမှာ ညှို မခံနိုင်ပါ။ သို့သော်လည်း ညှို စိတ်ဆိုးနေကြောင်းကိုတော့ ကိုဇော် သိရန်လိုပါသည်။

"ကိုဇော် ပြောတာတော့ လွယ်တယ်။ ညှိုက ကိုဇော်တို့မိသားစုနဲ့ အခုမှ တွေ့ဖူးတာလေ ကိုဇော်ရဲ့။ ညှို့ရင်ထဲမှာ ဘယ်လိုဖြစ်နေလဲ ဆိုတာ ကိုဇော် မသိပါဘူး။ ညှို့မှာ ကိုဇော့်ကို အားကိုးပြီး လိုက်လာရတာ။ အခုမနက်ဆို တစ်ယောက်တည်း ညှို ဘယ်လောက်အားငယ်လဲ။ ညှို့မှာ လဲစရာ အဝတ်အစားလည်း ပါမလာဘူး။ မနေ့ကတည်းက ဘာမှမစားရသေးတော့ ဗိုက်တွေလည်း ဆာတယ်။ ဒါတွေကို ကိုဇော်မှ မလုပ်ပေးရင် ဘယ်သူက လုပ်ပေးမှာလဲ။ ဘယ်လိုဖြစ်ဖြစ် ကိုဇော် ညှို့အနားမှာ ရှိနေသင့်တာပေါ့။ ပထမဆုံး မနက်မှာတောင် ညှိုက ကိုဇော်နဲ့ အတူ. . ."

"ဟာ. . . ရဲနောင်။ မင်းဘယ်တုန်းက ပြန်ရောက်တာလဲ"

ရုတ်တရက် ကိုဇော်သည် ညှို့စကားမဆုံးခင် ဆိုင်ရှေ့ဖြတ်သွားသော သူငယ်ချင်းအား လှမ်းနှုတ်ဆက်လိုက်၏။ ညှိုက ခံစားချက်ပေါင်းများစွာဖြင့် ပြောနေသော်လည်း ကိုဇော်သည် ညှို့စကားအပေါ် နည်းနည်းလေးမှ အာရုံရှိဟန်မတူပါ။ ညှို ရှက်လည်းရှက်၊ စိတ်လည်း တိုသွားသည်။ ထို့ကြောင့် ကိုဇော့် ကျောကုန်းကို ဘုန်းခနဲ ထုရိုက်မိလိုက်သည်။ ရုတ်တရက် အရိုက်ခံလိုက်ရသောကြောင့် ကိုဇော် လန့်သွားပြီး စိတ်တိုစွာ လှည့်ကြည့်လာသည်။

"ဟာ. . . ဘာလုပ်လိုက်တာလဲ။ လန့်လိုက်တာ. . . မင်းကွာ"

"ကိုဇော် ညှို ပြောနေတာကို ဘာလို့အရေးမစိုက်လဲ။ ညှိုက ကိုဇော့်အတွက် အရေးမပါတာလား။ ဘာလဲ ကိုဇော်။ ကိုဇော် ဘာအချိုးချိုးတာလဲ"

"ဘာပြောလိုက်လို့လဲ"

"ကိုဇော် ညှို့ကိုတစ်ယောက်တည်း ထားခဲ့တဲ့အကြောင်း ပြောနေတယ်လေ။ ကိုဇော် ဘာလို့ နားမထောင်တာလဲ"

"သိတယ်လေ။ အဲဒါ ဘာဖြစ်လဲ။ ဘယ်လောက်တောင် အရေးကြီး

mgyoe.com

mgyoe.com
SAMPLE BOOK

လို့လဲ။ စောစောစီးစီး ကိုယ့်ကို ပြဿနာ မလုပ်စမ်းနဲ့ ညို"

ညို့ခံစားချက်ကို ဘာမှမဟုတ်သလို လုပ်နေသောကြောင့် အလွန်တရာ စိတ်တိုသွားပြီး စိတ်ရှိလက်ရှိ ထုရိုက်ချင်စိတ်သာ ရှိတော့၏။ သို့သော်လည်း ညို စိတ်ကို လျှော့ထားလိုက်သည်။ ညို ရန်ဖြစ်ရလောက်သည်အထိ အားအင်မရှိ။ စိတ်ရောလူပါနွမ်းပြီး ဝမ်းနည်းနေသည်။ ဘယ်လိုဖြစ်ဖြစ် ညိုတို့ အမေ့ဆီသွားဖို့ လိုသည်။ အမေ့ကို ညိုသနားသည်။ ယခုထက်ပို၍ အမေ့ကို စိတ်မညစ်စေချင်ပါ။ ကိုဇော်နှင့် နှစ်ယောက်သား အကျိုးအကြောင်းပြောပြပြီး အမေ့ကို စိတ်အေးအေးနေခိုင်းရမည်။ ထို့ကြောင့် စိတ်လျှော့၍သာ ကိုဇော့်ကို အမေ့ဆီသွားကြရန် ပြောလိုက်၏။

"ကိုဇော် . . ။ ဆိုင်ဘေးမှာ အမေ့စက်ဘီး တွေ့တယ်။ အမေ ဈေးလာတယ်ထင်တယ် ။ အမေ့ဆီ သွားတွေ့ကြရအောင်နော်"

"မနက်က တွေ့သားပဲ ညို့အမေ စက်ဘီးလာထားတာ။ မျက်နှာတော့ သိပ်မကောင်းဘူး"

"ဟုတ်လား . . ။ ကိုဇော်ရယ်၊ နှုတ်မဆက်လိုက်ဘူးလား အမေ့ကို"

"ဘာကိစ္စ နှုတ်ဆက်ရမှာလဲ။ ကိုယ်နဲ့မှ မသိဘဲ"

"ဩော် . . . ကိုဇော်ရယ်။ ညို့အမေက အခုဆို ကိုဇော့် အမေဖြစ်နေပြီလေ။ ကိုဇော်ကစပြီး နှုတ်ဆက်ရမှာပေါ့။ ကဲ . . . ထားပါလေ။ အခု အမေ့ဆီ သွားတွေ့ရအောင် ကိုဇော်။ အမေ ဈေးမှာ ရှိလိမ့်မယ်"

"ဟာ . . . ဆိုင်တစ်ဖက်နဲ့ မသွားချင်ပါဘူး။ ခဏနေ စက်ဘီးယူဖို့ သူလာမှာပဲ ဒီမှာပဲ စောင့်နေလိုက်"

"ညိုတို့က သားသမီးတွေပဲ အရင်သွားတွေ့ရမှာပေါ့ ကိုဇော်ရဲ့။ အမေ ဒီလာမှ တွေ့လို့ကောင်းမလား"

"ကိုယ် မသွားချင်ဘူး ညို"

ကိုဇော်က ခပ်ပြတ်ပြတ်ပြောပြီး ကွမ်းရွက်များကို ထုံးသုတ်နေသည်။ ညိုသည် အံ့သြ၍သာ ကိုဇော့်ကို စိုက်ကြည့်နေလိုက်မိတော့သည်။ သူများ သားသမီးကိုယူပြီး အဲဒီလိုနေလို့ရမလားဟု ပြောပစ်လိုက်ချင်သော်လည်း ပြန်ပြောလာမည့်စကားများကို ညို မခံစားနိုင်ပါ။ တကယ်တော့ ကိုဇော် မယူချင်သေးပါဘဲနှင့် ညိုက အတင်းလက်ထပ်ခိုင်းထားသည် မဟုတ်ပါလား။ ထိုအချက်နှင့်ပင် ကိုဇော် အနိုင်ယူသမျှ ညိုက တစ်သက်လုံး အလျှော့ပေးရတော့လေမလား။ ထိုသို့ စဉ်းစား

mgyoe.com

mgyoe.com

မိပြီး အဖေ ပြောသမျှ သည်းခံနေရသည့် အမေ့ကို သတိရလာသည်။ ညို အမေ့ကို ပြောခဲ့သမျှ ဝင်ရုလည်းတော့မှာလား မသိပါဘူး အမေရယ်။ ထို့နောက်မှ ခေါင်းကို သွင်သွင် ခါယမ်းမိသည်။ အို. . . မဟုတ်တာဘဲ။ ငါ ဘာတွေစဉ်းစားနေပါလိမ့်။ ဒီလောက်ထိ အတွေးချော်ဖို့ မလိုပါဘူး။ ညိုတို့က တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတဲ့သူတွေပဲ။ ကိုဇော်လည်း ညို့ကို အနိုင်ကျင့်မှာ မဟုတ်သလို ညိုလည်း ကိုဇော့်ဆီမှာ ဒူးထောက် အရှုံးပေးရတဲ့သူ ဖြစ်မှာမဟုတ်ပါဘူး။

သို့သော် အမေ့ကိုလိုက်တွေ့ရန် ကိုဇော်ကို ခေါ်လို့မရသည့်နောက်ဆုံး တွင် ညိုကပင် လက်လျှော့အရှုံးပေးပြီး အမေ့ဆီကို တစ်ယောက်တည်း ထွက်လာ ခဲ့ရပါတော့သည်။

❑

အနီရောင်လွယ်အိတ်စုတ်လေးကို စလွယ်သိုင်းလွယ်ကာ ဟင်းရွက်ပုံ များဘေးတွင် ငူငူငိုင်ငိုင်ထိုင်နေသော အမေ့ကို တွေ့လိုက်ရသည့်အခါမှာတော့ ညို အလွန်တရာ စိတ်မကောင်းဖြစ်သွားရသည်။ အမေနှင့် မလှမ်းမကမ်းတွင် ရပ်လျက် အမေ့ကို ငေးကြည့်နေမိ၏။ အမေသည် ဒူးနှစ်လုံးကိုထောင်လျက် လက်နှစ်ဖက်ကို ဒူးပေါ်တင်ကာ ခပ်ကျုံ့ကျုံ့ကလေး ထိုင်နေသည်။ အမေ့မျက်လုံး များသည် တစ်နေရာတည်းသို့ ငေးကြောင်ကြည့်နေ၏။ အမေ့အမြင်အာရုံထဲမှာ တော့ ဘာမှရှိနေဟန် မတူပါ။ အရင်က ဈေးရောင်းလျှင် တစာစာအော်ကာ လူ ခေါ်တတ်သော အမေသည် ယခုတော့ စိတ်နှင့်လူနှင့်လည်း ကပ်ပုံမပေါ်။ ယခု မျက်တွင်းဟောင်းပက်နှင့် ညှိုးငယ်ဖျော့တော့နေလေသည်။ နီရဲစိုစွတ်နေသော အမေ့မျက်လုံးများသည် ငိုထားကြောင်း သိသာလှသည်။ ဖွာလန်ကြဲနေသော နီကြောင်ကြောင်ဆံပင်တို့မှာ ဆံထုံးလေးကနေ ပြေကျကာ ထိုးထိုးထောင်ထောင် ဖြစ်နေ၏။

ညိုသည် စိတ်မကောင်းဖြစ်စွာဖြင့် အမေ့အနီးသို့ သွားခဲ့သည်။ အနီးသို့ ရောက်သွားသည်အထိ အမေသည် ညို့ကို မမြင်ပါ။ ဖြစ်နိုင်ပါက ညိုသည် အမေ့ ကိုပြေးဖက်ပြီး အမေ့ရင်ခွင်ထဲတွင် အားပါးတရ ငိုကြွေးလိုက်ချင်မိ၏။ သို့သော် လူစည်နေသော ဈေးအလယ်မှာမို့ ထိုသို့လုပ်ဖို့ မစွမ်းသာပါ။ အမေ့ဘေးတွင် ထိုင်ချလိုက်သည့်အခါမှ အမေ ဆတ်ခနဲ လှည့်ကြည့်လာပြီး ညို့ကို မြင်သော ကြောင့် အံ့ဩတုန်လှုပ်သွားပါသည်။ ပျာပျာသလဲဖြင့် ညို့လက်ကလေးကို လှမ်း ကိုင်ကာ အမေ ပြောသည်။

mgyoe.com

mgyoe.com

"ဟယ်. . .။ သမီးကြီး။ နင် ဘယ်တွေလျှောက်သွားနေတာလဲ။ မနေ့ညက နင် ရွာထဲက ဘယ်သူ့အိမ်မှာ အိပ်တာလဲ။ နင့်အဖေ မနေ့ညက တစ်ညလုံး သောင်းကျန်းနေတယ်။ မိန်းကလေးတန်မဲ့ အဲဒီလို လျှောက်သွားရလားဟဲ့။ နင့်ကို နင်လည်း ပြန်ကြည့်ဦး နီစုတ်နေတာပဲ။ တကတည်း တော်တော် အပူပေးတဲ့ ကောင်မ။ ငါက နင့်ကို ခုလောက်ဆို အိမ်ပြန်ရောက်နေလောက်ပြီလို့တောင် ထင်နေတာ"

အမေသည် ညို့ပုံစံကိုကြည့်ရင်း စိုးရိမ်တကြီး ပြောနေသည်။ ညို ယောကျ်ားနောက် လိုက်သွားခြင်းဖြစ်မည်ကို ယောင်လို့တောင် စဉ်းစားမိခဲ့မည် မထင်ပါ။ ညို ရည်စားရှိတာ အမေတို့ မသိသလို၊ အမေတို့စိတ်ထဲတွင် ညို့ကို ကလေးတစ်ယောက်လို သတ်မှတ်ထားကြပုံလည်း ဖြစ်ဟန်တူပါသည်။ ညိုသည် အမေ့ကို ဘာစကားမှ ပြန်မပြောထွက်တော့ဘဲ အမေ့ဘေးမှာ ငုတ်တုတ် ထိုင်ချရင်း အားပါးတရ ငိုကြွေးလိုက်မိတော့၏။ အမေက ညို့အဖြစ်ကို မသိပါဘဲ ဆက်ပြော ပြန်သည်။

"နင့်နဲ့လည်း နင့်အဖေအကြောင်းကို မသိတာလည်း မဟုတ်ဘူး ခွာညို ရယ်. . .။ အဖေဆူတာ အထူးအဆန်းလုပ်လို့။ ငိုမနေနဲ့ တိတ်တော့။ အမေ့ကိုဈေး ကူရောင်းဦး။ ပြီးရင် အတူပြန်မယ်။ နင့်အဖေ မဆူစေရဘူး စိတ်ချ။ အမေ ကြည့် ပြောပေးမယ်"

ထိုသို့ကြားမှ ညိုက ပိုငိုချင်လာသည်။ ညို့အဖြစ်ကို အမေ သိလျှင် ဘယ်လောက်တောင် ထိတ်လန့်အံ့ဩသွားမလဲ ညို မသိ။ ဖြစ်နိုင်လျှင် အမေ သိထားသလိုသာ ဖြစ်စေချင်တော့သည်။ အမေ့ကို ညိုယောကျ်ားနောက် လိုက်သွား ခဲ့သည်ဆိုသည့်အကြောင်းကို မပြောချင်သော်လည်း ညိုမျက်ရည်များဖြင့် ပြော လိုက်ရပါသည်။

"အမေ. . .။ တကယ်တော့ သမီးရွာထဲက သူများအိမ် သွားအိပ်တာ မဟုတ်ပါဘူး။ သမီး ယောကျ်ားနောက် လိုက်သွားတာပါ"

"ဘုရားရေ. . .။ ယောကျ်ားနောက် လိုက်သွားတာ ဟုတ်လား။ အမ လေး. . . မိခွာညိုရယ်။ ရင်တုန်ပန်းတုန် ဖြစ်လိုက်တာ။ နင် ဘာတွေလျှောက် လုပ်တာလဲ။ ကိုယ်ကျိုးတွေတော့ နည်းကုန်ပါပြီဟယ်။ ဘယ်သူ့နောက် လိုက်သွား တာလဲ။ အခု ဘယ်မှာလဲ နင့်ယောကျ်ားက"

"သမီးတို့ စက်ဘီးထားထားနေတဲ့ ကွမ်းယာဆိုင်က ကိုဇော်ပါ အမေ"

mgyoe.com

mgyoe.com

"ဘုရား. . .။ ဘုရား. . .။ နင်တို့ ဘယ်တုန်းက ကြိုက်သွားကြတာလဲ ခွာညိုရဲ့။ နင် မိုက်လုံးကြီးလှချည်လား။ နင့်အဖေကို ငါ ဘယ်လိုပြောရမလဲ။ ငါတော့ သေချင်တော့တာပဲ ခွာညိုရယ်။ ခုတော့ ဘယ်လိုလုပ်တော့မလဲ။ နင် ဘယ်လိုစိတ်မျိုးနဲ့ ဒီလို လွယ်လွယ် ဆုံးဖြတ်တာလဲဟဲ့။ ငါ မေးနေတယ်လေ ခွာညို"

ညိုသည် ဘာမှပြန်မပြောနိုင်ဘဲ အမေ့ဘေးတွင် တရှုတ်ရှုတ်သာ ငိုနေတော့သည်။ အမေသည်လည်း ရင်ဘတ်ကို လက်နဲ့ ထုကာ ပြောရင်းငို၏။ ဈေးထဲက လူများ အပြိုင်ငိုနေကြသည့် ညိုတို့သားအမိကို ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသော်လည်း ညိုတို့ သတိမထားနိုင်တော့ပါ။ ထို့နောက်မှ အမေက ညို့ပုံစံကို သတိထားမိသလိုဖြစ်သွားပြီး ညို့မျက်နှာလေးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ပျာပျာသလဲ မေးသည်။

"နင့်ယောကျ်ား နင့်အပေါ် ကောင်းရဲ့လား။ နင့်ကို ဘယ်ကိုခေါ်သွားတာလဲ ခွာညို။ အခုရော သူ ဘယ်မှာလဲ"

"သူ အခု ကွမ်းယာဆိုင်မှာ ရှိပါတယ် အမေ။ အမေ့စက်ဘီးကို တွေ့လို့ သမီး အမေ့ဆီ အပြေးလာခဲ့တာပါ"

"ငါစိတ်ညစ်လိုက်တာ ခွာညိုရယ်။ အသက်ငယ်ငယ်လေးနဲ့ ဘာလို့ အပူရှာချင်ရတာလဲ။ အိမ်ထောင်ပြုတာ လွယ်တယ်များ မှတ်နေလား။ အဝတ်အစားတွေလည်း တစ်စုံမှ မပါသွားဘူး မဟုတ်လား။ နင့်ယောကျ်ားက အဝတ်လေးတစ်စုံတောင် မဝယ်ပေးဘူးလား"

အမေပြောမှ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိပြီး ညို ပိုလို့ ဝမ်းနည်းသွားသည်။ အမေက ညို့အဝတ်တွေ ကြည့်မကောင်းအောင် နွမ်းစုတ်နေပြီကို သတိထားမိသော်လည်း ကိုဇော်ကတော့ သတိမထားမိသည်လား၊ မသိချင်ယောင်ဆောင်တာလား မသိ။ ညို့ပုံစံနှင့်ပတ်သက်ပြီး ဘာမှမဖြစ်သလိုပင်။

"နင် ထမင်းရော စားပြီးပြီလား"

ညို ခေါင်းကိုခါယမ်းပြရင်း ငုံ့ထားလိုက်၏။

"လာ. . . လာ. . . အမေနဲ့ တစ်ခုခု သွားစားကြရအောင်။ ကျွန်မ ဆိုင်လေး တစ်ချက်လောက် ကူကြည့်ထားပေးပါဦး မလှသန်းရယ်နော်"

အမေက ဘေးကဈေးသည်ကိုမှာပြီး ညို့လက်ကလေးကို ဆွဲကာ သားအမိနှစ်ယောက် ဈေးထဲက အသုပ်ဆိုင်သို့ ထွက်ခဲ့ကြသည်။ အမေက ညို ဆုံးဖြတ်ချက်ကို လွယ်လွယ်ချသည့်အပေါ် အားမလိုအားမရဖြစ်ကာ တတွတ်တွတ်ပြော

mgyoe.com

mgyoe.com SAMPLE BOOK

နေ၏။ အဖေ့ကို ပြောပြဖို့အတွက်လည်း အမေ အတော်လေး စိတ်ပူနေပုံရပါသည်။

"နင့်အဖေကို ငါ ဘယ်ကစပြောရမယ်မှန်း မသိတော့ပါဘူး သမီးကြီးရယ်။ နင့်အဖေက နင်အိမ်ပြန်မအိပ်လို့ တော်တော်လေး စိတ်တိုနေတာ။ အခုလို ယောကျ်ားနောက် လိုက်သွားတယ်လို့သာသိရင် ဘယ်လိုတောင် ဖြစ်လာဦးမလဲ မသိဘူး။ ငါလည်း ရူးချင်တော့တာပဲဟယ်။ လောလောဆယ်တော့ သမီး အိမ်ပြန် မလာသေးနဲ့။ သမီးအဖေကို အမေ ကြည့်ပြောထားမယ်။ နည်းနည်း သွေးအေးသွားမှ ပြန်ခဲ့နော်။ သမီးအမျိုးသားနဲ့ ယောက္ခမတွေကိုလည်း ပြောထား။ ချက်ချင်းကြီး လာမပို့သေးနဲ့လို့။ နင့်အဖေဒေါသက နင်သိတဲ့အတိုင်းပဲ။ တစ်ခုခုဆို မျက်နှာ ပျက်စရာတွေဖြစ်မှာစိုးလို့။ ဒါနဲ့ နင့်ယောကျ်ားဘက်မိဘတွေရော သိလား။ နင့်ကို ဘယ်ခေါ်သွားတာတုံး"

"ကိုဇော်က သူ့အိမ်ကိုပဲ ခေါ်သွားတာပါ အမေ။ အခု သမီးက သူတို့ အိမ်မှာပါပဲ"

အမေက သက်ပြင်းကို ဟင်းခနဲချသည်။ အရင်က ညီ့အပေါ် ဂရုမစိုက် ဟု ထင်ထားသော်လည်း ယခုတော့ အမေသည် ညီ့အပေါ် နွေးထွေးလွန်းလှ သည်။ အမေ ယခုလို နွေးထွေးပြလေ ညီက ငိုချင်လေဖြစ်သည်။ ညီ့ကို မချစ်ဘူး လို့ ထင်ထားသည့်အမေက ညီ့ကို ချစ်သားဆိုတာ သိရပြီး အမေ့အပေါ် ဆိုးခဲ့မိတာ တွေအတွက် ညီ အားနာလာမိသည်။ အခုများဆို အဖေနှင့် ရင်ဆိုင်ဖို့ကတစ်မျိုး၊ ညီ့အတွက် စိတ်ပူရတာကတစ်မျိုးနှင့် အမေ့ရင်ထဲ ဘယ်လောက်တောင် ဗလောင် ဆူနေလိမ့်မလဲ။ ညီ အမေ့ကို သနားလိုက်တာ အမေရယ်။

"ယောက္ခမနဲ့လည်း အဆင်ပြေအောင် ကြည့်နေပါ သမီးကြီးရယ်။ အိမ် မှာတုန်းကလို နည်းနည်းပြောတာနဲ့ စိတ်ကောက်လို့မရဘူးနော်။ အရိပ်အခြည် ကြည့်နေ ကြားလား အမေပြောတာ"

"ဟုတ် အမေ"

ညီသည် ဗိုက်ဆာလွန်းသောကြောင့် ဟန်ပင်မဆောင်နိုင်ဘဲ အမေကျွေး သည့် မနက်စာကို ခေါင်းကလေးငုံ့ကာ စားလိုက်သည်။ အမေသည် ညီ့ပုံစံကို သက်ပြင်းတချချ ကြည့်ရင်း မျက်ရည်များ ရစ်သိုင်းနေ၏။ ညီ့ပုံစံကိုကြည့်ပြီး ညီ အဆင်ပြေခြင်း မပြေခြင်းကို အမေ ရိပ်စားမိနေဟန် တူပါသည်။ ညီလည်း ထပ် မငိုမိအောင် အတော်လေး တင်းထားရသည်။

ညီ စားသောက်ပြီးသည့်အခါ အမေသည် သူ့လွယ်အိတ်လေးထဲက

mgyoe.com

mgyoe.com SAMPLE BOOK

အရွယ်အစားစုံ ပိုက်ဆံများကို ထုတ်ကာရေရင်း ငွေတချို့ကို ညို့လက်ထဲ အတင်းထိုးထည့်ပေးရင်း ပြော၏။

"ရော့. . . သမီးကြီး။ ဒီပိုက်ဆံလေး ယူထား။ ပေါပေါချောချောတန် အဝတ်အစားတစ်စုံလောက် ဝယ်ဝတ်လိုက်ဦး။ သူများဆီ လိုက်နေရတာ စုတ်ပြတ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ သန်ဘက်ခါ အမေ ဈေးလာဦးမှာ သမီး အဝတ်အစားတချို့ ယူခဲ့ပေးမယ်နော်။ နင့်အဖေစိတ်ဆိုးလည်း ခဏပါပဲ။ အဆင်မပြေတော့ အမေတို့ အိမ်မှာ လာပြန်နေပေါ့ သမီးရယ်။ အမေတို့အိမ်က ကျယ်ပါတယ်။ အောက်ထပ်မှာ သမီးတို့လင်မယား အေးဆေးနေလို့ ရတယ်။ အခုတော့ ယောက္ခမတွေနဲ့ အဆင်ပြေအောင်နေနော်။ သမီးကို လူကြီးတွေနဲ့ လာပြန်ပို့ရမယ့်ရက်ကို အမေ ပြန်ပြောမယ် သိလား။ ကဲ. . . အမေ ဈေးမကွဲခင် ဆက်ရောင်းလိုက်ဦးမယ်"

"သမီးလည်း လိုက်ရောင်းကူပါ့မယ် အမေ. . ."

"နေပါ ရပါတယ်။ နင့်ကြည့်ရတာ ပင်ပန်းနေသလိုပဲ။ နင့်ယောကျ်ား ဆိုင်မှာသာ အေးအေးလူလူ သွားနေနေ။ ဈေးသိမ်းရင် အမေ လာပြီး သမီး ယောကျ်ားဆီ အပ်ပေးမယ်။ ဟုတ်ပြီလား။ ကဲ. . . ကဲ အမေ သွားပြီ"

အမေက ပြောပြောဆိုဆို ခပ်သုတ်သုတ် ထွက်သွားခဲ့၏။ သောကအပူမီး ဝိုင်းနေသာ အမေ့ပုံစံကိုကြည့်ပြီး စိတ်မကောင်းလွန်းသောကြောင့် ညို့ရင်ထဲ စူးအောင့်လာသည်။ အမှန်ဆိုလျှင် အရာရာ ခက်ခဲ့ငပန်းစွာ ဖြတ်ကျော်နေရသော အမေ့ဘေးတွင် ညို နောင်နှစ်ပေါင်းများစွာ ရှိနေသင့်သေးသည်။ ယခုမှ ဆုံးဖြတ်ချက် မှားခဲ့သည့် ကိုယ့်ကိုယ်ကိုယ် နောင်တရကာ မျက်ရည်တွေ ရစ်သိုင်းလာ၏။ စိတ်ထဲတွင် သမီးကို ခွင့်လွှတ်ပါအမေရယ်လို့ အကြိမ်ကြိမ် ပြောရင်း အမေပေးခဲ့သည့် ပိုက်ဆံများကို ဆုပ်ညစ်ကာ အားပါးတရ ရှိုက်ငိုမိပါတော့သည်။

ယခု ငိုကြွေးခြင်းသည် အမေ ဝေါက်၍ စိတ်မကောင်းဖြစ်ပြီး ငိုကြွေးရခြင်းထက် အဆပေါင်းများစွာ နာကျင်ရကြောင်း ညို သိလိုက်ရပါပြီ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၄)

ယနေ့တော့ ညို့ အစောကြီး အိပ်ရာက ထသည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး မီးဖိုဆောင်ထဲဝင်ခဲ့၏။ ဝေသီဝေလင်းအချိန်သာ ရှိသေးသောကြောင့် မီးဖိုဆောင်ထဲတွင် မှောင်မည်းနေဆဲဖြစ်သည်။ အခန်းထဲတွင် ငံပြာရည်နံ့၊ ငါးပိနံ့နှင့် ထမင်းသိုး၊ ဟင်းသိုးနံ့တို့ ပေါင်းစပ်ပြီး ဆိုးသွမ်းလှသောအနံ့တို့က လှိုင်လှိုင်ထနေသည်။ ညိုသည် နှာခေါင်းကို လက်ခုံနှင့် အသာကပ်ကာထားပြီး ကြပ်ခိုးရိုက်ထားသော နံရံမည်းမည်းကြီးဆီမှ မီးခလုတ်ရှိနိုင်မည့်နေရာကို စမ်းကာရှာ၏။ နံရံတစ်နေရာတွင် ဆီတွေပေကာ ချွဲကျိနေသော မီးခလုတ်တစ်ခုကို တွေ့ရသည်။ ခလုတ်ကို နှိပ်လိုက်သည့်အခါ အားပျော့သော ဝါကျင်ကျင်မီးရောင်က အခန်းထဲတွင် လင်းတယ်ဆိုရုံမျှ မှိုင်းပျပျကလေး လင်းသွား၏။ ရုတ်တရက် စားပွဲခုံအောက်မှ ကြွက်နှစ်ကောင် ဖြတ်ပြေးသွားသောကြောင့် ညို လန့်သွားရသည်။

မီးဖိုဆောင်ထဲတွင် ရှုပ်ပွ ပွေလီလို့နေ၏။ အခန်းမှာ ခပ်ကျဉ်းကျဉ်းအုတ်တိုက်ခန်းဖြစ်ပြီး နံရံများသည် ညစ်ထပ်ကာ အကွက်ချင်းစေ့နေသည်။ ထမင်း၊ ဟင်း တင်ချက်သည့်အုတ်ခုံနှင့် ထိနေသော နံရံသည် ဆီစင်ပါ များသောကြောင့် ညစ်ပတ်ပေရေနေပြီး ချပ်ခဲကြီးဖြစ်ကာ အဆီလက်နေသည်။ နံရံမည်းမည်းကြီးပေါ်တွင် အထုပ်ကြီးငယ်အသွယ်သွယ်တို့က မညီမညာ တွဲလောင်းချိတ်ဆွဲလျက်။ ဘယ်ဟာ ဘာထုပ်လဲတော့ အမြင်ကြည့်ရုံနဲ့ မသိနိုင်ပါ။ ဘေးက စားပွဲခုံပေါ်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

တော့ စားလက်စ ထမင်းပန်းကန်များက ကစဉ့်ကလျား။ ထမင်းလုံးတို့သည် ကြမ်းပြင်တွင် ဖွေးနေ၏။ ညိုသည် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ပန်းကန်များကို စုသိမ်းကာ ဘေစင်ပေါ် တင်လိုက်သည်။ မနက်စာချက်ဖို့ကို ခဏထားပြီး သိမ်းဆည်းခြင်းအမှုကို အရင်ပြုရ၏။

အားလုံးသိမ်းဆည်း၊ ဆေးကြောပြီးသည့်အခါမှာတော့ မိုးစင်စင် လင်းခဲ့ပြီ။ ထုံးစံအတိုင်းပတ်ဝန်းကျင်သည် ဆူညံသက်ဝင် လှုပ်ရှားလာ၏။ ညိုသည် ထမင်းပေါင်းအိုးတစ်လုံးကို ကပျာကယာ ထိုးလိုက်ပြီး ဟင်းချက်ဖို့ ပြင်ရသည်။ မီးဖိုဆောင်ထဲတွင် ဘာမှဝယ်ခြမ်းထားခြင်း မရှိသောကြောင့် စိတ်ပျက်သွား၏။ ဆီဘူး၊ ဆားဘူး၊ ငါးပိဘူး အကုန်လုံးမှာ ဖင်ကပ်သာ ရှိတော့သည်။ ညိုတို့အိမ်နှင့်တော့ ကွာ၏။ ညိုတို့အိမ်မီးဖိုဆောင်သည် အမြဲတမ်း ဆီပြည့်၊ ဆန်ပြည့် ရှိသည်။ အိမ်၏စီးပွားရေး အဆင်မပြေသော်လည်း ညိုတို့သားအမိသည် ဈေးသည်များဖြစ်ကြသည်မို့ မီးဖိုဆောင်စရိတ်တော့ အပြည့်ဖြည့်နိုင်ကြသည်။ နောက်ဆုံးဘာမှချက်စရာမရှိစေဦးတော့ အိမ်နောက်တွင် စိုက်ထားသော အသီးအရွက်တို့ကို ခူးချက်လို့ ရသေးသည်။

ခုတော့ မီးဖိုဆောင်တစ်ခုလုံးလည်း ဘာဆိုဘာမှ ဝယ်ခြမ်းထားခြင်း မရှိ။ ခူးချက်စရာ အသီးအရွက်ဆိုလျှင်လည်း အိမ်ပြည့်ဆောက်ထားသော ခြံထဲတွင် စိမ်းစိမ်းဆိုလို့ မြက်တစ်ပင်တောင် မရှိ။ ဘယ်လိုပင် ချက်ပြုတ် စားသောက်နေကြပါလိမ့်ဟုတောင် ညို တွေးလိုက်မိသည်။ ဘာမှ ချက်ဖို့ ကြံရာမရသည့်နောက်ဆုံးတွင် အိမ်ရှေ့ဖြတ်သွားသော ပဲပြုတ်သည်ဆီမှ ပဲပြုတ်ဝယ်ပြီး ကြော်ရန် လုပ်ရပါတော့သည်။ ပဲပြုတ်ဖိုးကို အမေ အဝတ်ဝယ်ဖို့ ပေးထားသည့် ပိုက်ဆံထဲက ထုတ်သုံးရ၏။ အမေ့ပိုက်ဆံဖြင့် ညို အဝတ်မဝယ်ဖြစ်ပါ။ ကိုဇော်အစ်မက သူနှင့်မတော်တော့သည့် အဝတ်နှစ်စုံကို ပေးဝတ်ထားသည်။ အရမ်းအကောင်းကြီးမဟုတ်သော်လည်း အဆင်ပြေ၏။

ပဲပြုတ်ကို ကြက်သွန်နီများများဖြင့် ကြော်လိုက်သည်။ စုစုပေါင်း မိသားစု ၈ ယောက်ရှိသောကြောင့် ပဲပြုတ် ၇၀၀ ဖိုးက လောက်မည့်ပုံတော့ မပေါ်ပါ။ မတတ်နိုင်တော့။ တခြားဟင်းထပ်ပြီးလည်း မလုပ်တတ်တော့သည်နှင့် ညိုသည် ပဲပြုတ်ကြော်တစ်မျိုးတည်းကို ပန်းကန်ထဲခူးခပ်ထည့်ပြီး အုပ်ဆောင်းအောက်တွင် ထားထားပေးလိုက်သည်။ ထို့နောက် အိပ်ခန်းထဲဝင်ခဲ့ပြီး ကိုဇော်ကို နှိုးရ၏။ ကိုဇော်ထသွားသည့်အခါ ကိုဇော်အဝတ်တွေကို လျှော်ဖို့ စုရသည်။ ကိုဇော်အဝတ်စားများ

mgyoe.com

mgyoe.com

အားလုံးလိုလိုသည် မလျှော်ရသေးသော အဝတ်များဖြစ်သည်။ ကိုဇော်အဝတ်များကို အဝတ်ခြင်းထဲ စုထည့်နေစဉ် မီးဖိုဆောင်ဘက်မှ ကိုဇော့်အမေ၏အသံသြသြကြီးကို ကြားရသည်။

"ဒီမီးဖိုဆောင်မီးကို ဘယ်သူက ဒီအချိန်ထိ မပိတ်ဘဲ ဖွင့်ထားရတာလဲ။ မီတာခတက်မယ်ဆိုတာ နားမလည်ဘူးလား။ ဘယ်သူ ဖွင့်ထားတာလဲ"

"သမီး မဟုတ်ဘူး"

"သားလည်း မဟုတ်ဘူး ဘွားဘွား"

"ပြောလိုက်ရင် ဘယ်သူမှမဟုတ်ဘူး၊ မဟုတ်ဘူးနဲ့။ တကယ်တည်းသောက်စည်းကမ်းမရှိတဲ့ဟာတွေ။ ပြောပြန်ရင်လည်းငါပဲ အပေါက်ဆိုးတယ် ဖြစ်ဦးမယ်။ ဒီမီးခလုတ်က နင်တို့ မဖွင့်ခဲ့လို့ သူ့ဘာသာ ထပွင့်မလားဟဲ့"

အသံများကို ကြားနေရပြီး မီးဖွင့်ခဲ့သောတရားခံသည် ညီ ဖြစ်နေသောကြောင့် မနေသာတော့ဘဲ အခန်းပြင်သို့ ထွက်ခဲ့လိုက်သည်။ ထို့နောက် မီးဖွင့်သူကို တရားခံစစ် စစ်နေသော ယောက္ခမဆီသို့သွားကာ ညီ ဖွင့်ခဲ့မိကြောင်း ဝန်ခံရ၏။

"ဟို. . . ညီ ဖွင့်ထားခဲ့မိတာပါ အမေ။ ပြန်ပိတ်ဖို့ မေ့ခဲ့လို့ပါ"

အမေသည် မနှစ်မြို့သောမျက်နှာထားနှင့် ညီ့ဘက် တစ်ချက်စောင်းကြည့်ပြီး ပြောသည်။

"အေး. . .။ ကြည့်လုပ်ပေ့ါအေ။ စည်းမရှိကမ်းမရှိနဲ့တော့ ဘယ်လိုလုပ်ကြမလဲ။ ဖိုးဇော်အစား ငါတော့ ရင်လေးတယ်ဟေ့ ရင်လေးတယ်"

ညီ့ကို မျက်စောင်းကလေးနှင့်ကြည့်ကာ ခနဲ့ပြော ပြောရင်း မီးခလုတ်ကို တောက်ခနဲ ပိတ်ချလိုက်သည်။ မီးဖိုဆောင်တစ်ခုလုံး သုတ်သင်ရှင်းလင်းပြီး၊ မနက်စာ အရံသင့်ချက်ပြုတ်ထားပေးသည်ကို အကောင်းမပြောသော်လည်း ဘာမဟုတ်သည့် အပြစ်သေးသေးလေးကို ပုံကြီးချဲ့သွားသည့်အတွက် ညီ့ရင်ထဲမကောင်းပါ။ အိမ်က အမေဆိုပါက တစ်ခွန်းမကျန်အောင် ပြန်ပြောပစ်မည် ဖြစ်သော်လည်း ယခုတော့ ညီ ခေါင်းငုံ့ခံလျက်သာ သည်းခံလိုက်ရသည်။ အမေ့တန်ဖိုးကို သမီး နားလည်နေပါပြီ အမေရယ်။

ခဏနေတော့ အိမ်သားတွေ အသီးသီး နိုးလာကြသည်။ ၁၂ နှစ်နှင့် ၉ နှစ်အရွယ် အစ်မသားနှစ်ယောက်က ဗိုက်ဆာလို့ မီးဖိုဆောင်ထဲ ပန်းကန်တစ်ချပ်နဲ့ ခြေရှုပ်နေသည်။ ယောက္ခမဖြစ်သူကတော့ ဆူဆောင့် ပြောဆိုပြီးသည့်အခါ ကော်ဖီ

mgyoe.com

တစ်ခွက်ဖျော်၍ ထမင်းကို ဇလုံကြီးနဲ့ ခူးထည့်ပြီး အိမ်ရှေ့က ပက်လက်ကုလား ထိုင်ပေါ်တွင် မနက်စာ သွားစားနေလေပြီ။ ကလေးနှစ်ယောက်ကို ဘာမှ မလုပ် ပေးသွားသောကြောင့် ညိုကပင် မီးဖိုဆောင်ထဲဝင်ကာ ခူးခပ်ပေးရ၏။ ထိုစဉ် အငယ်မလေး နှင်းနုက မီးဖိုဆောင်ထဲ ဝင်လာသည်။ ကိုဇော်ညီမဖြစ်သော အငယ်မလေး နှင်းနုသည် အသက် ၁၆ နှစ်ကျော်ကျော် အပျိုဖြန်းလေး ဖြစ်၏။ အသားဖြူဖြူ တုတ်တုတ်ခဲခဲနှင့် ဘိုဆန်ဆန်လှသူဖြစ်သည်။ အမြဲလိုလို လက်သည်း၊ ခြေသည်း ဆိုးကာ အလှပြင်နေတတ်သောကြောင့် အိမ်မှုကိစ္စများ ဘာမှ အားကိုးလို့မရလောက်သည်ကို ညို ပိုစံကြည့်ရုံနှင့် ခန့်မှန်းတတ်ပါသည်။

ထမင်းခူးနေသော ညို့ကိုတစ်ချက်ကလေးကြည့်ပြီး စားပွဲပေါ်က ပဲပြုတ် ပန်းကန်ကိုကြည့်ကာ နှာခေါင်းရှုံ့သွားသည်။

"အမလေး. . . ငါ အမုန်းဆုံးဟင်းကိုပဲ ချက်ထားရတယ်လို့။ တော်ပြီ မစားတော့ဘူး။ အပြင်မှာ တိုဟူးနွေးပဲ သွားစားတော့မယ်"

နှင်းနုကပြောပြီး ခြေဆောင့်ကာ ထွက်သွားသည့်အခါ စားပွဲဘေးတွင် ထိုင်ကာ ထမင်းပန်းကန်စောင့်နေသော အငယ်နှစ်ကောင်က ထအော် ပြောသည်။

"တီလေး သားတို့ကိုပါ ဝယ်ကျွေး"

"ဟဲ့. . . ဝယ်ကျွေးစရာလား။ ငါ့မှာ ပိုက်ဆံမရှိဘူး။ ငါတောင် ကိုကို့ ဆီက တောင်းရမှာ"

"သားတို့လည်း ဦးဦးဇော်ဆီ လိုက်တောင်းမယ်"

"ဟဲ့. . . နင်တို့ပါတောင်းတော့ ငါပါမရဘဲ ဖြစ်မှာပေါ့။ မတောင်းနဲ့ နင်တို့ ထမင်းပဲစားကြ။ တကယ်တည်း နေရာတကာ ပါချင်ကြတယ်။ ပြောကို မပြောချင်ဘူး"

"မရဘူး တောင်းမှာပဲ။ တီလေးတောင်းရင် သားတို့လည်း တောင်းမှာ"

အငယ်ကောင်က ဂျစ်ကန်ကန်ပြန်ပြောသည့်အခါ နှင်းနုက မျက်စောင်း ပိတ်ထိုး၏။ ရုတ်တရက် ကိုဇော် ရေချိုးပြီးထွက်လာသည့်အခါ အငယ်မနှင့်အတူ ကလေးနှစ်ယောက်က ကိုဇော့်ဘေးကို စုပြုံရောက်ရှိသွားပြီး မုန့်ဖိုး ဝိုင်းတောင်း ကြသည်။ ညိုသည် ထမင်းခူးရင်းသာ အပြင်သို့ ကြည့်နေလိုက်၏။

"ကိုကို မုန့်ဖိုးပေး။ တိုဟူးနွေး သွားစားမလို့"

"ဦးဦးဇော် သားတို့ကိုရော ပေးရမယ်နော်"

"ဟာ. . . စောစောစီးစီး ဘာတွေ လာတောင်းနေကြတာလဲ။ မပေးဘူး

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်သူမှ။ ငါ့မှာ ပိုက်ဆံမရှိဘူး။ သွား. . . သွား။ အငယ်မ နင်ကလည်းနော် အကြီးဖြစ်ပြီးတော့ ငါ့ဆီပဲ မုန့်ဖိုးလာတောင်းနေတယ်။ တစ်ခါတည်း မဟုတ်ဘူး နင် အမြဲတမ်းပဲ"

"ကိုကိုက ဒီလောက်ပိုက်ဆံလေးတောင် ငြိုငြင်တာလား။ မပေးချင်နေပေါ့။ မိန်းမရတာဖြင့် သုံးရက်မပြည့်သေးဘူး ကပ်စေးတိုနေပြီ။ လုပ်သမျှ မိန်းမဖို့ချည်းပေးနေတာ မဟုတ်လား။ မုန်းစရာ ကောင်းလိုက်တာ ဟွန်း"

နှင်းနုက မျက်နှာကလေးမဲ့ကာရွဲ့ကာဖြင့် ညီ့ကိုစောင်းပြောသလို ပြောသောကြောင့် ညီပင် မနေတတ်ဖြစ်သွားရသည်။ ကိုဇော်ကတော့ ဘာမှမဖြစ်သလို အခန်းထဲပြန်ဝင်သွား၏။ အငယ်မသည် ထိုမျှနဲ့တင်မပြီးသေးဘဲ အငယ်နှစ်ကောင်ကိုငေါက်ကာ ခေါင်းကို တစ်ယောက်တစ်ချက် ခေါက်သွားသေးသည်။

"အဲဒါ နင့်တို့ကြောင့်လည်းပါတယ် သိလား။ ခွေးကောင်တွေ။ ကောင်းကျိုးကိုမပေးဘူး နေရာတကာ ပါချင်ကြတာ ကဲဟယ်. . . ကဲ. . ."

အငယ်မ ခေါင်းခေါက်တာကို ခံရသည့်အခါ အငယ်ကောင်လေးက အသံမြဲနဲ့ ထအော်ငိုပြီး ဆူညံပွက်လောရိုက်သွားသည်။

"ဟဲ့. . . ဟိုကလေးတွေ ဘာဖြစ်ကြပြန်ပြီလဲဟဲ့။ စောစောစီးစီး မငိုကြနဲ့ လာဘ်ပိတ်တယ်"

အဘွားဖြစ်သူက အိမ်ရှေ့ခန်းကနေ ထမင်းစားရင်း ပလုတ်ပလောင်းသံဖြင့် လှမ်းအော်သည်။

အငယ်ကောင်လေး၏ ငိုသံက သူ့အဘွားအော်ပြောသံပင် တိုးမပေါက်။ စူးဝါးလှသော ငိုသံကြောင့် ညီသည် နားပင်ပေါက်ထွက်မတတ် ဖြစ်ရ၏။ အိမ်မှာလို ဂျစ်တူးတို့၊ သားပြည့်တို့ဆိုလျှင် တစ်ယောက်နှစ်ချက်လောက် ရိုက်မိမည် ဖြစ်သော်လည်း ယခုတော့ ထိုသို့လုပ်ဖို့ မစွမ်းသာပါ။ လေပြည်ကလေးနှင့်သာ ထမင်းကို ချော့ကျွေးဖို့ မီးဖိုဆောင်ထဲ ခေါ်လိုက်ရသည်။

ထမင်းခူးခပ်ပေးပြီး မီးဖိုဆောင်ထဲက ထွက်သည့်အခါ အစ်မဖြစ်သူ၏ အခန်းထဲက အစ်မသမီး အငယ်မလေးစုစု ငိုသံကို ထပ်မံကြားရပြန်သည်။ ညီသည် အစ်မဖြစ်သူ မရှိဘူးအထင်ဖြင့် အငယ်မလေးကို ခေါ်ရန် အခန်းထဲ ခပ်သွက်သွက် ဝင်သွားလိုက်၏။ အစ်မသည် ခုတင်ပေါ်တွင် အိပ်မောကျလို့ ကောင်းဆဲဖြစ်သည်။ အငယ်မလေးက အမေဖြစ်သူ ခြေရင်းဘေးတွင် အမေ့ကိုထဖို့ လှုပ်နှိုး၍နေ၏။ ညီ ဝင်သွားသည့်အခါ အစ်မက မျက်လုံးကလေးတစ်ချက်ဖွင့်ကာ ကြည့်ပြီး အိပ်ချင်

mgyoe.com

mgyoe.com
SAMPLE BOOK

မူးတူးအသံဖြင့် ပြောသည်။

"ဝေးဝေးခေါ် သွားစမ်းပါ ငါ အိပ်ရေးမဝသေးလို့"

ညိုက အနားသို့သွားပြီး စုစုလေးကို ပွေ့ချီကာ ချော့လိုက်သည်။ အစ်မက တော့ ကိုယ်စောင်းလှည့်ပြီး ပြန်အိပ်ပျော်သွား၏။ မနေ့ညက တစ်ညလုံး အိပ်ရေး ပျက်ထားသည့်ပုံစံပင်။ ညိုသည် စုစုလေးကိုချီပြီး အခန်းပြင်သို့ထွက်မည်အပြု အိပ်ပျော်နေသော အစ်မမျက်နှာအား ရုတ်တရက် ကြည့်မိသွား၏။ အစ်မမျက်နှာ သည် မိတ်ကပ်များလိမ်းကာ အလှပြင်ထားသည်။ နှုတ်ခမ်းနီပါးနီနှင့် အိုင်းလိုင်နာ တို့မှာ ယခုထိ မပျက်သေး။ ခုတင်ခြေရင်းတွင် စုပုံထားသော အဝတ်အစားသစ် တစ်စုံနှင့် စလင်းဘတ်အိတ်တစ်လုံးပါ တွေ့ရသောကြောင့် အစ်မ ညက အပြင်သွား ထားဟန်တူပါသည်။

အချိန်မတော်ကြီး ဘယ်ကိုများသွားပြီး ဘယ်အချိန်မှ ပြန်ရောက်လို့ ဒီလောက် အိပ်ရေးပျက်နေတာပါလိမ့်။

ညို့ခေါင်းထဲ အတွေးအများကြီး စိုးမိုးသွားရသည်။

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၅)

ကိုဇော့်အိမ်သို့ရောက်ပြီး ၅ ရက်လောက်ကြာသည့်အခါ ညိုအနည်းငယ် အသားကျသွားသည်။ အိမ်သားများနှင့် အဆင်ပြေပြေကြီး မဟုတ်သော်လည်း အလိုက်အထိုက်တော့ နေတတ်လာ၏။ သို့သော်လည်း ညို မပျော်ပါ။ ပျော်ရာမှာ မနေရ၊ တော်ရမှာနေရသည်ဆိုသည့်စကား ရှိသော်လည်း ကိုဇော့်အိမ်သည် ညို့အတွက် ပျော်ရာနေရာလည်း မဟုတ်သလို၊ တော်ရာနေရာလည်း ဟုတ်မည် မထင်ပါ။ ကိုဇော်နှင့်အတူရှိနေရသည့် အချိန်များတွင်လည်း မပျော်ရသလို၊ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည့် အချိန်များတွင်လည်း မပျော်ပါ။ စိတ်တွေက ရွာက အမေတို့အိမ်ကိုသာ ပြန်ချင်နေမိ၏။ သို့သော် ညို့မှာ ပြန်ဖို့ အခွင့်အရေးမရှိ။

ပြီးခဲ့သည့် နှစ်ရက်လောက်က အမေ ဈေးသို့လာသည့်အခါ ညိုသွား တွေ့သေးသည်။ အဖေက ညို ယောကျ်ားနောက်လိုက်ခဲ့သည့်အကြောင်းကို သိသည့်အခါ အလွန်တရာ ဒေါသထွက်နေသည်တဲ့။ အမေ့ကိုပါ စိတ်တိုပြီး ရိုက် ထားဟန်တူပါသည်။ အမေ့ မျက်လုံးထောင့်မှာ ညိုသမ်းနေသည်။ ညိုသည် အမေ့ ကိုကြည့်ပြီး သနားလွန်းသောကြောင့် ထိုနေ့ညက တစ်ညလုံး မအိပ်နိုင်ဘဲ ငိုကြွေး ခဲ့ရ၏။ ညို့ကြောင့် အမေ စိတ်သောကတွေ ခံစားနေခဲ့ရပြီ။

ထိုနေ့က အမေ ဈေးရောင်းပစ္စည်း သိပ်မပါပါ။ ညိုမရှိတော့၍ တစ် ယောက်တည်း ဈေးရောင်းဖို့ လိုက်ရှာမဝယ်နိုင်တော့သည်လား။ ညို့ကို ပိုက်ဆံပေး

mgyoe.com

ခဲ့ရ၍ အရင်းနည်းသွားသည်လား မသိပါ။ ပါလာသည့် အသီးအရွက်အနည်းငယ်ကို စိတ်မပါစွာ ထိုင်ရောင်းနေရှာသည်။ ညို ရောက်သွားသည့်အခါ ဈေးခြင်းတောင်းထဲထည့်ထားသည့် အဝတ်အစားထုပ်လေးကို ပေးရင်း ပြော၏။

"ကောင်းမယ်ထင်တာလေးတွေ ရွေးထည့်လာပေးတယ် သမီး။ နင့်အဖေ မြင်မှာစိုးလို့ ဈေးတောင်းထဲ မသိမသာ ထည့်လာရတာ"

"ရပါတယ် အမေရယ်။ အိမ်မှာရော အဆင်ပြေရဲ့လား"

"ဒီလိုပဲပေါ့အေ။ အိမ်မှာ လူတစ်ယောက်လျော့သွားတော့ တိတ်ဆိတ်ခြောက်ကပ်သလိုတော့ ရှိသွားတာပေါ့။ နင့်အဖေကတော့ ထုံးစံအတိုင်း ဒေါသပုံထပြီး ပြဿနာလုပ်နေတာ မပြီးနိုင်သေးဘူး။ ရွာထဲက လူတွေကလည်း နင့်အကြောင်းကို ပြောနေကြတယ်။ ဟိုနေ့ညနေက နင် မှောင်ရီပျိုးချိန်မှ မြို့ထဲကိုအပြေးသွားခဲ့တယ်တဲ့။ နင်က ယောကျ်ား လာခိုးတာမဟုတ်ဘဲ၊ ယောကျ်ားရှိရာလိုက်သွားတယ်ဆိုပြီး အမျိုးမျိုး ပြောနေကြတာပေါ့။ ဒါတွေက အရေးမကြီးပါဘူး။ အချိန်တန်ရင် ပြီးသွားမှာပါ။ ရွာက လူတွေအကြောင်း သမီးလည်း သိတယ်မဟုတ်လား။ တစ်ခုခုဆို နည်းနည်းက များများ လုပ်ချင်ကြသူတွေလေ။ အရေးကြီးတာက နင့်အဖေ မြန်မြန်စိတ်ပြေဖို့လိုတယ် သမီး။ အမေလည်း ပြောတော့ ပြောပြထားပါတယ် သမီးရယ်။ အရွယ်ရောက်လာရင် ဒီလိုကတော့ ကြုံရမယ်လို့ပေါ့။ ဒါပေမဲ့ နင့်အဖေက အဲဒီလို လိုက်သွားတာကို ခွင့်မလွှတ်နိုင်ဘူး ဖြစ်နေတာ။ အချိန်တွေကြာသွားရင် မကောင်းဘူး။ ရွာကလူတွေ နောက်ထပ်တစ်မျိုး ထပ်ထင်ကုန်လေ့မယ်။ နင့်အဖေကို နားဝင်အောင် ဖျောင်းဖျပြီး သမီးကို လာပြန်အပ်ခိုင်းမှရမယ်။ ဒါနဲ့ နင့်ယောက္ခမတွေက မင်္ဂလာကိစ္စတွေရော အစီအစဉ်ဆွဲနေကြပြီလား"

အမေ့စကားကြောင့် ရုတ်တရက် ညို ပြန်ပြောစရာစကား ရှာမတွေ့တော့။ မင်္ဂလာကိစ္စတဲ့လား။ ယောက္ခမရော၊ ကိုဇော်ပါ ဒီအကြောင်းကို ယောင်လို့ပင် စကားမစပ်မိကြသေး။ ကိုဇော်တို့မိသားစုအတိုင်းအတာအရ မင်္ဂလာဆောင်ပေးနိုင်သည့်အနေအထားရော ရှိပါရဲ့လား။ တွေးရင်း တစ်ကိုယ်လုံး ထူပူချောက်ချားသွား သည်။ အမေ့ကိုတော့ အဆင်ပြေအောင် ပြောလိုက်သည်။

"သူတို့စီစဉ်မှာပါ အမေရယ်။ အဖေ စိတ်ပြေတဲ့အခါကျ ပြောလေ။ သမီး သူတို့ကို ပြန်အပ်ဖို့ ပြောမှာပေါ့"

"အင်းပါ. . . အမေ ကြည့်ပြောထားမယ်။ ရက်ရွေးပြီးရင် အမေ့ ပြော

mgyoe.com

mgyoe.com SAMPLE BOOK

မယ် သိလား။ ရွာထဲမှာတော့ သမီးအဖေ လက်မခံသေးလို့ လာမအပ်နိုင်သေးဘူးလို့ သတင်းလွှင့်ထားပေးမယ်။ မင်္ဂလာတော့ တင့်တောင့်တင့်တယ် ဆောင်ခိုင်းရမယ် သမီး။ သမီးလည်း သမီးယောက်ျားကို ပြောထား။ ဒီအတိုင်း ပြီးသွားလို့ မရဘူး။ မိန်းမတစ်ယောက်မှာ မင်္ဂလာဆောင်ခွင့်က တစ်သက်မှာ တစ်ကြိမ်ပဲရတာ။ အမေ ပြောတာ နားလည်လား"

"ဟုတ် အမေ"

အမေက ပြောနေရင်း အတွင်းအင်္ကျီထဲက အိတ်ကပ်ထဲကို မရမက လှမ်းနှိုက်ပြီး တစ်ခုခုကို ဆယ်နေ၏။ ညိုသည် အမေ ပိုက်ဆံပေးတော့မည် ထင်သောကြောင့် ဒီတစ်ခါတော့ မယူဖို့ ဆုံးဖြတ်ထားသည်။ သို့သော်လည်း အမေ ယူလိုက်သည်မှာ ပိုက်ဆံမဟုတ်။ ကတ္တီပါဗူးငယ်လေး တစ်ဗူးဖြစ်သည်။ ထို့နောက် အမေသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝှေ့ကြည့်ပြီး ထိုဗူးလေးအား ညို့ကို လက်သိပ်ထိုးပေး၏။

"ရော့. . . သမီး"

"ဘာကြီးလဲ အမေရဲ့. . ."

"နားကပ်ပါအေ။ နင့်အဖေ လုပ်ထားပေးတဲ့ အမေတို့ မင်္ဂလာဦးနားကပ်။ သမီးအိမ်ထောင်ကျတဲ့အထိ အမေတို့ နားကပ်လေးတောင် မဆင်ပေးလိုက်နိုင်လို့ တွေးတွေးပြီး စိတ်မကောင်းဘူး။ ဒါလေး ယူထားလိုက်ပါ။ အမေသမီးအတွက် ပေးတယ်။ ဟိုမှာ နားဟောင်းလောင်းနဲ့ဆို ယောက္ခမတွေ အထင်သေးလိမ့်မယ်။ ရောင်းတော့ မရောင်းစားနဲ့ပေါ့ သမီးရယ်။ သမီး ပန်ထားပါ"

ညို ပါးစပ်အဟောင်းသားနှင့် အမေ့ကို ကြည့်လိုက်မိ၏။ အမေသည် ဘာမှမဖြစ်သလို ဟန်ဆောင်ရင်း ရောင်းရန်ပုံထားသော ကန်စွန်းရွက်စည်းများကို အထက်အောက်လှန်ကာ ရေဖြန်းနေ၏။ ညိုသည် တုန်ယင်သော လက်အစုံဖြင့် ဗူးကို ဖွင့်ကြည့်လိုက်သည့်အခါ အနီရောင်ကျောက်တွေနှင့် စီခြယ်ထားသည့် ခြယ်နားကပ်လေးတစ်ရံကို တွေ့လိုက်ရသည်။ ဒီနားကပ်ကို ညို သိပါသည်။ ညို တို့ငယ်ငယ်ကတည်းက အမေ ပန်နေကြ နားကပ်လေး။ သို့သော်လည်း ညိုတို့ အိမ် စီးပွားပျက်သွားကတည်းက ဒီနားကပ်လေး အမေ့ဆီမှာ မတွေ့တော့။ အမေ ရောင်းလိုက်ပြီဟု ညို ထင်ထားခဲ့သည်။ ယခု ပြန်တွေ့လိုက်ရသောကြောင့် ညို အံ့သြစွာ အမေ့ကို မေးလိုက်မိ၏။

"ဒီနားကပ်လေးက အခုထိ အမေ့ဆီမှာ ရှိနေသေးတာလား။ သမီးက

mgyoe.com

mgyoe.com
SAMPLE BOOK

ရောင်းလိုက်ပြီတောင် ထင်နေတာ"

အမေက ဟင်းရွက်များ ရေဖြန်းနေရာမှ ညို့ကိုဆတ်ခနဲ လှည့်ကြည့်ကာ ရှက်စနိုးပြုံးရင်း ပြောသည်။

"မရောင်းပါဘူးအေ။ ဒီနားကပ်ကို အမေက ဘယ်လိုအခြေနေအမျိုး ရောက်ရောက် မရောင်းဘူး။ ဒီနားကပ်က တန်ကြေးသိပ်မရှိပေမဲ့ အမေ့အတွက်တော့ တန်ဖိုးမဖြတ်နိုင်ဘူး။ ဒီနားကပ်နဲ့ သမီးအဖေက အမေ့ကို လက်ထပ်ခွင့်တောင်း ထားတာ။ ဒီနားကပ်ကိုရဖို့ သမီးအဖေမယ် နွေခေါင်ခေါင်အချိန်ကြီးကို တောထဲမှာ မီးသွေးဖုတ်ပြီး နေ့ရှည်လများ စုထားရတာ။ နင့်အဖေရဲ့ ချွေးတွေနဲ့ရင်းပြီး ဝယ်ထား တဲ့ ချွေးနှဲစာ စစ်စစ်ပါအေ။ မရောင်းရက်ပါဘူး"

အမေစကားကြောင့် ညိုသည် အမေ့ကို လေးစားသလို သနားသွား၏။ အမေ အဖေ့အပေါ်မှာထားသည့် ချစ်ခြင်းမေတ္တာကို ခုတော့ ညို သိလိုက်ရပါပြီ။ ထို့ကြောင့်ပင် နှစ်ရှည်လများ အမေသည် အဖေ့အပေါ် သည်းခံပေါင်းသင်းခဲ့ခြင်း ဖြစ်မည်ထင်၏။ အမေရဲ့ချစ်ခြင်းမေတ္တာတရားက ညို့နှလုံးသားကို ကိုင်လှုပ်လိုက် သလိုပါပဲလား အမေရယ်။ ညိုကရော အမေ့လို လင်ယောကျ်ား အပေါ်မှာ ထာဝရ ချစ်နေနိုင်ပါ့မလား။ ကိုဇော်ကို ညို ထာဝရ နားလည် ခွင့်လွှတ်ပေးနိုင်ပါ့မလား အမေရယ်။

ညိုတွေးရင်း မျက်ရည်များ ရစ်သိုင်းလာခဲ့သည်။ ထိုနားကပ်ကို ညို မယူရက်ပါ။ ထိုနားကပ်သည် အမေသာ ပန်ထိုက်သူ ဖြစ်ပါသည်။ ထို့ကြောင့် အမေ့ကို နားကပ်ဘူးလေးအား ပြန်ထိုးပေးလိုက်၏။

"ညို မယူပါဘူး အမေရယ်။ မယူရက်ပါဘူး။ အမေ ဒီလောက် တန်ဖိုး ထားရတဲ့ပစ္စည်းက သမီးနဲ့ မထိုက်တန်ပါဘူး။ အမေ ပြန်ယူသွားနော်။ အမေ ပန်ထားလိုက်။ ဒီနားကပ်လေးက အမေနဲ့ သိပ်လှတာ"

"အမေက အသက်ကြီးပြီး မလိုပါဘူး သမီးရယ်။ သမီး ယူထားပါ။ အမေ့မှာလည်း သမီးအတွက် ပေးနိုင်တာဆိုလို့ ဒါပဲရှိတယ်။ အစကတည်းက သမီးကို ပေးပန်ဖို့ စိတ်ကူးရှိပါတယ်။ မပေးဖြစ်သေးတာပဲ ရှိတယ်။ အမေကတော့ မပန်ပါ ဘူး။ သမီးပျိုလေးကို နားဟောင်းလောင်းထားပြီး အမေ မပန်ရက်ဘူးလေ။ ဒါ ကြောင့် ဖြုတ်သိမ်းထားတာ။ အခုတော့ သမီးကို အမေ အပိုင်ပေးလိုက်ပြီ။ သမီးနဲ့ ထိုက်တန်ပါတယ်လေ။ သမီး ယူထားလိုက်ပါ"

အမေက ညို့ကို အတင်းပြန်ထိုးပေး၏။ ထို့နောက် ဈေးလာဝယ်သူကို

mgyoe.com

mgyoe.com SAMPLE BOOK

ဈေးဆက်ရောင်းနေသည်။ ညိုသည် အမေဘေးတွင် ငုတ်တုတ်ထိုင်ရင်း ကတ္တီပါ ဖူးလေးကို ဆုပ်ညစ်ကာ အမေ့မျက်နှာကို ငေးကြည့်နေမိ၏။

ထိုနေ့က ညိုသည် အမေ့ကို ဈေးကူရောင်းပြီး အမေဈေးသိမ်းမှ အိမ်ပြန် ခဲ့သည်။ ညရောက်တော့ ညိုသည် အမေ့အကြောင်းများကို ပြန်စဉ်းစားရင်း တစ်ညလုံး ငိုခဲ့ရပါသေးသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၆)

အရင်က ရှုပ်ပွညစ်ပတ်နေသော အိမ်သည် ညို တဖြည်းဖြည်းသိမ်းရင်း ရှင်းရှင်းလင်းလင်း ရှိလာခဲ့သည်။ ယခုဆို ကိုဇော့်အိမ်ကို ရောက်ခဲ့သည်မှာ ၁၀ ရက်လောက်ပင် ရှိခဲ့ပြီ။ အနေကြာလာသည်နှင့်အမျှ အိမ်သားများအကြောင်းကို ညို သိလာရ၏။ ဘယ်သူမှ ညို့အပေါ် နွေးနွေးထွေးထွေး မရှိကြသော်လည်း မိသားစုဝင်တစ်ဦးလို့တော့ သတ်မှတ်လာကြပါသည်။ ကိုဇော့်အမေကတော့ ယောက္ခမပီပီပင် ညို့အပေါ် ဆက်ဆံသည်မှာ ယခုထိ တင်းစီးလွန်းဆဲ ဖြစ်သည်။ နွေးထွေးမှု မရှိသောကြောင့် ညိုလည်း ယောက္ခမမျက်စိရှေ့ ရောက်ရောက် မသွားအောင် ကြည့်ရှောင်ကာနေ၏။ အလိုက်အထိုက်ဆိုသည့် အမူအကျင့်ကို ခုတော့ ညို ကောင်းကောင်းကြီး ကျင့်သုံးတတ်နေပြီ။

ကိုဇော့်အိမ်ရောက်ပြီး ဘာများထူးခြားခြား ပြောင်းလဲလာသနည်းဟု မေးပါမူ သည်းခံတတ်သည့်စိတ် မွေးမြူတတ်လာသည်ဟုသာ ညို ဖြေချင်ပါသည်။ နေ့ရက်တိုင်းကို ညိုသည် သည်းခံခြင်းတရားနှင့်သာ ကျော်ဖြတ်နေရသည် မဟုတ်ပါလား။ ညို့အတွက်ဆို ဘာမှအလေးမထားသော ကိုဇော့်ကိုလည်း သည်းခံရသည်။ ညို့အပေါ်ကို အိမ်အကူထမင်းချက်တစ်ယောက်လို မြင်သည့် အစ်မ၏ ကလေးသုံးယောက်ကိုလည်း ညို သည်းခံရသည်။ ညို့ကို ရှိသည်လို့ပင် မသတ်မှတ်ကြသည့် အစ်မနှင့် ညီမလေး နှင်းနုကိုလည်း သည်းခံရသည်။ ယောက္ခမ

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုပါမူ ပြောဖွယ်ရာပင် မရှိပါ။

အိမ်၏မီးဖိုဆောင်နှင့် အိမ်သန့်ရှင်းရေးအလုပ်သည် အလိုလို ညီ့တာဝန် ဖြစ်သွားသည်။ အစ်မနှင့် အငယ်မလေးသည် ယောင်လို့တောင် ထမင်းဟင်းချက်ဖို့ စိတ်ကူးမရှိကြပါ။ ထမင်းစားချိန်တွင်သာ မီးဖိုဆောင်ထဲ လာပြီး အိုးလှန်ခွက်လှန် လုပ်တတ်သည်။

ကိုဇော့်မိသားစုက ညီ့တို့မိသားစုလိုပင် အထည်ကြီးပျက်များ ဖြစ်ကြသည်။ အရင်က ကိုဇော်၏အဖေသည် မူဆယ် တရုတ်နယ်စပ်ဘက်သို့ ကူးလူးသွားလာပြီး ကုန်ကူးသည့်အလုပ် လုပ်သည်။ ထိုအချိန်က ကိုဇော်တို့ မိသားစုသည် ငွေကို ရေလို သုံးနိုင်ခဲ့ကြ၏။ ကိုဇော်အမေနှင့် အစ်မဆိုပါမူ မင်းသမီးတွေလို ကြွကြွရွရွနေပြီး အိမ်ဖော်များပင် ခေါ်ခိုင်းခဲ့ကြသည်။ ထိုစဉ်က ကိုဇော်တို့အိမ်သည် ယခုအိမ်မဟုတ်။ မြို့အဝင်ရပ်ကွက်က တစ်ထပ်တိုက် အိမ်အကောင်းစား ဖြစ်ကြောင်း ကိုဇော် ပြောပြ၍ သိရသည်။ ကိုဇော့်အဖေသည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ထောင်ကျသွားသည့်အခါ အဖေ၏အမှု သက်သာရန်အတွက် လိုက်ရင်းက ရှိသမျှစည်းစိမ်တို့ တဖြည်းဖြည်းကုန်သွားခဲ့ပြီး ယခုလိုအခြေအနေဖြစ်ခဲ့သည်။ ထို့ပြင် ကိုဇော့်အဖေသည်လည်း လွန်ခဲ့သည့်တစ်နှစ်ကျော်လောက်က ထောင်ထဲတွင် ဆုံးပါးသွား၏။

အရင်က ရွှေထီးဆောင်းခဲ့သော ကိုဇော့်အမေသည် ယနေ့တိုင် မာန်မလျှော့ဘဲ နေနေခြင်းသာ ဖြစ်သည်။ လက်ရှိတွင်တော့ ဘာမှမရှိပါ။ ကိုဇော့်ကွမ်းယာဆိုင်က ဝင်ငွေသည်လည်း ပြောပလောက်အောင် စားမလောက်။ ကိုဇော်ကိုယ်တိုင်က ရေပေါ်ဆီလူမျိုးဖြစ်ကြောင်း ညီ တဖြည်းဖြည်း သိလာရသည်။ ပင်ပင်ပန်းပန်းဆို ဘာမှမလုပ်ချင်။ သူ့ကိုယ်သူ ယောက်ျားမဟုတ်သလို အလုပ်ကြမ်း မလုပ်နိုင်ဟု ညာသည်။ တစ်သက်နှင့် တစ်ကိုယ် ချွေးပင် ထွက်ဖူးပါရဲ့လား ညီ မေးလိုက်ချင်၏။ ထိုယောက်ျားမျိုးကို ညီဘယ်လိုပင် တစ်သက်လုံး အားကိုးရလေမလဲ။ တွေးကြည့်ရင် ညီ ရင်မောလှပါသည်။

ကိုဇော့်အမေက ခန္ဓာကိုယ်ဝဝ၊ ဖြူဖြူတုတ်တုတ်ဖြင့် ဥပမိရုပ် ကောင်းသည်။ အသက် ၆၀ လောက်ရှိပြီဖြစ်သော်လည်း အရွယ်တင်သည်။ သူ့ကိုယ်သူ အထက်တန်းဆန်စွာနေပြီး အိမ်သားများအပေါ် ဩဇာညောင်းသည်။ အရင်ချမ်းသာစွာနေခဲ့ရသည့်မာန်ကို နည်းနည်းမှ မလျှော့ပါ။ ဤနေရာမှာတော့ ညီ့တို့မိဘနှင့်ကွာ၏။ အမေနှင့် အဖေသည် ကိုဇော်တို့အမေလို အထည်ကြီးပျက်များဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

သော်လည်း ပုံစံကတော့ မတူကြပါ။ အမေနှင့် အဖေက စီးပွားပျက်သွားသည့်အခါ စိတ်ဓာတ်တွေကျပြီး တစ်ဦးနှင့်တစ်ဦး ပြဿနာဖြစ်ကြသည်မှာ မှန်၏။ သို့သော် ချမ်းသာစဉ်တုန်းကလို ပုံစံမျိုးမနေကြပါ။ ပိုက်ဆံကို ခြွေတာသုံးပြီး အရင်က သူဌေးတစ်ဦးလို မစုမဆောင်းဘဲ နေခဲ့မိခြင်းအတွက်ကိုပါ နောင်တရနေတတ်သူများဖြစ်သည်။ ကိုဇော်အမေကတော့ ထိုသို့မဟုတ်။ ယခုထိ အရင်က ရွှေထီးဆောင်းစဉ်တုန်းကလို ကိုယ့်ဘဝကို မေ့ပြီး နေနေသေးသည်။

ကိုဇော်အစ်မသည်လည်း ထိုအတိုင်းပင်။ ပိုက်ဆံကို ရေလို သုံးနိုင်ခဲ့သူ ပီပီ ယခုထိ လူအများနှင့်ဆက်ဆံရာတွင် တင်စီးပြီး အသုံးအဖြုန်း ကြီးနေဆဲဖြစ်၏။ ကိုဇော့်အစ်မအပျိုတုန်းက ယောကျ်ားလေးများသည် သုံးနိုင်ဖြုန်းနိုင်သော အစ်မကို ချဉ်းကပ်ခဲ့ကြ၏။ နောက်ဆုံး အိမ်ထောင်ကျပြီး အမေတို့စီးပွားရေး ကျသွားသည့်အခါမှ အစ်မအား စွန့်ခွာသွားခဲ့သည် ထင်ပါသည်။ ကလေးသုံးယောက်နှင့် အိမ်မှာပြန်ရောက်နေပြီး အမျိုးသားက ခရီးထွက်သွားသလိုလို၊ ဆုံးသွားသလိုလို အတိအကျ သတင်းမလွှင့်ထားပါ။

ယခုချိန်ထိတော့ အစ်မ ဘာအလုပ်လုပ်သည်ဆိုတာကို ညို သေသေချာချာ မသိ။ ကိုဇော့်ကို မေးကြည့်တော့လည်း စကားလွှဲသွားတတ်သည်။ ထို့ကြောင့် ညိုလည်း ထပ်မံ မစပ်စုတော့ပါ။ ဒီမိသားစုမျိုးတွင် နေရာတကာ ဘာသိဘာသာနေသည်က ပို၍အဆင်ပြေမည်ဟု ညို ထင်ပါသည်။ အစ်မသည် တစ်ခါတလေ တစ်နေကုန် အိမ်တွင်ရှိနေတတ်ပြီး ညဘက်တွင် ပျောက်သွားတတ်သည်။ တစ်ခါတလေလည်း မနက်လင်းကတည်းက အိမ်မှာမတွေ့ရ။ ရှိသည့်အခါမျိုးတွင်လည်း အခန်းထဲတွင် အိပ်နေသည့်အချိန်က ပိုများသည်။ ညို့ကိုတော့ ရှိသည်လို့ပင် မသတ်မှတ်။ ကောင်းလည်း မပြောသလို၊ ဆိုးလည်း မပြောပါ။

မငယ်မလေး နှင်းနုကတော့ သူ့အမေဖြစ်သူ၏ ပုံစံအတိုင်း တစ်ထေရာတည်း လိုက်သည်။ ကိုးတန်းနှင့် ကျောင်းထွက်ပြီး အပျိုလုပ်နေသည်။ အချိန်ပြည့် ခြေသည်း၊ လက်သည်းဆိုး၊ အလှပြင်သည်။ မဟုတ်ပါက ဝတ္ထုတစ်အုပ်ဖတ်ပြီး နှပ်နေတတ်သည်။ တံမြက်စည်းတစ်ချက်ခပ်သည်ပင် ညို မတွေ့ဖူးပါ။ အမေဖြစ်သူကလည်း သမီးကို ဆုံးမရကောင်းမှန်းမသိ။ ညို့ကိုသာ ထောင့်စေ့နေအောင် ခိုင်းတတ်သလောက် သမီးဖြစ်သူကို လွှတ်ထားသည်။ နှင်းနုသည် တစ်ခါတလေ သူ့ဉာဏ်လေးဖြင့် ညို့အပေါ် လူလည်ကျချင်သေးသည်။

"အစ်မညိုရေ။ နှင်းနု အဝတ်လေးပါ လျှော်ပေးပါဦး။ ရေချိုးတုန်းက

mgyoe.com

mgyoe.com SAMPLE BOOK

လျှော်မလို့ဆို မေ့သွားလို့၊ လမ်းကြုံရင် လမ်းထိပ်က ခေါင်းလျှော်ရေထုပ်လေး ဝယ်ခဲ့ပေးပါလား။ ဟင်းချက်လက်စနဲ့ နှင်းနုအတွက် ကြက်ဥတစ်လုံးလောက် ကြော်ပေးပါလား"

စသဖြင့် မရိုးနိုင်သောခေါင်းစဉ်အမျိုးမျိုးဖြင့် လှည့်ပတ်ခိုင်းတတ်သေးသည်။ ညီကတော့ အပန်းကြီးသည့်အရာများ မဟုတ်သည်မို့ မငြိုမငြင် လုပ်ပေးလိုက်သည်။ တစ်ခါတလေတော့လည်း ကိုယ့်အဖြစ်ကိုယ်တွေးမိပြီး စိတ်နာလှ၏။

ကိုဇော်ကလည်း အတူတူပင်။ ညီ ဘယ်လောက်ပင် အိမ်အလုပ်တွေ ပင်ပန်းနေပါစေ၊ လုပ်ကူမယ် မပြောသလို မလုပ်နဲ့ဟုလည်း မတားတတ်ပါ။ အရင်က ခုတင်ခြေရင်းတွင် ဝတ်ပြီးအဝတ်များ ပုံထားတတ်သောသူသည် တစ်ခါတလေ ညီ သူ့အဝတ်လျှော်ဖို့ တစ်ထည်တလေ ကျန်ခဲ့ပါက အပြစ်ပြောချင်သေးသည်။ တစ်မိသားစုလုံးစားဖို့ ချက်ရသည့်အပြင် အငယ်ဆုံးမလေး စုစု ဂျီတိုက်တာကိုပင် ခဏခဏ ချော့မြူရသေးသည်။ သုံးနှစ်ကျော်ကျော်သာ ရှိသေးသော စုစုသည် အမေ၏ ဂရုစိုက်မှု မခံရသောကြောင့် လက်သာသည့် ညီ့ထံတွင်သာ အမြဲလိုလို မှီကပ်နေတတ်သည်။

တစ်ခါတလေ ညီသည် ကိုယ့်ကိုယ်ကိုယ်ပင် အိမ်ဖော်မများ ဖြစ်နေပြီလားဟု အတွေးဝင်လာမိလေသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၇)

ညသည် တိတ်ဆိတ်နေ၏။

ညိုသည် အိပ်နေရင်း ဗိုက်ထဲက ထိုးထိုးပြီး အောင့်လာသောကြောင့် နိုးလာသည်။ ညနေက ဘာများအစားမှားသလဲဟု စဉ်းစားကြည့်သည့်အခါ ဘာမှ အထူးတလည် မစားထားပါ။ ထုံးစံအတိုင်း လေအောင့်တာဖြစ်မည် ထင်၏။ အိမ်မှာဆို လေ့အောင့်တတ်သော ညို့ကို အမေက လေဆေးအမြဲ ဝယ်ထားပေးတတ်သည်။ ခုတလော ဗိုက်မအောင့်လာတော့သည်နှင့် ညိုလည်း ဆေးဆောင်ထားဖို့ သတိမရတော့။

ကိုဇော့်အိမ်မှာများ လေဆေးရှိလေမလားဆိုသည့် အတွေးနဲ့ ဆေးရှာကြည့်ခိုင်းဖို့ ကိုဇော့်ကို နိုးရသည်။ ကိုဇော်ကတော့ ညို့ဘေးမှာ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲဖြစ်၏။

"ကိုဇော်. . . ကိုဇော်. . .။ ထပါဦး ညို ဗိုက်အောင့်နေလို့။ ကိုဇော် ထဦးလို့"

ညို အတင်းလှုပ်နိုးသည့်အခါ ကိုဇော်နိုးလာပြီး အိပ်ချင်မူးတူးအသံဖြင့် ပြောသည်။

"ဘာလဲကွာ"

"ညို ဗိုက်တွေအောင့်နေလို့ ကိုဇော်ရယ်. . .။ အမေ့ဆီမှာ လေဆေးများ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိလား မေးပေးကြည့်ပါလား။ လုပ်ပါ ညို ဗိုက်အရမ်းအောင့်နေလို့. . . ”

“ကိုယ့်ဘာသာ သွားမေးလေကွာ. . . ဘာလို့ အိပ်ပျော်နေတဲ့သူကို လာနှိုးနေရတာလဲ”

“ညို အမေ့ကို မနိုးရဲလို့ပေါ့ ကိုဇော် သွားနိုးပေးပါနော်။ အား. . ကျွတ် ကျွတ်. . .။ ဗိုက်က ထိုးထိုးပြီးတော့ကို အောင့်နေတာပဲ။ သွားပါ ကိုဇော်ရယ် နော်။ ဒါမျိုးက ညို ဖြစ်နေကြ။ လေဆေးသောက်ရင် သက်သာတယ်”

“ဟာ. . . အိပ်ချင်ပါတယ်ဆို မသိဘူးကွာ။ ကိုယ့်ဘာသာသွားရှာ”

ကိုဇော်က ပြောပြောဆိုဆို ကိုယ်စောင်းလှည့်ကာ ပြန်အိပ်သွား၏။ ညို ယခုလောက်ထိ ဝေဒနာခံစားနေရသည်ကို အဖက်မလုပ်သည့် ကိုဇော့်ကို အလွန် တရာ စိတ်တိုသွားပြီး ဝမ်းနည်းလာသည်။ ကိုဇော်သည် ညို့ကို ချစ်၍ လက်ထပ် ခဲ့တာရော ဟုတ်ပါ့မလား တွေးမိလာခဲ့သည်။ လင်သည်ယောကျ်ားကို ယခုလို နေရာမျိုးမှာတောင် အားမကိုးရလျှင် ဘယ်လိုနေရာမှာ ညိုက သွားပြီး အားကိုး ရမည်နည်း။ အိမ်ထောင်ပြုတယ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် မှီတွယ်ချင် လို့၊ အားကိုးချင်လို့၊ ဆေးပေးမီးယူ ရှိစေချင်လို့ဆိုတာကို ကိုဇော် မသိတာများ လား ကိုဇော်ရယ်။

ညိုသည် တစ်ယောက်တည်း ဝမ်းနည်းစွာ တွေးတောရင်း ဆက်အိပ် မနေနိုင်တော့သည့် နောက်ဆုံးတွင် အိမ်ရှေ့ခန်းကို ဆေးရှာရန်သွားဖို့ ပြင်ရပါ တော့သည်။

အိမ်ရှေ့တီဗွီစင်ဘေးတွင် ဆေးခြင်းထားထားသည်ကို ညို တွေ့ဖူး၏။ သို့သော်လည်း ယောက္ခမဖြစ်သူ၏ခေါင်းရင်းသို့ သွားရမည်ဖြစ်သောကြောင့် ညို သိပ်တော့ မရဲပါ။ မတတ်နိုင်ပြီ။ ဗိုက်အောင့်တာကို ညို မခံစားနိုင်တော့။ ဗိုက်က လေးကို ဖိနှိပ်ကာ ခုတင်ပေါ်မှ ဖြည်းဖြည်းဆင်းခဲ့သည်။

ခန်းစည်းလေးကို အသာလှပ်၍ ထွက်လိုက်သည့်အခါ အစ်မဖြစ်သူ အခန်းဝတွင် လူတစ်ဦး လှုပ်ရှားသံကို ကြားလိုက်ရသောကြောင့် ညို အခန်းရှေ့ တွင် ခဏရပ်နေလိုက်သည်။ ရပ်နေရင်း ထုံအီမွှေးကြိုင်သော ရေမွှေးနံ့တစ်ခုသည် ညို့နှာခေါင်းထဲသို့ ဝင်ရောက်လာ၏။ ညိုသည် ခြေလှမ်းတို့ ဆက်မလှမ်းသေးဘဲ ဗိုက်ကလေးကို လက်နှင့်ဖိနှိပ်လျက်ပင် နေရာမှာ ခြေစုံရပ်ပြီး အစ်မအခန်းဘက်သို့ စူးစိုက်ကြည့်လိုက်သည်။ အိမ်ထဲတွင် ဘုရားစင်မှလာသည့် ရောင်စုံမီးရောင်များ ကြောင့် မှိန်ပျပျလေး လင်းလို့နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သိပ်ပင်မကြာလိုက်။ အစ်မဖြစ်သူသည် အခန်းထဲက ခပ်သွက်သွက် ထွက်လာသည်။ ရေမွှေးနံ့သည် အစ်မဆီမှ လာခြင်းဖြစ်ကြောင်း ညို သိသွား၏။ အစ်မသည် လွယ်နေကြ စလင်းဘတ်အိတ်လေးကို ဘေးစောင်းလွယ်ကာ အိမ်ထဲမှ ခပ်သွက်သွက် ထွက်သွားခဲ့သည်။ အိတ်လွယ်ကြိုးမှ စတီးကွင်းတို့၏ ပွတ်တိုက်သံ တချွင်ချွင်သည် အိမ်ထဲတွင် ပျံ့လွင့်သွား၏။ ညိုသည် အစ်မ ယခုလိုအချိန်ကြီး ဘယ်ကိုသွားတာပါလိမ့်ဟု အတွေးဝင်သွားပြီး သိချင်စိတ်ကြောင့် မိုက်အောင့်နေသည်ကိုပင် မေ့သွားသည်။ ထို့ကြောင့် အိမ်တံခါးမပေါက်ထိ ခြေကို ခပ်ဖွဖွ လျှောက်ကာ လိုက်ချောင်းကြည့်မိသွား၏။ အစ်မသည် အိမ်ရှေ့တွင် အရံသင့်ရပ်ထားသည့် အဖြူရောင်ကားတစ်စင်းပေါ် တက်သွားပြီး ကားနှင့်လိုက်ပါသွားခဲ့သည်။ ညိုသည် နားမလည်နိုင်မှုများစွာဖြင့် ပါးစပ်အဟောင်းသား ကျန်ရစ်ခဲ့ရ၏။

ဘုရားစင်ဘေးက တိုင်ကပ်နာရီကို စူးစိုက်ကြည့်လိုက်သည့်အခါ ဝါ၊ စိမ်း၊ နီ၊ ပြာ အရောင်ပြောင်းနေသော တန်းဆက်မီးရောင်မှိန်ပျပျအောက်တွင် နာရီသည် ည ၁ နာရီ ၁၅ မိနစ်သို့ ညွှန်ပြ၍နေလေသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၈)

ကိုဇော်ထံမှ ကြားလိုက်ရသည့် မထင်မှတ်ထားသော စကားကြောင့် ညို အံ့အားသင့်သွားသည်။ ကိုဇော်သည် ခုတင်ပေါ်တွင် ညိုနှင့် မျက်နှာချင်းဆိုင် ထိုင်နေရာမှ မျက်နှာကို တစ်ဖက်သို့ လွဲထား၏။ ဘာကိုမှ ဂရုမစိုက်သလို ခပ်တည်တည်မျက်နှာပေးဖြင့် ဖြစ်သည်။ ဖြစ်နိုင်မည်ဆိုပါက ညိုသည် ကိုဇော့်မျက်နှာကို အားပါးတရ ထုရိုက်ကုတ်ခြစ်ပစ်လိုက်ချင်သည်။ သို့သော် ဒေါသကို ရှေ့တန်းတင်၍ မရသေးသောကြောင့် မြိုသိပ်၍သာ ပြောလိုက်ရ၏။

"ညို့ကို အမေတို့ဆီ ပြန်မအပ်ချင်လို့ရမလား ကိုဇော်ရဲ့။ လူကြီးစုံရာနဲ့ ပြန်အပ်ပြီး မင်္ဂလာကိစ္စလည်း ကိုဇော်တို့ဘက်က စီစဉ်စရာရှိတာ စီစဉ်ရဦးမှာလေ။ ဘာလဲ. . . ကိုဇော်က ဒီအတိုင်းပြန်မအပ်တော့ဘဲနေမလို့ စိတ်ကူးထားတာလား။ သူများသားသမီးကိုယူပြီး ဒီအတိုင်းထားလို့ မရဘူးလေ ကိုဇော်။ ဒီလိုဆို ညိုကရော ဘယ်လိုအတန်းအစားထဲရောက်သွားမလဲ ကိုဇော် စဉ်းစားလေ။ ညိုတို့က ရပ်နဲ့ရွာနဲ့ အသိုက်အဝန်းနဲ့နေတာ။ ပြန်မအပ်လို့ မရဘူး။ ပြန်အပ်ကို အပ်ရမယ်။ ကိုဇော့်မှာ တာဝန်ရှိတယ်"

"ငါက ဘယ်ကပိုက်ဆံနဲ့ သွားအပ်ရမှာလဲ။ မင်းကိုပြန်အပ်ဖို့ ငါ့မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး။ ဒီအတိုင်းသွားလို့ရရင်တော့ အခုသွားအပ်ဆိုလည်း အပ်ပေးလို့ရတယ်"

mgyoe.com

SAMPLE BOOK

"ကိုဇော်ရယ်။ ဒါက ကိုဇော်တို့ဘက်က စီစဉ်ပေးရမှာလေ။ ပိုက်ဆံ မရှိရင် ရှိတဲ့နေရာက ရှာရမှာပေါ့။ ကိုဇော်တင် မဟုတ်ဘူး ဒီကိစ္စက ကိုဇော့်အမေတို့ အစ်မတို့မှာလည်း တာဝန်ရှိတယ်။ ညို ကိုဇော့်အိမ်ကို လိုက်လာတဲ့အချိန်ကတည်းက ကိုဇော် ဒါတွေကို ခေါင်းထဲထည့်ထားရမှာ။ စီစဉ်စရာရှိတာ စီစဉ်ရမှာ။ လူ့အသိုက်အဝန်းမှာနေနေတာ ကိုဇော်က ဒါလေးတောင် မသိဘူးလား။ မသိချင်ယောင်ဆောင်နေတာလား။ အစက အဖေ စိတ်ဆိုးပြီး လက်မခံသေးလို့ ညို ဘာမှ မပြောတာ။ အခု ရွာကလူတွေလည်း လာမအပ်လို့ ညို့ကို ရစရာမရှိအောင် ပြောနေကြပြီ။ အဖေလည်း လာအပ်ဖို့ လက်ခံလိုက်ပြီ။ ကိုဇော် အခု ညို့ကို ပြန်အပ်ဖို့ စီစဉ်တော့။ အခုက မင်္ဂလာဆောင်တာ မဟုတ်သေးဘူး။ လာအပ်ရုံ အပ်ခိုင်းသေးတာ။ ကျန်တာတော့ အမေတို့လည်း နားလည်မှာပါ။ မင်္ဂလာကိစ္စလည်း အကျဉ်းရုံးလောက်နဲ့ အမေတို့ လက်ခံအောင် ညို ပြောပေးလို့ရပါတယ်"

ကိုဇော်သည် အားတက်သရောပြောနေသည့် ညို့ကို စုပ်သပ်ကာ ကြည့်ရင်း လက်ညှိုးထိုး၍ ပြောသည်။

"အလကား မင်းတို့က ပုံကြီးချဲ့နေတာ။ ပြန်အပ်တော့ရော မင်းက ဘယ်လောက် ဂုဏ်တက်သွားမှာမလို့လဲ။ အပျိုပြန်ဖြစ်သွားမှာမို့လား။ မင်းမိဘအသိုက်အဝန်းတွေကရော ဘယ်လောက် ဂုဏ်ရှိနေလို့လဲ။ ငါ့မှာ မင်းကို သွားအပ်ဖို့ ငွေတစ်ကျပ်မှ မရှိဘူး။ မင်းမှာရှိရင်တော့ သွားလိုက်။ ငါ လိုက်ခဲ့ပေးမယ်"

"ညို့မှာလည်း မရှိလို့ပေါ့ ကိုဇော်ရယ်။ ညို့မှာရှိရင် ညို ဒီလောက်ထိ ပြောမနေပါဘူး။ လင်ရယ်မယားရယ်ဖြစ်လာရင် ညို့မှာရှိတာလည်း ကိုဇော့်မှာရှိတာနဲ့ တူတူပါပဲ။ အခုက ညို့မှာ ဘယ်မှာ ဝင်ငွေရှိလို့လဲ။ ညိုတို့မိသားစုလည်း အမေ့ဈေးရောင်းတာလေးနဲ့ စားနေရတာ ကိုဇော့်အသိပဲ"

"ဒါဆို မင်းနားမှာပန်ထားတဲ့ နားကပ် ချွတ်ရောင်းလိုက်လေ"

အို. . .။ မထင်မှတ်ထားသောစကားကို ညို ကြားလိုက်ရသောကြောင့် ကိုဇော့်ကို အံ့ဩသလို အထင်လည်းသေးသွားသည်။ ဘယ်အချိန်ကတည်းက ဒီနားကပ်ကို ကိုဇော် ကြည့်နေခဲ့တာလဲ။ မိန်းမဆီက နားကပ်ကို ချွတ်ရောင်းခိုင်းရဲလောက်အောင် ကိုဇော့်စိတ်ဓာတ် ယခုလောက်ထိ အောက်တန်းကျလိမ့်မယ်လို့ ညို မထင် ထားပါ။ ဒါ အမေပေးထားတဲ့ နားကပ်လေး။ အမေ မြတ်နိုးတန်ဖိုးထားတဲ့ နားကပ် လေးကို ရောင်းပစ်ရမယ်တဲ့လား။ ညို ထိုသို့ လုံးဝမလုပ်နိုင်ပါ။ ကိုဇော့်ကို တော်တော်လေး အထင်သေးသွားသော်လည်း ဘာမှမဖြစ်သလို ဟန်ဆောင်ရင်း

ညို စကားလုံးလှလှသုံးကာ ငြင်းလိုက်ရသည်။

"ဒီနားကပ်က အမေဆင်ထားတဲ့ နားကပ်လေး။ ဘယ်လိုလုပ်ထိလို့ ရမှာလဲ ကိုဇော်ရဲ့။ ရှာက လူနည်းနည်းကို လက်ဖက်ရည်နဲ့မုန့် ဧည့်ခံရုံပါပဲ ကိုဇော်ရယ်။ အများကြီး မကုန်ပါဘူး။ ဒီလိုပဲ တခြားနည်းလမ်း စဉ်းစားကြရအောင်လားနော်"

"အေး. . .။ ငါ ဖြစ်နိုင်တဲ့နည်းလမ်းကို ပြောတော့ မင်း လက်မခံဘူး။ အဲတော့. . . မင်းဘာသာ စဉ်းစား။ ငါ့မှာတော့ ဘာနည်းလမ်းမှ ရှိလာမှာ မဟုတ်ဘူး။ မင်းမှာရှိရင် သွားမယ်ဆိုပြော ငါ လိုက်ခဲ့ပေးမယ်"

ပေါ့ပျက်လွန်းသော စကားကြောင့် ညိုဒေါသထွက်သွားသည်။

"ဘယ်လိုတာဝန်မဲ့တဲ့စကားတွေ ပြောလိုက်တာလဲ ကိုဇော်။ ကိုဇော် ယောကျ်ား မဟုတ်ဘူးလား။ ကိုဇော့်မှာ ဒီလောက်လေးတောင် အဖြစ်မရှိရင် ညို က ဘယ်လိုလုပ်ပြီး တစ်ဘဝလုံး အားကိုးမလဲ။ ညို့ကို ဘာဖြစ်လို့ ဒီလောက်တောင် တန်ဖိုးမထားရတာလဲ။ ညိုဟာ တန်ဖိုးမဲ့နေတဲ့ မိန်းမပျက် မဟုတ်ဘူး။ ကိုဇော်သာ ယောကျ်ားတစ်ယောက်ရဲ့တန်ဖိုးကို ထိန်းသိမ်းပြီး အပြောအဆို ဆင်ခြင်သင့်တယ်"

"မင်းကရော ဘယ်လောက်တောင် တန်ဖိုးရှိနေလို့လဲ။ အခုမှ သောက်ကြီး သောက်ကျယ်စကားတွေနဲ့ ငါ့ကို လာမပြောနဲ့။ ငါ မင်းကို လက်ထပ်ဖို့ခေါ် ခဲ့တာ မဟုတ်ဘူး။ မင်းဘာသာအတင်း လက်ထပ်ပါဆိုပြီး ငါ့ကို အကြပ်ကိုင်ခဲ့တာ။ ငါနဲ့ လက်ထပ်တုန်းက အပျိုစစ်ပါတယ်လို့ မင်းကိုယ်မင်းရော အာမခံရဲလား"

"ကိုဇော်. . ."

ညို့အသံ အတော်လေး ကျယ်သွား၏။ ဂုဏ်သိက္ခာကို ထိပါးလာသောကြောင့် ညိုတစ်ကိုယ်လုံး ထူပူသွားသည်။ အသားများ တဆတ်ဆတ်တုန်ကာ ဒေါသစိတ်တို့ ထိန်းမချုပ်နိုင်တော့ဘဲ ကိုဇော့်ပါးကို လွှဲရိုက်လိုက်မိတော့၏။ ရုတ်တရက် အရိုက်ခံလိုက်ရသောကြောင့် ကိုဇော်သည် ဒေါသဖြစ်ကာ ညို့လည်ပင်းကို လှမ်းညှစ်လိုက်သည်။

"မင်း ဘာလုပ်တာလဲ။ တော်တော် ဂျိုကြွနေတာလား"

ကိုဇော်သည် ညို့လည်ပင်းကို တင်းကျပ်စွာ ဆုပ်ညှစ်ရင်း ညို့ကို တွန်းလှဲ့လိုက်ပါသည်။ ညိုသည် အသက်ရှူများကျပ်ကာ မျက်လုံးများပင် ပြာဝေလာ၏။ ရှိသမျှအားဖြင့် ကိုဇော့်လက်ကိုတွန်းဖယ်ရန် ကြိုးစားသည်။ ကိုဇော့်လက်က ညို့

mgyoe.com

mgyee.com

လည်ပင်းကို နည်းနည်းမှပင် မလွှတ်ပေးပါ။ ထို့နောက် ဆံနည်းပေါင်းစုံဖြင့် ဆဲဆိုရင်း ကျန်လက်တစ်ဖက်ဖြင့် ညို့ပါးကို ရိုက်ရန် ရွယ်လိုက်သည့်အခိုက် အခန်းထဲသို့ အစ်မနှင့် ယောက္ခမဖြစ်သူတို့ ပြေးဝင်လာပြီး အစ်မက ကိုဇော့်လက်ကို ဆွဲလိုက်သည်။ ထိုအခါမှ ကိုဇော့်လက်သည် ညို့လည်ပင်းက လွှတ်သွား၏။ ညိုသည် ယခုမှ သေမင်းတံခါးဝက လွတ်မြောက်လာသူ တစ်ယောက်လို မောပန်းနွမ်းနယ်ကာ မျက်ရည်တို့ တသွင်သွင်စီးကျလာတော့သည်။ ရင်ထဲတွင်နာကျင်လွန်းသောကြောင့် ရှိုက်သံပင် မထွက်နိုင်တော့ပါ။ ကိုဇော့်ကိုလည်း အလွန်တရာကြောက်လန့်သွားမိခဲ့ပါသည်။

ယောက္ခမက ထုံးစံတိုင်း ငြူစူပြောဆိုသည်။

"အဲဒါပဲ. . . ငါ ဒီလိုဒုက္ခတွေကို မခံစားချင်တာ။ ငါ့အိမ်မှာလာနေပြီး ငါ့ကို သောကတွေ လာမပေးကြနဲ့။ နင်တို့ သတ်ချင်ရင် ကိုယ်အိမ်နဲ့ကိုယ်နေပြီး သေအောင်သတ်ကြ။ ငါအိမ်မှာ မသာလာမပေါ်နဲ့။ ပြဿနာဖြစ်မယ်ဆို ဆင်းသွား။ ငါ့အိမ်မှာ လာမနေကြနဲ့။ သောက်ကောင်းကျိုးမပေးတဲ့ဟာတွေ"

ယောက္ခမက မျိုးစုံပြောဆိုကာ အခန်းထဲက ပြန်ထွက်သွား၏။ အပြင်ရောက်သည်အထိ ဆဲဆိုသွားဆဲပင်။ အစ်မက ကိုဇော့်ကို စိတ်လျှော့ဖို့ပြောဆိုနေရင်းက ကိုဇော်သည် ခုတင်ခြေရင်းတွင် မီးပူတိုက်ကာ သေချာခေါက်ထားသော အဝတ်ပုံကို ဆွဲယူပြီး နံရံကို ပစ်ပေါက်ကာ ဒေါသတကြီးဖြင့် အခန်းထဲက ထွက်သွားခဲ့သည်။ အစ်မသည်လည်း စိတ်ပျက်သလို စုပ်သပ်ကာ အခန်းထဲက ပြန်ထွက်သွား၏။

ညိုသည် ခုတင်ခြေရင်းတွင် ငုတ်တုတ်ထိုင်ချရင်း အားပါးတရ ကြိတ်ငို၍ ကျန်ရစ်ခဲ့ရသည်။ စူးနင့်နာကျင်လှသော ရင်ဘတ်ကို လက်နှင့်အသာထုရင်း တစ်သက်လုံးစာအတွက် လူရွေးမှားခဲ့ပြီဆိုတာ ညို သိလိုက်ရလေသည်။

❑

မနက်လင်းသည်အထိ ကိုဇော် အခန်းထဲကို ဝင်မလာပါ။ ညိုသည် ထမင်းဟင်းလည်း ထချက်ချင်စိတ်မရှိသည်နှင့် အခန်းထဲတွင် ပေအိပ်နေလိုက်၏။ အပြင်မှာတော့ ထုံးစံအတိုင်း ကလေးများ၏အသံများက ဆူညံပွက်လောရိုက်နေသည်။ ခဏကြာသည့်အခါ ဘာမှမသိသည် အစ်မ၏သမီး စုစုလေးက မပီကလာပီကလာနဲ့ ညို့ကိုအော်ခေါ်ရင်း အခန်းထဲသို့ ရောက်လာသည်။ ခုတင်ပေါ်သို့ ကုပ်တက်ကာ အိပ်နေသော ညို့ကို လာလှုပ်နှိုး၏။

mgyee.com